# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဇန်နဝါရီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် တပေါင်းလဆန်း ၆ ရက်၊ သောကြာနေ့။ Friday, 3 March 2017 (၈၈၅၄)


**လောကစမ္မတာစံကြရာ**

အချို့သောသူတို့သည် ဤလူ့ပြည်တွင် အမိဝမ်းတွင်း ပဋိသန္ဓေနေရကုန်၏။ မကောင်းမှုပြုသူတို့သည် ငရဲတွင် ကျရကုန်၏။ ကောင်းသောပညာရှိတို့သည် နတ်ပြည်သို့ရောက်ရကုန်၏။ အာသဝေါကင်းသော ရဟန္တာ ပုဂ္ဂိုလ်တို့သည် ပရိနိဗ္ဗာန်စံရကုန်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၆)

# ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ရေးဆိုင်ရာ မြန်မာအဆင့်မြင့်ကော်မတီနှင့် ထားဝယ်အထူးစီးပွားရေးဇုန် တည်ဆောက်ရေး အထူးလုပ်ငန်းအဖွဲ့ ဖွဲ့စည်း

**နေပြည်တော် မတ် ၂**

ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ ပိုမိုတိုးတက်အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်နှင့် မြန်မာ-ထိုင်း နှစ်နိုင်ငံ ပူးတွဲအစည်းအဝေးများ ကျင်းပနိုင်ရန်အတွက် "ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ရေးဆိုင်ရာ မြန်မာအဆင့်မြင့်ကော်မတီ" နှင့် "ထားဝယ်အထူးစီးပွားရေးဇုန် တည်ဆောက်ရေးအထူး လုပ်ငန်းအဖွဲ့" တို့ကို နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ်(၂၆/၂၀၁၇)ဖြင့် ဖေဖော်ဝါရီ ၂၈ရက်က ဖွဲ့စည်းလိုက်ကြောင်း သိရသည်။

ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ရေးဆိုင်ရာ အဆင့်မြင့်ကော်မတီကို ဥက္ကဋ္ဌအဖြစ် ဒုတိယသမ္မတ(၂)၊ အဖွဲ့ဝင်များအဖြစ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများ၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဒုတိယရှေ့နေချုပ်၊ အတွင်းရေးမှူးအဖြစ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

**စာမျက်နှာ ၃ ကော်လံ ၁ သို့**



ပြာလဲ့လဲ့ပင်လယ်ပြင်ကြီးနှင့် သန့်ရှင်းသာယာလှပသည့် သဲသောင်ကမ်းခြေတို့ရှိရာ ခရင်းခွကျွန်းအား တွေ့ရစဉ်။ (ဓာတ်ပုံ -insideasiatours )

# အက်ဒမန်ပင်လယ်တွင်းမှ Macleod (ခေါ်) ခရင်းခွကျွန်း

ကမ္ဘာပေါ်တွင်ခရီးသွားလုပ်ငန်းဖြင့် နာမည်ကျော်ကြားလှသည့် မော်လ်ဒိုက်ကျွန်းနိုင်ငံ (Maldives) ၏ ကမ်းခြေများကဲ့သို့ မြန်မာနိုင်ငံ၏ Maldives ဟုတင်စားလောက်သည့် Macleod (ခေါ်) ခရင်းခွကျွန်းသည် အက်ဒမန်ပင်လယ်အတွင်း ကော့သောင်းမြို့၏ အနောက်မြောက်ဘက်တွင်ရှိပြီး Speed Boat ဖြင့် နှစ်နာရီခန့်ခရီးနှင်လျှင် ပင်လယ်ရေစိမ်းပြာပြာ အနားသတ်ဖြင့် သဲသောင်ဖြူဖြူ နောက်ခံစိမ်းစိုနေသည့် သစ်ပင်ကြီး ငယ်များ တွယ်ကပ်ပေါက်နေသည့် တောင်မြင့်မြင့်ကြီးများအလယ်က ဘန်ဂလိုလေးများစွာဖြင့် ပန်းချီကားတစ်ချပ်ကဲ့သို့ လှပသည့် ခရင်းခွကျွန်းကို ရောက်ရှိမည် ဖြစ်သည်။

ကျွန်းပေါ်၌ ကြယ်လေးပွင့်အဆင့်ရှိ Myanmar Andaman Resort Hotel ရှိပြီး အခြားကျွန်းများကဲ့သို့ လူရှုပ်ထွေးမှုမရှိဘဲ အေးအေးဆေးဆေး အပန်းဖြေရန် အကောင်းဆုံးနေရာတစ်ခုဖြစ်သည်။ superior and suite အခန်းအမျိုးအစား ဘန်ဂလိုများရှိသည်။ ကောင်းကောင်းစား၊ ကောင်းကောင်းအနားယူနိုင်သည့် နေရာတစ်ခုဖြစ်သည်။

ကျွန်း၏အနေအထားအားဖြင့် စိမ်းပြာရောင်ပင်လယ်ရေများ၏ ကမ်းစပ်နားတစ်ဝိုက် ကြည်လင်လှပ ပြီး main beach အပြင်ကို first beach and second beach ဟု beach line နှစ်ခု သတ်သတ်ရှိသည်။ သဘာဝအတိုင်း ငှက်အော်သံများ၊ ပင်လယ်လှိုင်းသံများ၊ သစ်ပင်တောအုပ်သစ်ရွက်များအကြား လေတိုးသံများမှတစ်ပါး တိတ်ဆိတ်ငြိမ်သက်စွာရှိသည်။

ကျွန်း၏ သဲသောင်ပြင်တစ်လျှောက် နူးညံ့ဖြူဖွေးသည့်သဲပွင့်များဖြင့် အလွန်လှပလှပေသည်။ kayaking လုပ်ရန် လှေငယ်လေးများရှိသည့်အပြင် ပင်လယ်ထဲ snorkeling လုပ်ချင်သူများ လှေစီးစရာမလိုဘဲ

**စာမျက်နှာ ၃ ကော်လံ ၄ သို့**


KBZ BANK
STRENGTH OF MYANMAR
သန္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

မြားမှုံ

# ဝန်းကျင်ကောင်းဖြစ်အောင်ဖန်တီး

လူသားမျိုးနွယ်တစ်ရပ်လုံးကို လူညွန့်တုံးစေသောအရာမှာ မူးယစ်ဆေးဝါးဟု အဆိုရှိပါသည်။ မူးယစ်ဆေးဝါး၏သားကောင်၊ မူးယစ်၏ကျေးကျွန်ဖြစ်သွားပါက ပြန်လည်ရုန်းထွက်ဖို့မလွယ်ကူတော့ပါ။ ထို့ကြောင့် မူးယစ်ဆေးဝါးများကို ပြင်းပြင်းထန်ထန်တိုက်ဖျက်နှိမ်နင်းလျက်ရှိရာ ထုတ်လုပ်သူ၊ ဖြန့်ဖြူးသူ၊ သုံးစွဲသူတို့ပါမကျန် ရှာဖွေဖမ်းဆီးအရေးယူနေသည်ကို မြင်တွေ့ကြားသိနေရပါသည်။

မူးယစ်ဆေးဝါးကဲ့သို့ လူသားများအား လူညွန့်မတုံးစေသော်လည်း လူသားများအား တတိတိနှင့် ပျက်ပြုန်းသွားစေသောအရာမှာ မူးယစ်ဆေးဝါးအနွယ်ဝင် စီးကရက်နှင့် အရက်ဖြစ်ပါသည်။ မူးယစ်ဆေးဝါးမှာ ထုတ်လုပ်ဖြန့်ဖြူးသုံးစွဲရန် မလွယ်ကူသော်လည်း စီးကရက်နှင့်အရက်မှာ ထုတ်လုပ်ဖြန့်ဖြူးသုံးစွဲရန် လွယ်ကူနေသဖြင့် မူးယစ်ဆေးဝါးထက် ဆိုးရွားသောပစ္စည်းဟု ဆိုချင်ပါသည်။

မူးယစ်ဆေးဝါးများကို ရှာဖွေဖမ်းဆီးပြီး ပြင်းထန်သောအရေးယူမှုဖြင့် တိုက်ဖျက်နှိမ်နင်းနိုင်သော်လည်း စီးကရက်နှင့်အရက်မှာ ဖမ်းဆီးအရေးယူမှု မရှိနိုင်ဘဲ မြန်မာနိုင်ငံ၏ မည်သည့်နေရာဒေသတွင်မဆို၊ မည်သူမဆို လွတ်လပ်စွာဖြင့် အချိန်မရွေး၊ နေရာမရွေး ဝယ်ယူသောက်သုံးနိုင်သည်ကို တွေ့ရပါသည်။

မူးယစ်ဆေးဝါးမှာ တန်ဖိုးကြီးမားသဖြင့် ဝယ်ယူအသုံးမပြုနိုင်သော်လည်း စီးကရက်နှင့် အရက်မှာ တန်ဖိုးနည်းပါးသဖြင့် လူတိုင်းဝယ်ယူအသုံးပြုနိုင်၍ အချိန်ကာလနှင့် အတိုင်းအတာကျော်လွန်သောအခါ ငွေကြေးကုန်ကျမှုများပြားလာပြီး လူတို့၏ကျန်းမာရေးနှင့်ပတ်ဝန်းကျင်ကို ဆိုးရွားစွာထိခိုက်လာနိုင်ပါသည်။

နိုင်ငံတကာတွင် စီးကရက်နှင့်အရက် ရောင်းဝယ်ဖောက်ကားသောက်သုံးမှုများကို ဥပဒေစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ကန့်သတ်ထားပါသည်။ မြန်မာနိုင်ငံတွင် ၎င်းပစ္စည်းများ ရောင်းဝယ်ဖောက်ကားသုံးစွဲမှုကို ဥပဒေစည်းမျဉ်းသတ်မှတ်ချက်ရှိသော်လည်း အရေးယူဆောင်ရွက်မှုနှင့် လိုက်နာမှုအပိုင်းတွင် သဘောမျှသာရှိသည်။ 'သုရာမေရယ'ဟူသောသီလကို ယုံကြည်သည့်နိုင်ငံတွင် ထိရောက်သောဆောင်ရွက်မှုမရှိသည်မှာ ဝမ်းနည်း စရာဖြစ်သည်။

အရက်ဟူသည်မှာ ရှောင်ကြဉ်ရမည့်ကံငါးပါးတွင် တစ်ပါးအပါအဝင်ဖြစ်ပြီး ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးများအဖို့ ကံငါးပါးစလုံးကို ရှောင်ကြဉ်ခြင်းဖြင့်သော်လည်းကောင်း၊ တစ်ပါးချင်းစီ ရှောင်ကြဉ်ခြင်းဖြင့်သော်လည်းကောင်း ရှောင်ရှားကြသည်။ ကံတစ်ပါးချင်းစီတွင် အသီးသီးသောအပြစ်များရှိကြသော်လည်း 'သုရာမေရယ'မှာ အပြစ်မကြီးသယောင်ယူဆကာ လွယ်လွယ်ကူကူ ဖောက်ဖျက်တတ်ကြသည်။

အမှန်တကယ်တွင် 'သုရာမေရယ'မှလွဲ၍ ကျန်လေးပါးကို တစ်ခုချင်းအလိုက် ဖောက်ဖျက်တတ်ကြပြီး တစ်ခုချင်းအလိုက် အပြစ်ဒဏ်သင့်နိုင်သည်။ 'သုရာမေရယ'မှာမူ ၎င်းကိုဖောက်ဖျက်မိပြီး အလွန်အကျွံဖြစ်လာပါမူ ကျန်လေးပါးစလုံးကိုပါ ကျူးလွန်ဖောက်ဖျက်ရန် ဝန်မလေးတတ်ချေ။ ထို့ကြောင့် 'သုရာမေရယ'မှာ ကံငါးပါးတွင် အဆိုးရွားဆုံး၊ ရှောင်ကြဉ်ဖွယ်အကောင်းဆုံးဟု ဆိုချင်ပါသည်။

ဆေးလိပ်နှင့်အရက်ကို ကြိုက်နှစ်သက်၍သော်လည်းကောင်း၊ အပြုအမူအရသော်လည်းကောင်း စည်းကမ်းတကျ သောက်သုံးတတ်သူများကို မဆိုလိုသော်လည်း စည်းကမ်းမဲ့သောက်သုံးမှုရှိလာလျှင်မူ ကျန်းမာရေးနှင့်ပတ်ဝန်းကျင်ကို ဆိုးဆိုးရွားရွား ထိခိုက်လာနိုင်ပါသည်။ အရက်နှင့်စီးကရက်ကို အခွန်အကောက်ကောက်ခံခြင်းဖြင့် ကန့်သတ်မှုရှိနေသော်လည်း ၎င်းပစ္စည်းများမှာ လူမှုဘဝနယ်ပယ်တွင် အောင်လံတံခွန်လွှင့်ထူကာ ကျယ်ကျယ်ပြန့်ပြန့်နေရာယူနေသည်မှာ မေးခွန်းထုတ်စရာဖြစ်နေသည်။

အရက်နှင့်ဆေးလိပ်ထုတ်လုပ်မှုကို တားဆီးပိတ်ပင်ရန် ဆိုလိုခြင်းမဟုတ်ဘဲ ပြည်သူလူထုနှင့် ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေဘဲ စည်းကမ်းတကျ၊ ဥပဒေသတ်မှတ်ချက်အရ တိတိကျကျ လိုက်နာဆောင်ရွက်မှုအားကောင်းလာရန်သာ ဆိုလိုခြင်းဖြစ်သည်။ ပြည်သူများနှင့်ပတ်ဝန်းကျင်ကို ထိခိုက်မှုဖြစ်စေသော အရက်၊ ဝိုင်၊ ဘီယာ၊ စီးကရက် စသည့် ကုန်ပစ္စည်းများအား အထူးကုန်စည်ခွန်အဖြစ် ပြောင်းလဲကောက်ခံခြင်းအား ကြိုဆိုရမည်ဖြစ်သော်လည်း လူနှင့်ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိသည့်၊ ဥပဒေစည်းကမ်းများနှင့်အညီ တိကျစွာလိုက်နာရမည့် ဝန်းကျင်ကောင်းကို ဖန်တီးကြရမည်ဖြစ်ပါသည်။ ။

"အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့"

" ၂၀၃၀အမီ ကမ္ဘာကြီးကို ပြောင်းလဲဖို့

အမျိုးသမီးများ၏ စီးပွားရေး စွမ်းဆောင်မှုကို မြှင့်တင်စို့"

"Women in the Changing, World of Work : Planet 50-50 by 2030"

နေပြည်တော်　　　　၈.၃.၂၀၁၇

## ကျေးလက်ဒေသဖွံ့ဖြိုးရေး သိုးမွေးထိုးသင်တန်းဆင်း

**ကျောက်ကြီး မတ် ၂**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မတ် ၁ရက် နံနက် ၁၀နာရီက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခြေခံသိုးမွေးထိုးသင်တန်းဆင်းပွဲကို ပြုလုပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မျိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး ဆုရရှိသူ သုံးဦးအား ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(၁၂၂)

## မဏ္ဍိုင်(၂)ရပ် ပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့် ပြည်သူ့အကျိုးကို ထိရောက်စွာ ဖြည့်ဆည်းပေးနိုင်မည်

**နေပြည်တော် မတ် ၂**



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယမန်နေ့ နံနက်ပိုင်းတွင် လယ်ဝေးမြို့နယ် သာဝတ္ထိမြို့ မဟာပရဟိတ(စမတောင်)သို့ သွားရောက်၍ လက်ခံစောင့်ရှောက်ထားသည့် ကလေးများအား ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒများ၊ မူကြိုနည်းပညာရပ်များနှင့်အညီ လူမှုဝန်ထမ်းနည်းလမ်းများဖြင့် ပြုစုစောင့်ရှောက်မှုပေးနိုင်ရေး၊ပညာရေး၊ ကျန်းမာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များ ပိုမိုထိရောက်စွာ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ကိစ္စရပ်များကို ဂေဟာတာဝန်ရှိသူများနှင့် ဆွေးနွေးဆောင်ရွက်ခဲ့ကာ ဝန်ကြီးဌာနက ပေးအပ်သော အလှူငွေကျပ်နှစ်သိန်းကို ပေးအပ်လှူဒါန်းပြီး ဂေဟာဝင်းအတွင်း လှည့်လည်ကြည့်ရှုကာ ကလေးများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ စားစရာများ ပေးအပ်သည်။

အဆိုပါ ဂေဟာသည် လူမှုဝန်ထမ်းဦးစီးဌာန၏ တတိယအဆင့် အသိအမှတ်ပြုဂေဟာဖြစ်ပြီး လက်ရှိတွင် ကလေးသူငယ် ၆၇၀ ခန့်အား ပြုစုစောင့်ရှောက်ထားရှိသည်။

ယင်းနောက် ဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် ဥပဒေပြုရေးမဏ္ဍိုင်တို့သည် ဒီမိုကရေစီကူးပြောင်းရေးကာလတွင် အရေးပါသည့် မဏ္ဍိုင်များဖြစ်ပြီး ပေါင်းစည်းဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ဥပဒေနှင့်အညီ ဆောင်ရွက်ရေးသည် အရေးကြီးပါကြောင်း၊ အုပ်ချုပ်ရေးမဏ္ဍိုင်မှာ ဘတ်ဂျက်ငွေကို စီမံခန့်ခွဲဆောင်ရွက်ရခြင်းဖြစ်၍ မျှတစွာ ဆုံးဖြတ်သုံးစွဲရမည်ဖြစ်ပြီး ဥပဒေပြုရေးမဏ္ဍိုင်မှာ ဘတ်ဂျက်ချထားသည့်လုပ်ငန်း ဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် ပေါင်းစပ်ဆောင်ရွက်ရန် အရေးကြီးပါကြောင်း၊ မိမိတို့ ဝန်ကြီးဌာနတွင်လည်း မူဝါဒအသစ်ဖော်ဆောင်၍ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူအကျိုးကို စိတ်ထားကောင်းကောင်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာသော တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးများက အပြောင်းအလဲကို ဖော်ဆောင်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ ပြောင်းလဲဆောင်ရွက်နိုင်သည်များ၊ ဥပဒေနှင့်အညီ ပွင့်လင်းမြင်သာစွာ ရှေ့ဆက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များက ပြန်လည်ရှင်းလင်းဆွေးနွေးဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ် အကြိုလှုပ်ရှားမှု ဆောင်းပါးပြိုင်ပွဲ ကျင်းပ

**ဘားအံ မတ် ၂**

ကရင်ပြည်နယ် ဘားအံမြို့တွင် အမျိုးသမီးထုတစ်ရပ်လုံးကို ကိုယ်စားပြုသည့် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အထိမ်းအမှတ် အကြိုလှုပ်ရှားမှုအဖြစ် အဆင့်မြင့်ပညာအဆင့် တက္ကသိုလ်၊ ကောလိပ်ပေါင်းစုံ ဆောင်းပါးပြိုင်ပွဲကို '၂၀၃၀ အမီ ကမ္ဘာကြီးကိုပြောင်းလဲဖို့ အမျိုးသမီးများ၏ စီးပွားရေးစွမ်းဆောင်မှုကို မြှင့်တင်စို့'ခေါင်းစဉ်ဖြင့် မတ် ၁ ရက် နံနက် ၁၀ နာရီက ဘားအံတက္ကသိုလ်၌ ကျင်းပခဲ့သည်။

အဆိုပါဆောင်းပါးပြိုင်ပွဲသို့ ဘားအံတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ ပညာရေးကောလိပ်၊ စိုက်ပျိုးရေးသိပ္ပံ(ဇွဲကပင်)၊ သူနာပြုသင်တန်းကျောင်း၊ သားဖွားသင်တန်းကျောင်းတို့မှ စုစုပေါင်း ၁၁၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများအား မတ် ၈ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အခမ်းအနားတွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



မြားမှုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**အထူးသတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

မြားမှုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇူလိုင် ၁၀ ရက် တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၈၊ ၀၆၇-၃၆၁၃၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၀

## ပြည်တွင်းရေးရာ

**ရှေ့ဖုံးမှ**
ပြည်ထောင်စုဝန်ကြီး၊ တွဲဖက်အတွင်းရေးမှူး ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌတို့ဖြင့် ဖွဲ့စည်းထားသည်။

ထို့ပြင် ထားဝယ်အထူးစီးပွားရေးဇုန်တည်ဆောက်ရေးအထူးလုပ်ငန်းအဖွဲ့တွင် ဥက္ကဋ္ဌအဖြစ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အဖွဲ့ဝင်များအဖြစ် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ အမြဲတမ်းအတွင်းဝန်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူးချုပ်များ၊ အတွင်းရေးမှူး ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ တွဲဖက်အတွင်းရေးမှူး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်တို့ဖြင့် ဖွဲ့စည်းထားခြင်း ဖြစ်သည်။

**(သတင်းစဉ်)**






# မြန်မာနိုင်ငံတွင် ပထမဆုံး ကလေးကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှု မန္တလေးမြို့တွင် အောင်မြင်စွာပြုလုပ်နိုင်

**မန္တလေး မတ် ၂**
မြန်မာနိုင်ငံတွင် ပထမဆုံးကလေးကျောက်ကပ်အစားထိုးခြင်းကို မန္တလေးမြို့ ခုတင်(၃၀၀)ဆံ့ ကလေးဆေးရုံမှ နာတာရှည် ကျောက်ကပ်ဝေဒနာရှင်နှစ်ဦးအား ဖေဖော်ဝါရီ ၂၄ ရက်နှင့် ၂၅ ရက်တွင် မန္တလေးဆေးရုံကြီး ဆီးနှင့် ကျောက်ကပ်ခွဲစိတ်ကုသဆောင်၌ ကျောက်ကပ်အစားထိုးခွဲစိတ်ကုသခြင်း ပြုလုပ်ခဲ့ရာ အောင်မြင်မှုရရှိခဲ့သဖြင့် ဆေးပညာသမိုင်းတွင် မှတ်ကျောက်တင်နိုင်ခဲ့ကြောင်း ကလေးကျောက်ကပ် ဆရာဝန် ဒေါက်တာကျော်သူရက ပြောသည်။

ဖေဖော်ဝါရီ ၂၄ ရက်နှင့် ၂၅ ရက်တွင် ခွဲစိတ်အစားထိုးခဲ့သူ လူနာ နှစ်တွဲတွင် ၁၆ နှစ်အရွယ်နှင့် ၁၂ အရွယ်ဖြစ်၍ ကျောက်ကပ်ပေးလှူသူမိခင်များမှာ ဆေးရုံမှဆင်းသွားပြီဖြစ်ပြီး ကလေးများခန္ဓာကိုယ်မှ လက်ခံထားသည့် ကျောက်ကပ်များကလည်း ပုံမှန်အတိုင်းအလုပ်လုပ်နေပြီး ဆက်လက်၍ ဆေးရုံတွင် တစ်လခန့် စောင့်ရှောက်ရမည် ဖြစ်သည်။

“ပထမအတွဲခွဲစိတ်မှုမှာ ခုနစ်နာရီကြာတယ်။ နောက်ရက် ဒုတိယအတွဲခွဲစိတ်မှုမှာ ခြောက်နာရီကြာတယ်။ ဒီက ဆရာဝန်တွေနဲ့ စင်ကာပူက ကလေးကျောက်ကပ်ဆရာဝန်ကြီးတစ်ယောက်ကလည်း ဆက်လက်စောင့်ရှောက်သွားမယ်။ လူတစ်ယောက်မှာ ပုံမှန်ရှိတဲ့အတိုင်း ကျောက်ကပ်အလုပ်လုပ်နေပြီ။ လှူတဲ့မိခင်တွေရော ကလေးတွေပါ ပုံမှန်ရှိပြီး အစာလည်း စားနေပြီဖြစ်လို့ အောင်မြင်မှုကရာနှုန်းပြည့်နီးပါးပဲ” ဟု ၎င်းက ပြောသည်။

ယခု အစားထိုးခွဲစိတ်ကုသမှုကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ခွင့်ပြုချက်ရယူပြီး ဆေးပညာကျွမ်းကျင်ပညာရှင် ၂၂ ဦး ပါဝင်သည့် လုပ်ငန်းကော်မတီ ဖွဲ့စည်းခဲ့ကာ လိုအပ်သည့် ပြင်ဆင်မှုများကြောင့် အခက်အခဲမရှိခဲ့ကြောင်း၊ ယခုကဲ့သို့ အောင်မြင်ခဲ့သဖြင့် ကလေးကျောက်ကပ်အစားထိုးကုသမှုများကို မတ်လ (သို့မဟုတ်) ဧပြီလတွင် ဆက်လက်အစားထိုးခွဲစိတ်ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

“ခုလို အောင်မြင်ခဲ့လို့ ပုံမှန်ကျောက်ကပ် အမြဲသန့်စင်နေရတဲ့ နာတာရှည်ကျောက်ကပ်ဝေဒနာရှင်ကလေးတွေကို ကျောက်ကပ်လဲလှယ်ပေးနိုင်တော့မှာပါ။ ဒါကလည်း မြန်မာနိုင်ငံမှာ ကလေးကျောက်ကပ်အစားထိုးမှုပထမဆုံးဖြစ်ပါတယ်” ဟု ကလေးကျောက်ကပ်ဌာန တာဝန်ခံဆရာဝန် ဒေါက်တာချောစုခိုင်က ပြောသည်။

မန္တလေးဆေးရုံကြီး ဆီးနှင့်ကျောက်ကပ်ခွဲစိတ်ကုသဆောင်၌ မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်ကလေးကျောက်ကပ်အစားထိုးခွဲစိတ်ကုသခြင်းကို ကလေးကျန်းမာရေးပညာဌာန၊ ကလေးခွဲစိတ်ပညာဌာန၊ မန္တလေး ကျောက်ကပ်အစားထိုးအဖွဲ့နှင့် စင်ကာပူနိုင်ငံမှ အထူးကုဆရာဝန်များပါဝင်သည့် Organ Transplant Team တို့ ပူးပေါင်းဆောင်ရွက်ခဲ့ရာ ဆေးကုသမှုအပိုင်းတွင် မှတ်တိုင်တစ်ခုစိုက်ထူနိုင်ခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

**ဂေဟာစနစ် မပျက်ယွင်းစေဖို့ ပတ်ဝန်းကျင်ကို ထိန်းသိမ်းစို့**

# Thai Event Business Delegation to Myanmar ပွဲကျင်းပ

**ရန်ကုန် မတ် ၂**
မြန်မာနိုင်ငံအတွင်းရှိ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန်အတွက် DITP ကုမ္ပဏီက ပြုလုပ်သော Thai Event Business Delegation to Myanmar ပွဲကို ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်၌ ဖေဖော်ဝါရီ ၂၈ ရက် နံနက်ပိုင်းမှ ညနေပိုင်းထိ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ DITP ကုမ္ပဏီက ပြုလုပ်သော Thai Event Business Delegation to Myanmar ပွဲကျင်းပရန်အတွက် ကုမ္ပဏီ ကိုးခုမှ စီမံခန့်ခွဲမှုကုမ္ပဏီများနှင့် ဝန်ဆောင်မှုပေးသည့် ကုမ္ပဏီများက ပူးပေါင်းဆောင်ရွက်ရန် လာရောက်ခင်းကျင်းပြသခြင်းဖြစ်ပြီး မြန်မာနိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များနှင့် အလုပ်လုပ်ကိုင်သူများအတွက်အကျိုးရှိစေမည်ဖြစ်ကြောင်း DITP ကုမ္ပဏီမှ သိရသည်။

DITP ၏ဒါရိုက်တာဖြစ်သော ထိုင်းနိုင်ငံစီးပွားရေးဝန်ကြီးဌာနလက်အောက်ရှိ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုမြှင့်တင်ရေးဌာနမှ ညွှန်ကြားရေးမှူး မစ္စတာ Thanawut Naigowit က “မြန်မာနိုင်ငံဟာခုဆိုဖွံ့ဖြိုးတိုးတက်နေဆဲဆိုတော့ ပူးပေါင်းလုပ်ဆောင်နိုင်မယ်လို့ ကျွန်တော်တို့အနေနဲ့ မျှော်လင့်မိပါတယ်။ မြန်မာနိုင်ငံရဲ့ဈေးကွက်ဟာ တစ်ရက်ကို ရှစ်ရာခိုင်နှုန်း ဈေးတက်နေတာဆိုတော့ ကျွန်တော်တို့အနေနဲ့ မြန်မာနိုင်ငံနဲ့ ပူးပေါင်းလုပ်ဆောင်ချင်လို့ပါ၊ မြန်မာနိုင်ငံမှာ အလုပ်လုပ်ကိုင်သူဦးရေဟာ ကျွန်တော်တို့ ထိုင်းနိုင်ငံထက် ပိုမိုများပြားနေပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာရှိနေကြတဲ့ အလုပ်လုပ်ကိုင်သူများ တိုးတက်ရေးအတွက် ထိုင်းနိုင်ငံမှ ကုမ္ပဏီများက လာရောက်ခင်းကျင်းပြသခြင်းပဲဖြစ်ပါတယ်။ ဒီပွဲကိုလာရောက်ပြုလုပ်ခြင်းအားဖြင့် နှစ်နိုင်ငံ Idea တွေကို ဖလှယ်လို့ရမှာဖြစ်ပြီး Organizer တွေလည်း ဖွံ့ဖြိုးတိုးတက်လာအောင်လို့ပါ” ဟု ပြောကြားသည်။

UMFCCI မှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေး က “ Thai Event Delegation ဆိုတာက ထိုင်းနိုင်ငံကလာ Advance လုပ်တာပါ။ ထိုင်းနိုင်ငံမှာရှိတဲ့ ကုန်သည်တွေနဲ့ ပစ္စည်းတွေကိုခေါ်ယူလာပြသကြတာပါ။ အဓိကတော့ မြန်မာနိုင်ငံနဲ့ ထိုင်းနိုင်ငံအတွက် အကျိုးရှိစေချင်လို့ ထိုင်းနိုင်ငံက လာရောက်ခင်းကျင်းပြသကြတာပါ။ ဘာလို့လဲဆိုတော့ မြန်မာနိုင်ငံမှာ ဒီလိုတရားဝင်လုပ်ငန်းမိတ်ဖက်တွေကို ရှာဖို့ဆိုတာကခက်ခဲပါတယ်။ ဒါကြောင့် ထိုင်းသံရုံးကနေ ကြီးမှူးပြီးခေါ်ယူလာတော့ လုပ်ငန်းတွေအတွက်လည်း စိတ်ချရတယ်လေ။ မြန်မာနိုင်ငံဆိုတာကလည်း ခုဆို တံခါးဖွင့်စီးပွားရေးဝါဒဖြစ်လာပါပြီ။ အရင်တုန်းက နိုင်ငံခြားကိုဆက်သွယ်ဖို့အတွက် အန်ကယ်တို့ဆို ပန်းဆိုးတန်းလမ်းဘေး စာအုပ်ဆိုင်အဟောင်းတန်းတွေကနေ လိပ်စာရှာပြီး လှမ်းပြီးမိတ်ဆက်စာရေးခဲ့ရတာပါ။ ခုဆို တိုက်ရိုက်မိတ်ဆက်လို့ရနေပါပြီ။ ခုဆို ဒီအခွင့် အရေးလေးတွေကိုယူပြီး မိမိလုပ်ငန်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ပြီး တိုးတက်အောင်လုပ်လို့ရပါပြီ။ ပြီးတော့ ထိုင်းဘက်ကလည်းသူတို့ပစ္စည်းတွေကို ရောင်းလို့ရပြီး မြန်မာနိုင်ငံဘက်ကလည်း ကုန်ပစ္စည်းတွေကိုဝယ်ယူပြီး ပြည်တွင်းမှာ ဖြန့်ချိလို့ရပါပြီ။ ဒါ့အပြင် မြန်မာနိုင်ငံမှာ ကုန်ကြမ်းရှိရင် ကုန်ချောထုတ်လုပ်ဖို့အတွက် ထိုင်းနိုင်ငံနဲ့ ဖလှယ်လို့ရတာကိုတွေ့မြင်ရပါတယ်” ဟု ဆိုသည်။

ဖေဖော်ဝါရီ ၂၈ ရက် နံနက်ပိုင်းက ကျင်းပခဲ့သော အဆိုပါ Thai Event Business Delegation to Myanmar ပွဲ၌ ထိုင်းသံရုံးမှ စီးပွားရေးကောင်စစ်ဝန် မစ္စတာ Pakainay Leng-EE၊ DITP ဒါရိုက်တာ မစ္စတာ Thanawut Naigowit နှင့် UMFCCI မှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးတို့က တက်ရောက်ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး အဆိုပါ DITP ကုမ္ပဏီမှာ နိုင်ငံပေါင်းများစွာတွင်တည်ရှိပြီး ယခုကဲ့သို့သော Thai Event Business Delegation to Myanmar ပွဲများကို နိုင်ငံပေါင်း ၅၀ ကျော်တွင် ကျင်းပခဲ့ပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင်လည်း နှစ်စဉ်ကျင်းပလျက်ရှိပြီး နှစ်စဉ်ထပ်မံကျင်းပသွားရန် စီစဉ်ထားကြောင်း သိရသည်။

**စိုးဝင်း(MLA)**

**အက်ဒမန်ပင်လယ်မှ**
hotel အနီးအနားကျွန်းများသို့ ရေကူးသွားရုံမျှဖြင့် အဆင်ပြေသည်။ ကျွမ်းကျင်သည့် ရေငုပ်သမားအကူအညီဖြင့် ရေမကူးတတ်သူများပါ ရေအောက်သန္တာကျောက်တန်းများ၊ ငါးမျိုးစုံသဘာဝရှုခင်းများ ကြည့်ရှုခံစားမှတ်တမ်းတင်နိုင်သည်။

စွန့်စားမှု ဝါသနာပါသူများ ဟိုတယ်၏အနောက်ဘက်ရှိ ပေ ၁၀၀၀ ခန့်မြင့်သည့် တောင်တန်းများပေါ် ကြိုးဖြင့်ခိုဆွဲပြီး တောင်တက်နိုင်သည်။ မတ်စောက်သည့် ကျောက်ဆောင်ကျောက်တုံးများကို ခြေကန်၍ ကြိုးဖြင့်ခိုတက်ကာ အဆင်းတွင် ခြေကန်ပြီး ကြိုးဖြင့်လျှောချသည့် စွန့်စားမှုများပြုလုပ်နိုင်သည်။ တောင်ပေါ်မှ ကြည့်လျှင် ကျွန်းအောက်ခြေသောင်ပြင်သည် ခရင်းခွ သဏ္ဍာန် ပင်လယ်အော်ပုံစံဖြင့် အလွန်တရာလှပတင့်တယ်လှသည်။ လှိုင်းလုံးဖြူဖြူများအကြား တွေ့မြင်ရမည့် ဘန်ဂလိုလေးများ၊ စိမ်းပြာလဲ့နေသည့် ပင်လယ်ပြင်ကြီး၊ သဲနုနုဖြူဖြူလေးများ၊ ပင်လယ်ကြမ်းပြင်အောက်မှ သက်ရှိသဘာဝအလှအပများကို ခံစားနိုင်ကြရန် မြန်မာနိုင်ငံတောင်ဘက်စွန်း ကော့သောင်းခရိုင်အတွင်းရှိ အက်ဒမန်ပင်လယ်အတွင်းမှ Macleod ခရင်းခွကျွန်း(သို့မဟုတ်) မြန်မာနိုင်ငံ၏ Maldives ဆီသို့ တစ်ခေါက်တစ်ခါ အလည်လာခဲ့ရန် တိုက်တွန်းဖိတ်ခေါ်လိုက်ရပေသည်။

**ကျော်စိုး(ကော့သောင်း)**

# ကြားဖြတ်ဟန့်တားရေးဒုံးကျည် အောင်မြင်စွာပစ်ခတ်စမ်းသပ်နိုင်မှု ကာကွယ်ရေးသိပ္ပံပညာရှင်များကို ဝန်ကြီးချုပ်မိုဒီ ချီးကျူး

**နယူးဒေလီ မတ် ၂**


ကြားဖြတ်ဟန့်တားရေးဒုံးကျည်တစ်လုံးကို အောင်မြင်စွာ ပစ်ခတ်စမ်းသပ်နိုင်ခြင်းအတွက် ကာကွယ်ရေးဆိုင်ရာ သိပ္ပံပညာရှင်များကို ဝန်ကြီးချုပ်နရိန္ဒြာမိုဒီက ချီးကျူးလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မတ် ၂ ရက်တွင် သတင်းထုတ်ပြန်သည်။

ကာကွယ်ရေးလုပ်ငန်းအတွက် ပဲ့ထိန်းဒုံးကျည်အမျိုးအစားသစ်ကို အောင်မြင်စွာ ပစ်ခတ်စမ်းသပ်နိုင်ခြင်းမှာ တစ်နိုင်ငံလုံးအတွက် ဂုဏ်ယူစရာဖြစ်ကြောင်း ဝန်ကြီးချုပ်မိုဒီက ၎င်း၏ အင်တာနက်တွစ်တာ လူမှုကွန်ရက်မှ တစ်ဆင့် ထုတ်ဖော်ပြောကြားသည်။

ကြားဖြတ်ဟန့်တားရေးပဲ့ထိန်းဒုံးကျည် စွမ်းပကားရှိသည့် လက်ရွေးစင်ငါးနိုင်ငံ ပါဝင်သောအုပ်စုတွင် အိန္ဒိယနိုင်ငံ ပါဝင်နိုင်ပြီဖြစ်ကြောင်း မိုဒီက ပြောကြားသည်။

အိန္ဒိယနိုင်ငံသည် ပြည်တွင်းတွင် တည်ဆောက်ခဲ့သော ဆူပါဆိုးနစ် ဒုံးခွင်းဒုံးကို မတ် ၁ ရက်က ပစ်ခတ်စမ်းသပ်ခဲ့သည်။ အဆိုပါ ဒုံးကျည်သည် နိုင်ငံ၏ ပိုင်နက်ဝေဟင်အတွင်းသို့ အနိမ့်ပိုင်းအမြင့်မှ ဝင်ရောက်လာသောမည်သည့်ဒုံးကျည်ကိုမဆို ကြားဖြတ်ဟန့်တားကာ ဖျက်ချနိုင်စွမ်းရှိသည်ဆို၏။ **ပီတီအိုင်။**





# နိုင်ငံတော်၏ အချုပ်အခြာအာဏာပိုင်စိုးမှု ထိပါးခံရပါက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်များကို အမေရိကန်ပယ်ချဖွယ်ရှိ

**ဝါရှင်တန် မတ် ၂**

အခြားသောနိုင်ငံများ၏ မျှတမှုမရှိသော ကုန်သွယ်ရေးကျင့်စဉ်များကို မိမိ၏ နိုင်ငံလက်ခံမည်မဟုတ်ကြောင်း၊ အမေရိကန်၏ အချုပ်အခြာအာဏာပိုင်စိုးမှုကို ထိပါးနှောင့်ယှက်သည့် ဆုံးဖြတ်ချက်မျိုးကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို)က ချမှတ်မည်ဆိုပါက ယင်းဆုံးဖြတ်ချက်များကိုပင် မိမိတို့ လျစ်လျူရှုမည်ဖြစ်ကြောင်း သမ္မတဒေါ်နယ်ထရန့်၏ အစိုးရအဖွဲ့က ထုတ်ပြန်ကြေညာလိုက်သည်။

အစိုးရအဖွဲ့သစ်က ကွန်ဂရက်လွှတ်တော်သို့ ပေးပို့ခဲ့သော ကုန်သွယ်ရေးမူဝါဒသစ်သည် ယခင်မူဝါဒမှ သွေဖည်မှုရှိနေပုံကို ထင်ဟပ်နေကြောင်း နိုင်ငံရေးဆန်းစစ်သူများက ပြောကြားကြသည်။ ထရန့်အစိုးရအဖွဲ့၏မူဝါဒသည် ကမ္ဘာတစ်ဝန်းရှိ စီးပွားရေးလုပ်ငန်းများနှင့် စားသုံးသူများအား ထိခိုက်စေနိုင်သည်ဟုဆိုသည်။

ကုန်သွယ်ရေးအရ မမျှမတဖြစ်အောင် ပြုမူသည်ဟု ထင်မြင်ယူဆရပါက ယင်းသို့ ပြုမူသည့် နိုင်ငံများအား အကောက်ခွန် တိုးမြှင့်ကောက်ခံမှုကို တစ်ဖက်သတ်ပြုလုပ်ဖွယ်ရှိသည်ဟု အိမ်ဖြူတော်က အရိပ်အမြွက်ပြောကြားသည်။

အမေရိကန်ပြည်ထောင်စုသည် တရုတ်နိုင်ငံနှင့်လည်းကောင်း၊ အခြားသော ကုန်သွယ်ဖက်နိုင်ငံများနှင့်လည်းကောင်း သွင်းကုန်များအပေါ် အခွန်တိုးမြှင့်ကောက်ယူမှုနှင့်ပတ်သက်၍ အနာဂတ်တွင် တင်းမာမှုများ ပေါ်ပေါက်လာနိုင်သည်ဟု ဝေဖန်မှုများပေါ်ထွက်လာသည်။

ပင်လယ်ရပ်ခြားနိုင်ငံများ၌ စက်ရုံများတည်ထောင်ပြီး ထုတ်ကုန်များကို အမေရိကန်ဈေးကွက်၌ ရောင်းချသည့် ကုမ္ပဏီများအနေဖြင့် ပြစ်ဒဏ်ခတ်ခြင်းခံရမည်ဟု အိမ်ဖြူတော်က ဆိုသည်။

အမေရိကန်၏ ကုန်ပစ္စည်းထုတ်လုပ်သော ကုမ္ပဏီများအပေါ် မျှမျှတတဆက်ဆံရန် ကမ္ဘာ့နိုင်ငံများအား တိုက်တွန်းမည်ဖြစ်ကြောင်း၊ နိုင်ငံများအချင်းချင်း ဈေးကွက်များ အပြန်အလှန်ဖွင့်ပေးရန် လိုအပ်ကြောင်း သမ္မတထရန့်အစိုးရအဖွဲ့၏ ကုန်သွယ်ရေးမူဝါဒသစ်တွင် တောင်းဆိုထားသည်။

“သမ္မတ၏ ကုန်သွယ်ရေးမူဝါဒ အစီအစဉ်” ဟူ၍ အမည်ပေးထားသော စာလွှာစာတမ်းတွင် စာမျက်နှာပေါင်း ၃၃၆ မျက်နှာ ပါဝင်သည်။

အမေရိကန်သည်သာ ပထမဟူသော စီးပွားရေးအမျိုးသားရေးဝါဒကို အကောင်အထည်ဖော်မည်ဟု မဲဆွယ်စည်းရုံးရေးကာလ ကတိကဝတ်အတိုင်း ဒေါ်နယ်ထရန့်က ဆက်လက်ဆောင်ရွက်လျက်ရှိသည်ဟု နိုင်ငံရေးလေ့လာသူများက ဆိုသည်။

အမေရိကန် အလုပ်သမားများအတွက် အလုပ်အကိုင်နေရာများ ပိုမိုဖန်တီးပေးရန် အမေရိကန် ကုမ္ပဏီများအနေဖြင့် ပြည်ပသို့ထွက်ခွာကာ လုပ်ကိုင်ခြင်းမှ တားဆီးကာကွယ်ရန် ဆောင်ရွက်မည်ဟု ထရန့်က ပြောကြားခဲ့သည်။

မက္ကဆီကိုနိုင်ငံသည် မြောက်အမေရိက လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်နှင့် ပတ်သက်၍ ပြန်လည်ညှိနှိုင်းရန် ငြင်းဆိုပါက ယင်းသဘောတူညီချက်မှ အမေရိကန် ရုပ်သိမ်းမည်ဟု ထရန့်က ခြိမ်းခြောက်ခဲ့သည်။ **ရိုက်တာ။**

# အိုင်အက်စ်စစ်သွေးကြွများကို ချေမှုန်းတိုက်ထုတ်ရန် ပါမီယာမြို့တွင်းသို့ ဆီးရီးယားတပ်ဖွဲ့များဝင်ရောက်

**ဒမတ်စကတ် မတ် ၂**

ယမန်နှစ် ဒီဇင်ဘာလကတည်းက အစ္စလာမ္မစ်နိုင်ငံတော် ထူထောင်ရေးအဖွဲ့(အိုင်အက်စ်)တို့က သိမ်းယူထားခဲ့သည့် ပါမီယာမြို့တွင်းသို့ ရုရှားထောက်ခံသော ဆီးရီးယားအစိုးရတပ်ဖွဲ့များနှင့် ၎င်းတို့၏ မဟာမိတ်တပ်ဖွဲ့များ ဝင်ရောက်ကာ စစ်သွေးကြွများကို ချေမှုန်းလျက်ရှိကြောင်း ဆီးရီးယား လူ့အခွင့်အရေးလေ့လာရေးအဖွဲ့က ပြောကြားသည်။

ဟစ်ဇ်ဘိုလာအဖွဲ့၏ သတင်းဌာနတစ်ခုက အစောပိုင်းထုတ်ပြန်ချက်အရ ဆီးရီးယားကြည်းတပ်တပ်ဖွဲ့များနှင့် ၎င်းတို့၏ မဟာမိတ်တပ်ဖွဲ့ဝင်များသည် ပါမီယာမြို့ရှိ ရှေးဟောင်းရဲတိုက်တစ်လုံးကို ပြန်လည်သိမ်းယူနိုင်ခဲ့ကြောင်း၊ အဆိုပါ ရဲတိုက်မှာ ပါမီယာမြို့၏ အနောက်ဘက် ဆင်ခြေဖုံးတွင် တည်ရှိသည်။ ဆီးရီးယားအစိုးရတပ်ဖွဲ့နှင့် ၎င်း၏ မဟာမိတ်တပ်ဖွဲ့များက ပါမီယာမြို့ အနောက်တောင်ပိုင်းရှိ နန်းတော်အလားခမ်းနားထည်ဝါသော အဆောက်အအုံတစ်ခုကိုလည်း သိမ်းယူခဲ့သည်ဟု ဆိုသည်။

အိုင်အက်စ် စစ်သွေးကြွများသည် ခြောက်နှစ်ကြာ ဆီးရီးယားပြည်တွင်းစစ်အတွင်း ပါမီယာမြို့ကို နှစ်ကြိမ်တိုင်တိုင် သိမ်းယူခဲ့သည်။ ယင်းမြို့မှာ ကုလသမဂ္ဂယူနက်စကို အဖွဲ့က ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် အထိမ်းအမှတ်ဒေသအဖြစ် သတ်မှတ်ထားသောမြို့လည်း ဖြစ်သည်။

အိုင်အက်စ်စစ်သွေးကြွများလက်မှ ပါမီယာမြို့ကို ယမန်နှစ်မတ်လအတွင်းက ဆီးရီးယားအစိုးရတပ်ဖွဲ့များက ပြန်လည် သိမ်းယူနိုင်ခဲ့သော်လည်း ယင်းနှစ် ဒီဇင်ဘာလအတွင်း အိုင်အက်စ် စစ်သွေးကြွများက ဒုတိယအကြိမ် ပြန်လည်သိမ်းယူခဲ့သည်။

အိုင်အက်စ်အဖွဲ့ လက်ချက်ဖြင့် ပါမီယာမြို့ ပျက်စီးမှုများအား ကုလသမဂ္ဂက စစ်ရာဇဝတ်မှု ကျူးလွန်ခြင်းအဖြစ် ပြစ်တင်ရှုတ်ချခဲ့သည်။ **ရိုက်တာ။**

■

# ကင်ဂျုံနမ်လုပ်ကြံခံရပြီးနောက် မြောက်ကိုရီးယားနိုင်ငံသားများအား ဗီဇာကင်းလွတ်ခွင့် မလေးရှားပိတ်ပင်

**ကွာလာလမ်ပူ မတ် ၂**

မလေးရှားနိုင်ငံ ကွာလာလမ်ပူအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် မြောက်ကိုရီးယား နိုင်ငံခေါင်းဆောင် ကင်ဂျုံအန်၏ ဖအေတူ မအေကွဲညီအစ်ကို တော်စပ်သူ ကင်ဂျုံနမ် လုပ်ကြံသတ်ဖြတ်ခြင်းခံရပြီးနောက် မလေးရှားအာဏာပိုင်များက လုံခြုံရေးဆိုင်ရာ အကြောင်းပြချက်များဖြင့် မြောက်ကိုရီးယားနိုင်ငံသားများအား ပြည်ဝင်ခွင့်ဗီဇာကင်းလွတ်ခွင့်ကို ပိတ်ပင်လိုက်ပြီဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

မတ် ၆ ရက်ကစပြီး မြောက်ကိုရီးယားနိုင်ငံသားများအနေဖြင့် မလေးရှားနိုင်ငံသို့ ဝင်ရောက်ရန် ပြည်ဝင်ခွင့်ဗီဇာ လိုအပ်မည်ဖြစ်ကြောင်း မလေးရှားဒုတိယဝန်ကြီးချုပ် အာမက်ဇာဟစ်ဟာမီဒီ၏ ပြောကြားချက်ကို ကိုးကားပြီး မလေးရှားနိုင်ငံပိုင် ဘနားမား သတင်းအေဂျင်စီက ယနေ့သတင်းထုတ်ပြန်ခဲ့သည်။

မလေးရှားဒုတိယဝန်ကြီးချုပ် အာမက်ဇာဟစ်ဟာမီဒီသည် ဒုတိယဝန်ကြီးချုပ်ရာထူးအပြင် ပြည်သူ့လုံခြုံရေးနှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ကိစ္စရပ်များကို ကြီးကြပ်ကွပ်ကဲရသော ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီးအဖြစ်လည်း တာဝန်ထမ်းဆောင်လျက်ရှိသည်။

မြောက်ကိုရီးယားနိုင်ငံသားများအား ပြည်ဝင်ခွင့်ဗီဇာတောင်းခံရခြင်းမှာ မလေးရှားပြည်သူတစ်ရပ်လုံး၏ လုံခြုံရေးအတွက်ဖြစ်ကြောင်း မလေးရှားဒုတိယဝန်ကြီးချုပ် အာမက်ဇာဟစ်ဟာမီဒီက ဆိုသည်။

ကင်ဂျုံနမ်သေဆုံးမှုနှင့်ပတ်သက်ပြီး အင်ဒိုနီးရှားအမျိုးသမီးတစ်ဦးနှင့် ဗီယက်နမ်အမျိုးသမီးတစ်ဦးတို့ကို ဖမ်းဆီးထားသည်။ ယင်းလုပ်ကြံသတ်ဖြတ်မှုတွင် မြောက်ကိုရီးယားနိုင်ငံသားများလည်း ပါဝင်ပတ်သက်နိုင်ဖွယ်ရှိကြောင်း မလေးရှားအာဏာပိုင်များက သံသယရှိနေသည်။

မြောက်ကိုရီးယားနှင့်မလေးရှားနှစ်နိုင်ငံသည် ၁၉၇၃ ခုနှစ်ကစပြီး သံတမန်ဆက်ဆံရေး တည်ထောင်ခဲ့ကြသည်။ ၂၀၀၉ ခုနှစ်မှစပြီး နှစ်နိုင်ငံဗီဇာကင်းလွတ်ခွင့်ကို ကျင့်သုံးခဲ့ကြောင်းသိရသည်။ **အင်န်အိတ်ချ်ကေ။**



# ဒုတိယအကြိမ် မဲခေါင်မြစ်ဝှမ်းဒေသနိုင်ငံများ၏ ငှက်ဖျားရောဂါကင်းဝေးရေးလုပ်ငန်းများဆိုင်ရာ အစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၂**

ဒုတိယအကြိမ်မဲခေါင်မြစ်ဝှမ်းဒေသနိုင်ငံများ၏ ငှက်ဖျားရောဂါကင်းဝေးရေး လုပ်ငန်းများဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး (Second Intercountry High Level Meeting) ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Hilton Hotel ၌ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အဖွင့်အမှာစကား ပြောကြားသည်။

ငှက်ဖျားရောဂါဖြစ်ပွားမှု၊ သေဆုံးမှုများသည် မဟာမဲခေါင်ဒေသကြီးအတွင်း၌ သိသာစွာ လျော့နည်းကျဆင်းနေပြီဖြစ်သော်လည်း ငှက်ဖျားပိုးများ၏ ဆေးယဉ်ပါးလာမှုနှင့် ငှက်ဖျားခြင်များ၏ ပိုးသတ်ဆေးယဉ်ပါးလာမှုအခြေအနေများ၊ အုပ်စုလိုက် ရွှေ့ပြောင်းသွားလာမှုများ၊ ငှက်ဖျားဆေးဝါးအတုများ ပေါ်ပေါက်လာမှုများ၊ ဆေးကုသမှုလက်လှမ်းမမီမှုများကြောင့် ငှက်ဖျားရောဂါကာကွယ်ကုသရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း၊ ဆောင်ရွက်ရာတွင် ပြင်ပဆရာဝန်များ၊ အစိုးရမဟုတ်သော ပုဂ္ဂလိက လူမှုရေးအဖွဲ့အစည်းများ၊ တိုင်းရင်းသားကျန်းမာရေးဆိုင်ရာ အဖွဲ့အစည်းများ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။



မဟာမဲခေါင်ဒေသကြီးအတွင်း နိုင်ငံများ၏ ကူးလူးဆက်ဆံမှု၊ ရေမြေသဘာဝအခြေအနေဆက်စပ်နေမှုများကြောင့် ငှက်ဖျားရောဂါကင်းစင်ရေးကို နိုင်ငံတစ်ခုတည်းအနေဖြင့်ရရှိပြီး ရေရှည်တည်တံ့ရန် အလွန်ခက်ခဲပါကြောင်း၊ ဒေသကြီးအတွင်း ငှက်ဖျားရောဂါကင်းစင်သွားရန် အားလုံး ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် မိမိတို့ရည်မှန်းချက်ဖြစ်သည့် သက္ကရာဇ် ၂၀၃၀ တွင် မဟာမဲခေါင်ဒေသကြီးအတွင်း ငှက်ဖျားရောဂါ လုံးဝကင်းစင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် Global Fund Executive Director, Dr. Mark Dybul ၊ ဂျပန်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာန၊ Director General of Global Issues, Ambassador Koichi Aiboshi နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ Global Malaria Programme Director, Dr. Pedro Alonso တို့က အမှာစကားပြောကြားကြသည်။

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသော ဒုတိယအကြိမ် မဲခေါင်မြစ်ဝှမ်းဒေသနိုင်ငံများ၏ ငှက်ဖျားရောဂါကင်းဝေးရေး လုပ်ငန်းများဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးသို့ မြန်မာနိုင်ငံအပါအဝင် မဲခေါင်ဒေသတွင်းနိုင်ငံများဖြစ်သော ထိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နိုင်ငံတို့မှ အဆင့်မြင့်အရာရှိကြီးများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမိတ်ဖက်အဖွဲ့အစည်းများ၊ အလှူရှင်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါအစည်းအဝေးတွင် မဲခေါင်ဒေသတွင်း နိုင်ငံများ၏ ငှက်ဖျားရောဂါကင်းဝေးရေး (၂၀၁၈-၂၀၂၀) ရန်ပုံငွေအတွက် ဆွေးနွေးကြမည်ဖြစ်ပြီး ငှက်ဖျားရောဂါကင်းဝေးရေးဆိုင်ရာ ဦးစားပေးလုပ်ငန်းများအား စဉ်ဆက်မပြတ် ရန်ပုံငွေထောက်ပံ့ပေးနိုင်ရန်နှင့် လုပ်ငန်းစဉ်များအတွက် ရန်ပုံငွေလိုအပ်ချက်များအား မျှဝေပေးနိုင်ရန်အတွက်လည်း ဆွေးနွေးသွားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အာဇာနည်ခေါင်းဆောင် ဒီးဒုတ်ဦးဘချိုတက်ရောက်ခဲ့သော ဗိုလ်တထောင်ကျောင်းကို အပြာရောင်ကမ္ပည်းပြားတပ်ဆင်

**ရန်ကုန် မတ် ၂**


ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ဝန်ကြီးများရုံးတွင် လုပ်ကြံခံခဲ့ရသော ဒီးဒုတ်ဦးဘချိုအပါအဝင် ထင်ရှားသောခေါင်းဆောင်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် အနုပညာရှင်များစွာ မွေးထုတ်ပေးခဲ့သော ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် အနော်ရထာလမ်းပေါ်ရှိ အထက(၆) ဗိုလ်တထောင် (ယခင်စိန့်ပေါလ် အထက်တန်းကျောင်း)၌ ယနေ့နံနက် ၈ နာရီခွဲတွင် အပြာရောင် ကမ္ပည်းပြားတပ်ဆင်ကြောင်း သိရသည်။

"ရန်ကုန်မြို့မှာ စာသင်ကြားမှုဆိုင်ရာ ဂုဏ်ယူဖွယ်သမိုင်းကြောင်းတွေ ရှိခဲ့ပါတယ်။ မြန်မာမှာရော ကမ္ဘာမှာပါ ထင်ရှားတဲ့ နိုင်ငံရေးသမားတွေ၊ ပညာတော်သင်တွေကို ရန်ကုန်မြို့က မွေးထုတ်ပေးနိုင်ခဲ့တယ်။ လူအများစုက ရန်ကုန်မြို့လယ်မှာရှိတဲ့ အဆောက်အအုံတွေကို ကိုလိုနီအဆောက်အအုံတွေလို့ တွေးမှတ်ကြတယ်။ တကယ်တော့ ဒီအဆောက်အအုံတွေက ကိုလိုနီနယ်ချဲ့ ဆန့်ကျင်ရေးအတွေးအခေါ် လုပ်ဆောင်ချက်တွေ မွေးဖွားရာမျိုးဆက်သစ်တွေအတွက် ကမ္ဘာအနှံ့က အဖြစ်အပျက်တွေနဲ့ အနာဂတ်မျှော်မှန်းချက်တွေကို ချိတ်ဆက်ပေးတဲ့ နေရာတွေဖြစ်ပါတယ်။ အခုကျွန်တော်က စိန့်ပေါလ်ကျောင်းကို ကိုလိုနီအဆောက်အအုံဖြစ်တာကြောင့် ထိန်းသိမ်းစောင့်ရှောက်တာမဟုတ်ဘဲ ခေတ်မီမြန်မာနိုင်ငံကို မွေးဖွားပေးခဲ့တဲ့ အချက်အချာနေရာတွေထဲက တစ်ခုဖြစ်တာကြောင့် အမွေအနှစ်အဖြစ် သတ်မှတ်တာဖြစ်ပါတယ်"ဟု ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့တည်ထောင်သူ ဒေါက်တာသန့်မြင့်ဦးက ပြောသည်။

ယနေ့ အထက(၆) ဗိုလ်တထောင်ကျောင်းတွင် တပ်ဆင်သည့် အပြာရောင်ကမ္ပည်းပြားတွင် ဘုန်းတော်ကြီး ပေါလ် ဘီဂန်ဒတ်တည်ထောင်ခဲ့ပြီး မူလကစိန့်ပေါလ်အထက်တန်းကျောင်းအဖြစ် လူသိများခဲ့သည်။ ခေတ်သစ်မြန်မာ့သမိုင်းတွင် ထင်ရှားအရေးပါသော ပုဂ္ဂိုလ်များစွာကို ဤကျောင်းက မွေးထုတ်ပေးခဲ့သည်ဟု ရေးသားထားသည်။ အဆိုပါအခမ်းအနားသို့ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် တာဝန်ရှိသူများ၊ ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ တည်ထောင်သူ ဒေါက်တာသန့်မြင့်ဦးနှင့် တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ စိန့်ပေါလ်ကျောင်းသားဟောင်းများ တက်ရောက်ကြသည်။

"ရန်ကုန်မြို့ပြထိန်းသိမ်းရေးအဖွဲ့က ဒီကျောင်းကြီးကို ဆက်ထိန်းသွားမယ်ဆိုတော့ အတိုင်းထက်အလွန်ဝမ်းသာတယ်။ ဒီလောက်ကြီးတဲ့ကျောင်းကြီး ရန်ကုန်မှာ ဒီတစ်ခုပဲရှိတယ်။ ကျောင်းကြီးက မြေကိုလည်းကြည့်ဦး ဧကပေါင်းမြောက်မြားစွာ။ တည်နေရာကလည်းကြည့်ဦး ရန်ကုန်ရဲ့ အချက်အချာဆိုတော့ ဆောက်လုပ်ရေးသမားတွေက အလွန်ကိုလိုချင်တာ။ အိမ်ရာဆောက်ဖို့ပဲ ဖြစ်စေ၊ ဈေးတွေဆောက်ဖို့ပဲဖြစ်စေ အစိုးရအဆက်ဆက်ကို သူတို့တင်ခဲ့တာ။ အစိုးရအဆက်ဆက်ကလည်း ဒီကျောင်းကြီးကိုကြည့်ပြီး ဖြိုပစ်ရမှာ နှမြောလို့ တွန့်ဆုတ်ခဲ့တာ။ အလွန်ကံကောင်းပါတယ်"ဟု စိန့်ပေါလ်ကျောင်းသားဟောင်းများဥက္ကဋ္ဌ ဦးနေအုပ်(စိန့်ပေါလ်)ကပြောသည်။

သမိုင်းမှတ်တမ်းများအရ ၁၈၆၀ ခုနှစ် ဩဂုတ်လတွင် St.Paul's High School ကျောင်းကို ယောကျ်ားလေးကျောင်းအဖြစ် Bishop Paul Bigandet က တည်ထောင်ဖွင့်လှစ်ခဲ့ပြီး ၁၉၆၅ ခုနှစ် ဧပြီလတွင် အစိုးရမှ ပြည်သူပိုင်သိမ်းကာ အခြေခံပညာအထက်တန်း အမှတ် (၆)ဗိုလ်တထောင်ဟု အမည်ပြောင်းကြောင်း၊ အဆိုပါကျောင်းအဆောက်အအုံကို ၁၈၈၅ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၈၈၆ ခုနှစ် မေလ ၁ ရက်တွင် စတင်အသုံးပြုခဲ့ရာ သက်တမ်းအားဖြင့် ၁၃၂ နှစ် ရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။




အဆိုပါ ကမ္ပည်းပြားတပ်ဆင်ခြင်းမှာ ရန်ကုန်မြို့၏ သမိုင်းကြောင်းကို အသက်အရွယ်မရွေး နယ်ပယ်စုံမှ ပြည်သူများလေ့လာနိုင်ရန် ရည်ရွယ်ခြင်းဖြစ်ပြီး အပြာရောင်ကမ္ပည်းပြားဆိုသည်မှာ လူအများနှင့်သက်ဆိုင်သောနေရာများတွင် အဆိုပါနေရာနှင့်ဆက်စပ်နေသည့် သမိုင်းဝင်လူပုဂ္ဂိုလ်များနှင့် သမိုင်းအဖြစ်အပျက်များအကြောင်းကိုဖော်ပြပြီး မြို့၏ အမှတ်အသားတစ်ခုအဖြစ် တပ်ဆင်ထားရှိမည့် အထိမ်းအမှတ် ကမ္ပည်းပြားဖြစ်သည်။ ယင်းကမ္ပည်းပြားတပ်ဆင်ခြင်းလုပ်ငန်းများကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့နှင့် Royal Philips Corporation တို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။

**(ဇာနည်မောင်)**

# စက်မှု၊ စီးပွားရေးလုပ်ငန်းများတွင် စွမ်းအင်စနစ် ထိရောက်စွာအသုံးပြုခြင်းဆိုင်ရာ သင်တန်းကို ဒိန်းမတ်နိုင်ငံသား ပညာရှင်က အခမဲ့လာရောက်သင်ကြားပို့ချပေးမည်

**ရန်ကုန် မတ် ၂**

စက်မှုဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ စက်မှုဖွံ့ဖြိုးရေးအဖွဲ့ (United Nations Industrial Development Organization- UNIDO) နှင့် သက်ဆိုင်ရာအဖွဲ့အစည်းများပူးပေါင်း၍ စက်မှုလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းများတွင် စွမ်းအင်စနစ် အထိရောက်ဆုံး အသုံးပြုခြင်းဆိုင်ရာ (Energy System Optimization) သင်တန်းများကို အခမဲ့ ဆက်တိုက်ဖွင့်လှစ်ပေးလျက်ရှိရာ လာမည့် မတ် ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် နှစ်ရက်တာ သင်တန်းကို ဒိန်းမတ်နိုင်ငံသား ပညာရှင်က လာရောက်ဖွင့်လှစ်သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း UNIDO မှ သိရသည်။

အဆိုပါ သင်တန်းများဖွင့်လှစ်ပို့ချလျက်ရှိရာ Energy Management System (EnMS) User Level နှစ်ရက်သင်တန်း အမှတ်စဉ်(၈)ကို ရန်ကုန်မြို့ အမှတ် (၁၉၂) ကမ္ဘာအေးဘုရားလမ်း ရန်ကုန်တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနဝင်းရှိ သင်တန်းခန်းမ၌ မတ် ၁၆ ရက် (ကြာသပတေး)မှ မတ် ၁၇ ရက်(သောကြာ)အထိ International Energy Expert က နံနက် ၈ နာရီမှ ညနေ ၄ နာရီခွဲအထိ သင်တန်းကြေး အခမဲ့ဖြင့် သင်ကြားပို့ချမည်ဟု သိရသည်။

ယင်းသင်တန်းသို့ စွမ်းအင်ကုန်ကျစရိတ်လျှော့ချလိုသော စက်ရုံ၊ အလုပ်ရုံများ၊ စွမ်းအင်မန်နေဂျာများအဖြစ် မိမိဝန်ထမ်းများကို လေ့ကျင့်ပေးလိုသောစက်ရုံ၊ အလုပ်ရုံများ၊ ISO 50001 Certification Process နှင့်အညီ Upgrade ပြုလုပ်လိုသောစက်ရုံ၊ အလုပ်ရုံများမှ တာဝန်ရှိသူများ၊ စွမ်းအင်မန်နေဂျာအဖြစ် အသက်မွေးဝမ်းကျောင်း ပြုလိုသူများ၊ စွမ်းအင်အကျိုးရှိ ထိရောက်စွာအသုံးပြုရေးပညာရပ်ကို စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်းနှင့် User နှင့် Expert Level သင်တန်းများ တက်ရောက်အောင်မြင်ပြီးပါက Energy Expert အဖြစ် အသက်မွေးဝမ်းကျောင်းပြုလုပ်နိုင်သည့် အခွင့်အလမ်းများ ရှိကြောင်း သိရသည်။

သင်တန်းသားဦးရေကန့်သတ်ထားပြီး သင်တန်းကို ဒိန်းမတ်နိုင်ငံသား Energy Management System Expert မှ သင်ကြားပို့ချပေးမည်ဖြစ်သည်။ သင်တန်းသို့ အင်ဂျင်နီယာဘွဲ့ရရှိထားသူ (Bachelors in Engineering) သို့မဟုတ် Energy Management ပိုင်းဆိုင်ရာလုပ်ငန်းအတွေ့အကြုံရှိသူ၊ အင်္ဂလိပ်ဘာသာဖြင့် နားလည်ပြောဆိုနိုင်သူဖြစ်လျှင် ပိုမိုသင့်တော်မည်ဟုသိရသည်။ စိတ်ပါဝင်စားသူများအနေဖြင့် လျှောက်လွှာကို www.ieemyanmar.com/?page_id=4452တွင် ဒေါင်းလုတ်ရယူဖြည့်စွက်၍ email: A.ZIN@unido.org, T.OO@unidoသို့ လည်းကောင်း၊ ဖုန်း- ၀၉-၄၂၁၁၃၁၀၈၅၊ ၀၉-၅၁၉၀၉၇၉ တို့သို့ မတ် ၈ ရက် (ဗုဒ္ဓဟူးနေ့) နောက်ဆုံးထား ဆက်သွယ်ပေးပို့ရမည်ဖြစ်ကြောင်း UNIDO မှ သိရသည်။

**(၀၀၁)**

# ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ မန္တလေးမြို့ရှိ မဟာမုနိဘုရားကြီးအား ဖူးမြော်



**မန္တလေး မတ် ၂**
မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ဟော်နမ်ဟောင်နှင့်အဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီခွဲက မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိရာ မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမျိုးမင်းအောင်နှင့် တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့သည် မန္တလေးမြို့ရှိ မဟာမုနိဘုရားကြီးအား ဖူးမြော်ကြည်ညိုကြရာ မန္တလေးမဟာမုနိဘုရားကြီးဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် တာဝန်ရှိသူများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့သည် မဟာမုနိဘုရားကြီးအား ဖူးမြော်ကြည်ညိုခြင်း၊ ရွှေသင်္ကန်းကပ်လှူခြင်း**(ယာပုံ)**၊ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးခြင်း၊ ဘုရားဝင်းအတွင်းလှည့်လည်၍ ကြေးရုပ်ပြတိုက်သို့ လေ့လာခြင်းများ ဆောင်ရွက်ခဲ့ပြီး မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

**ဦးတင်ခ(တက္ကသိုလ်တင်ခ)-ဒေါ်မြင့်မြင့်တို့၏ နှစ်(၅၀)ပြည့် ရွှေရတုမင်္ဂလာနှစ်ပတ်လည်နှင့် တက္ကသိုလ်တင်ခ၏ အမျိုးသားစာပေတစ်သက်တာဆုရရှိသည့် အထိမ်းအမှတ်အလှူမင်္ဂလာပွဲကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် နှင်းဆီကုန်းဘိုးဘွားရိပ်သာ သီရိရတနာခန်းမ၌ မတ် ၂ ရက် နံနက်ပိုင်းက ကျင်းပပြီး ဘိုးဘွားရိပ်သာအတွက် အလှူရှင်မိသားစုက ငွေကျပ် ၁၂ သိန်းကို ရိပ်သာကြီး၏အမှုဆောင် ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)



## ADB Midterm Review Mission အဖွဲ့ ငပုတောမြို့နယ်သို့ လာရောက်လေ့လာ

**ငပုတော မတ် ၂**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့က ပူးပေါင်းအကောင်အထည်ဖော်လျက်ရှိသော ငပုတောမြို့နယ် ကျေးလက်အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေမြှင့်တင်ရေးစီမံကိန်း၏ ADB Midterm Review Mission အဖွဲ့သည် ငပုတောမြို့နယ်ရှိ စီမံကိန်းဆောင်ရွက်ထားရှိမှုကို သုံးသပ်ဆွေးနွေးရန်အတွက် ငပုတောမြို့နယ်သို့ ရောက်ရှိကြသည်။

အဆိုပါအဖွဲ့ ခရီးစဉ်တွင် ဂျပန်နိုင်ငံ ဆင်းရဲမှုလျှော့ချရေးအစီအစဉ်အဖွဲ့မှ Mr. Goshi Tsukamoto ဦးဆောင်သော ကိုယ်စားလှယ်များ၊ အာရှဖွံ့ဖြိုးရေးဘဏ်မှ Mr.Pavit Ramachandran နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစိုးသိန်း၊ Main Implementation Consultant အဖွဲ့မှ Mr. Jessie Pone နှင့် တာဝန်ရှိသူများ ပါဝင်ပြီး ငပုတောမြို့နယ် စက်ကုန်းကျေးရွာ၊ အုပ်ရှစ်ကွင်းကျေးရွာ၊ ဂုံးချောင်းကျေးရွာနှင့် ကျောက်တစ်လုံးကျေးရွာတို့သို့ သွားရောက်ပြီး စီမံကိန်းဆောင်ရွက်ထားရှိမှုများကို လေ့လာခြင်း၊ စီမံကိန်းကော်မတီဝင်များ၊ ကျေးရွာသူ ကျေးရွာသားများနှင့်တွေ့ဆုံပြီး သုံးသပ်ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရွှေပြည်သာတွင် ခေတ်မီရုပ်ရှင်ရုံသစ်ဖွင့်လှစ်

**ရန်ကုန် မတ် ၂**
ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အမှတ်(၈)ရပ်ကွက် ဘုရင့်နောင်လမ်းမပေါ်ရှိ မူလရုပ်ရှင်ရုံအဟောင်းအား အဆင့်မြှင့်ပြောင်းလဲပြုပြင်မွမ်းမံကာ ရွှေပြည်သာအဆင့်မြင့်ရုပ်ရှင်ရုံသစ်တွင် ခေတ်မီ 3D ရုပ်သံစနစ်ဖြင့် မတ် ၂ ရက်က စတင်ကာ ဒါရိုက်တာပြည်ဟိန်းသီဟရိုက်ကူးပြီး ရုပ်ရှင်သရုပ်ဆောင်မြင့်မြတ်၊ ဟိန်းဝေယံ၊ အိချောပို၊ ရွှေမှုံရတီနှင့် ဟာသလူရွှင်တော်များပါဝင်သော "ကြီးကြီးကျယ်ကျယ်" မြန်မာ့ရုပ်ရှင်ဟာသဇာတ်ကားသစ်ကြီးကို ရုံတင်ပြသနေပြီဖြစ်ကြောင်း သိရသည်။

ရုပ်ရှင်ဇာတ်ကားသစ်ကြီးကို ရုံမတင်မီ မတ် ၁ ရက် နံနက်က ရွှေပြည်သာအဆင့်မြင့်ရုပ်ရှင်ရုံသစ်ဖွင့်ပွဲအခမ်းအနားကို ကျင်းပခဲ့ရာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်းနှင့်အဖွဲ့ဝင်များ၊ ဝါဝါဝင်းရွှေ ရုပ်ရှင်ထုတ်လုပ်ရေးပိုင်ရှင် အကယ်ဒမီဒေါ်ဝါဝါဝင်းရွှေနှင့် ရုပ်ရှင်သရုပ်ဆောင်များ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရန်အောင်မင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထွန်းအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စာပေနှင့် စာနယ်ဇင်းအဖွဲ့များ၊ သတင်းမီဒီယာများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များတက်ရောက်ကာ အစီအစဉ်အရပ်ရပ်တို့ဖြင့် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ပေးခဲ့ကြသည်။

ရွှေပြည်သာ အဆင့်မြင့်ရုပ်ရှင်ရုံသစ်ဖွင့်လှစ်ခြင်း အထိမ်းအမှတ်အဖြစ် ဒေသခံပြည်သူများကို အကယ်ဒမီ ပြေတီဦးနှင့် ထိုင်းရုပ်ရှင်သရုပ်ဆောင်များ တွဲဖက်ရိုက်ကူးထားသော "တီတီနှင့် ဒိုးနက်" ရုပ်ရှင်ဇာတ်ကားသစ်ကို မွန်းလွဲ ၂ နာရီနှင့် ညနေ ၅ နာရီတို့တွင် အခမဲ့ပြသပေးခဲ့ကြောင်း သိရသည်။



ရွှေပြည်သာအဆင့်မြင့်ရုပ်ရှင်ရုံသည် လွန်ခဲ့သော ၂၀၀၂ ခုနှစ်က ဖွင့်လှစ်ပြသခဲ့သော ရုပ်ရှင်ရုံတစ်ရုံဖြစ်ပြီး အကြောင်းအမျိုးမျိုးကြောင့် ရပ်တန့်ခဲ့ရကာ ယခုအခါ မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရုပ်ရှင်ကို ကြိုက်နှစ်သက်သူ မိဘပြည်သူများ ခေတ်နှင့်လျော်ညီစွာ 3D စနစ်ဖြင့် ရုပ်သံပိုင်းဆိုင်ရာကြည့်ရှုခံစားနိုင်ရေး၊ သက်သောင့်သက်သာထိုင်ခုံများနှင့် လေအေးပေးစက်များ ရုံအတွင်းတပ်ဆင်ထားကာ စိတ်ချမ်းသာစွာ အပန်းဖြေအနာယူနိုင်ရန်ကိုပါ ပြင်ဆင်ဆောင်ရွက်ထားကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

အသစ်ပြန်လည်ဖွင့်လှစ်ပြီး ရုံတင်ပြသလျက်ရှိသော ရွှေပြည်သာအဆင့်မြင့်ရုပ်ရှင်ရုံတွင် ပွဲချိန်များမှာ နံနက် ၁၁ နာရီ၊ မွန်းလွဲ ၂ နာရီ၊ ညနေ ၅ နာရီ၊ ည ၈ နာရီဟူ၍ ပွဲချိန်လေးချိန်ပြသမည်ဖြစ်ပြီး ရုံဝင်ခလက်မှတ်များမှာ ကျပ် ၁၀၀၀၊ ၁၃၀၀၊ ၁၅၀၀၊ ၂၀၀၀ နှင့် နှစ်တွဲထိုင်ခုံတစ်စောင် ကျပ် ၅၀၀၀ သတ်မှတ်ထားကြောင်းနှင့် တစ်ပတ်လျှင် ရုပ်ရှင်တစ်ကားနှုန်းဖြင့် ရုပ်ရှင်ဇာတ်ကားကောင်းများကို တင်ဆက်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်သန်းကြည်(ရွှေပြည်သာ)**



**ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် စနဲမြို့နယ် ကံပြင်ရပ်ကွက်နေ ဒေါ်မရွှေကြည်သည် ဖေဖော်ဝါရီ ၂၈ ရက် မွန်းလွဲပိုင်းတွင် ကံပြင်ဘုန်းတော်ကြီးကျောင်း အနောက်ဘက် သိမ်တောင်ကြီးပေါ်တွင် ဝက်ဝဲဥတူးဖော်ရာမှ တွေ့ရှိရသည့် ရခိုင်ငွေဒင်္ဂါးပြား ၄၁ ပြားအား တွေ့ရစဉ်။**

ခရိုင်(ပြန်/ဆက်)

**ပြည်သူ့သဘောထားစင်မြင့်**

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# ပြည်ထောင်စုစိတ်ဓာတ်ကို ဖျက်ဆီးသလိုဖြစ်နေသည့်ကိစ္စများ ရှောင်ရှား

## မောင်ဌေးဦး(စိန်ဂွမ်း)

ပြည်ထောင်စုစိတ်ဓာတ်ကို ဖျက်ဆီးပစ်ခြင်းသည် ပြည်ထောင်စုကြီးကို ဖျက်ဆီးဖြိုချခြင်းသာဖြစ်သောကြောင့် မည်သည့်ပြည်ထောင်စုသားကမျှ ထိုကဲ့သို့ သိလျက်နှင့် ပြုမူပြောဆိုနေကြမည်မဟုတ်ပါ။ သို့သော် ဒေါသ၊ မောဟ၊ လောဘအမှောင်များ ပိတ်ဖုံးနေလျှင်မူ ပြည်ထောင်စုစိတ်ဓာတ်ကို ပျက်ပြားစေရန် ရည်ရွယ်ဖျက်ဆီးနေသကဲ့သို့ အပြုအမူများ၊ အပြောအဆိုများကို ပြုမူပြောဆိုမိခဲ့ကြရာမှ ပြည်ထောင်စုသားများ၏ နှလုံးသားထဲတွင် တရားခံ လူဆိုးနာမည်ပျက်စာရင်းသွင်း ခံကြရတော့မည်ဖြစ်ပါသည်။

သို့ပါ၍ ရှောင်ရှားပြောဆို ပြုမူနိုင်ကြရန် အောက်ပါကိစ္စများကို နမူနာအဖြစ် ဖော်ပြသတိပေး သိစေအပ်ပါသည်။

**ပြည်ထောင်စုခေါင်းဆောင်များကို စော်ကားခြင်း**

မြန်မာနိုင်ငံတော်ကြီး ပေါ်ပေါက်လာစေရန် ကြိုးပမ်းအားထုတ်ခဲ့ကြသော ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် တိုင်းရင်းသားခေါင်းဆောင်ကြီးများသည် ပြည်ထောင်စု၏ ကျေးဇူးရှင်များဖြစ်သကဲ့သို့ တိုင်းရင်းသားအသီးသီး၏ ခေါင်းဆောင်ကြီးများလည်းဖြစ်သည်။

ထို့ကြောင့် အဆိုပါခေါင်းဆောင်တစ်ဦးကို မခန့်လေးစား စော်ကားခြင်းသည် သက်ဆိုင်ရာတိုင်းရင်းသားလူမျိုးများကို စော်ကားခြင်းဖြစ်သောကြောင့် ပြည်ထောင်စုသားအားလုံး၏ စိတ်နှလုံးကို ထိခိုက်ပျက်ပြားစေနိုင်ပါသည်။ တိုင်းရင်းသားလူမျိုး တစ်မျိုးနှင့်တစ်မျိုး ထိုကဲ့သို့ မခန့်လေးစားပြောဆိုပြုမူနေကြပါလျှင် ပြည်ထောင်စုစိတ်ဓာတ် ပျက်သုဉ်းပျောက်ဆုံးဖို့သာ ရှိတော့မည်ဖြစ်ပါသည်။

ထို့ကြောင့် ပြည်ထောင်စုခေါင်းဆောင် တစ်ယောက်၏အမည်ကို အလိုမရှိဟုဆိုခြင်းသည် ပြည်ထောင်စုကို အလိုမရှိဟု ဆိုခြင်းသာဖြစ်ပါသည်။ မည်သူမျှ စိတ်နှလုံးမထိခိုက်ဘဲ မိမိ၏ရပ်တည်ချက်ကို အများလက်ခံလာစေရန် ညင်ညင်သာသာ၊ ညက်ညက်ညောညော ထုတ်ဖော်တင်ပြရန် ဒီမိုကရေစီအခွင့်အရေး အပြည့်အဝရှိသောခေတ်သို့ ရောက်ရှိနေပြီဖြစ်ပါသည်။

သို့ပါလျက် ရင့်ရင့်သီးသီး မခန့်လေးစားပြုခြင်းသည် ပြည်ထောင်စုကြီးကို မလိုမလား ပြည်ထောင်စုစိတ်ဓာတ်များ ပျက်ပြားစေရန် ဖျက်ဆီးသကဲ့သို့ ဖြစ်နေသည့်အတွက် ထိုအပြုအမူမျိုးကို လုံးဝရှောင်ရှားကြရန်လိုပါသည်။ ထို့ပြင် ထိုသို့ ပြုမူပြောဆိုခဲ့သူများအနေဖြင့် မိမိတို့မှားယွင်းမှုအပေါ် ဝန်ချတောင်းပန်မှုမပြုသရွေ့ ပြည်ထောင်စုသားများ၏ နှလုံးသားတွင် အမည်မည်းစာရင်းဝင်များအဖြစ် သတိရနေကြတော့မည်ဖြစ်ပါသည်။

**ဒေသတစ်ခုအတွက် ဖွံ့ဖြိုးရေးချေးငွေကို ဝေဖန်တိုက်ခိုက်ခြင်း**

ယနေ့ ပြည်ထောင်စုကြီးတစ်ခုလုံးသည် နှစ်ပေါင်းများစွာ ပျက်စီးယိုယွင်းနေခဲ့သည့်အတွက် ဒေသတိုင်းသည် လိုအပ်ချက်များ ဗရပွနှင့် ပြည့်နှက်နေပါသည်။

ယနေ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အစိုးရသည် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပြည်သူလူထု ဆင်းရဲမွဲတေမှုမှ လွတ်မြောက်ရေးလုပ်ငန်းများကို အိတ်သွန်ဖာမှောက်ရုံမျှမက နိုင်ငံတကာချေးငွေများ ချေးယူဆောင်ရွက်ပေးနေရပါသည်။

ဤသည်ကို ပြည်ထောင်စုအဆင့် တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ဒေသတစ်ခုအတွင်းရှိ နိုင်ငံခြားချေးငွေဖြင့် တည်ဆောက်မည့် တံတားကြီးတစ်ခုအတွက် တင်ရှိသည့် အကြွေးကို ဒေသခံများကသာ နိုင်ငံခြားသို့ ပေးဆပ်သင့်ကြောင်းနှင့် အခြားသောတိုင်းဒေသကြီးနှင့် ပြည်နယ်သားများကို ထိုအကြွေးကို မဆပ်စေသင့်ကြောင်း လူသိရှင်ကြား ဆွေးနွေးပြောဆိုခဲ့ပါသည်။

တစ်နိုင်ငံလုံးဖွံ့ဖြိုးတိုးတက်စေရေးအတွက် စက်ပစ္စည်း ကိရိယာနှင့် ကုန်စည်များသည် နိုင်ငံတကာမှ ရောက်ရှိလာသည့်အခါ ထိုတံတားအသစ်ကြီးမှ ဖြတ်သန်း၍ နိုင်ငံအနှံ့သို့ ပို့ဆောင်ရမည့်လုပ်ငန်းသည် ပြည်ထောင်စုဖွံ့ဖြိုးရေး လုပ်ငန်းစဉ် ဖြစ်ပါသည်။ ထို့ပြင် ပြည်ထောင်စုကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေများကို လိုအပ်နေသည့်ဒေသများတွင် လမ်းများ၊ တံတားများ၊ ကျောင်းများ၊ ဆေးရုံများ ဖြည့်ဆည်းပေးရမည့် လုပ်ငန်းသည် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် လုပ်ဆောင်ရသော လုပ်ငန်းဖြစ်သောကြောင့် ထိုကုန်ကျစရိတ်ကြွေးမြီများကို ထိုဒေသခံများကသာ တာဝန်ယူထမ်းဆောင်ရမည်ဆိုခြင်းသည် အမြင်ကျဉ်းမြောင်းခြင်း၊ တာဝန်မသိခြင်း၊ ပြည်ထောင်စုစိတ်ဓာတ်(မိသားစုစိတ်ဓာတ်) မရှိခြင်းများသာဖြစ်ပါသည်။

ပြည်ထောင်စု၏ ဒေသတစ်ခုနှင့်တစ်ခု ဆောင်ရွက်ရမည့် တာဝန်များကို တွက်ကတ်လာစေရန်နှင့် အခွင့်အရေးကို အလုအယက်ရယူရန် တွန်းပို့သကဲ့သို့ ဖြစ်နေပါသဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကို ဖျက်ဆီးနေခြင်းသာဖြစ်ကြောင်း သတိပြုရှောင်ရှားပြောဆိုသင့်ပါသည်။

**နာကြည်းဖွယ်ရာပုံရိပ်များကို ဖော်ထုတ်ခြင်း**

မငြိမ်းချမ်းသေးသော အခြေအနေတွင် တိုင်းရင်းသားလက်နက်ကိုင်များသည် ရန်သူကြီးများမဟုတ်ကြဘဲ ယာယီရန်ဘက်များသာဖြစ်ကြပါသည်။

မလွဲမရှောင်သာဖြစ်ပွားနေသော တိုက်ပွဲများကြောင့် သေကျေကြရသော တပ်မတော်သားများသည် လည်းကောင်း၊ တိုင်းရင်းသားလက်နက်ကိုင်များသည် လည်းကောင်း ကျွန်ုပ်တို့အားလုံး၏ သွေးရင်းသားရင်းမိသားစုဝင်များသာဖြစ်ပါသည်။

ထို့ကြောင့် မြင်တွေ့သူများ စိတ်နာကြည်းဖွယ်တိုက်ပွဲများတွင် သေကျေနေကြသူများ၏ ပုံများကို လူမှုကွန်ရက်များတွင်တင်ခြင်း၊ တစ်ဖက်ကို နာကြည်းဖွယ်ရာ ပြောဆိုခြင်းများသည် သက်ဆိုင်ရာပြည်ထောင်စုအတွင်းရှိ အဖွဲ့အစည်း၊ အသိုင်းအဝိုင်းများကို ဖြေမဆည်နိုင်အောင် စိတ်ဝမ်းကွဲစေနိုင်ပါသည်။ ဤအပြုအမူ၊ အပြောအဆိုများသည် ပြည်ထောင်စုကြီးကို ပြိုကွဲအောင် ပြုလုပ်သကဲ့သို့ ဖြစ်နေသည်ကို အထူးသတိပြုကြရန်လိုအပ်ပြီး ထိုသို့ပြုမူပြောဆိုနေသူများသည် ပြည်ထောင်စုစိတ်ဓာတ်ကို ဖျက်ဆီးနေသည့် ရန်သူများသာဖြစ်ပါသောကြောင့် ပြည်ထောင်စု၏ ရန်သူများအဖြစ် သတ်မှတ်ခံကြရမည်ဖြစ်ပါသည်။

**နိဂုံး**

ပြည်ထောင်စုကြီးသည် ထာဝရတည်ရှိနေမည့် အားလျော်စွာ တစ်ဖက်အသိုင်းအဝိုင်းကို ပြုမူပြောဆိုသည့်အခါ အမြော်အမြင်ရှိရန်၊ သဘောထားကြီးပြီး မြင့်မြတ်သည့် စိတ်ထားရှိရန်၊ ပြည်ထောင်စုကြီးအတွက် အနစ်နာခံရဲသည့် သတ္တိကိုပြရန် စသည့် ခေါင်းဆောင်သည့် နည်းလမ်းများဖြင့်သာ ပြည်ထောင်စုစိတ်ဓာတ်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်မည်ဖြစ်ပါသည်။

ပြည်ထောင်စုစိတ်ဓာတ်ကို ပျက်စီးအောင် မသိ၍ဖြစ်စေ၊ သိလျက်ဖြစ်စေ ပြုလုပ်ပြောဆိုနေသူများကို ပြည်ထောင်စုသားများအားလုံးမှ ပြတ်ပြတ်သားသား တုံ့ပြန်ထိန်းသိမ်းအရေးယူကြရန် လိုပါသည်။

ယခုအချိန်ကဲ့သို့ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးအတွက် ကြိုးပမ်းအားထုတ်လျက်ရှိသည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ကာလမျိုးတွင် ပြည်ထောင်စုစိတ်ဓာတ်ကို ပိုမိုရှင်သန်ခိုင်မာအောင် လှုံ့ဆော်ကြရမည့် တာဝန်သည် ပြည်ထောင်စုကြီးအပေါ် ချစ်မြတ်နိုးကြသူတိုင်းတွင် ရှိနေကြမည်ဖြစ်သည်ကို သတိပေးသိစေအပ်ပါကြောင်း။ ။

> **ပြည်ထောင်စုကြီးသည် ထာဝရတည်ရှိနေမည့်အားလျော်စွာ တစ်ဖက်အသိုင်းအဝိုင်းကို ပြုမူပြောဆိုသည့်အခါ အမြော်အမြင်ရှိရန်၊ သဘောထားကြီးပြီး မြင့်မြတ်သည့်စိတ်ထားရှိရန်၊ ပြည်ထောင်စုကြီးအတွက် အနစ်နာခံရဲသည့် သတ္တိကိုပြရန် စသည့် ခေါင်းဆောင်သည့် နည်းလမ်းများဖြင့်သာ ပြည်ထောင်စုစိတ်ဓာတ်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်မည်ဖြစ် . . .**

# စာမေးပွဲကြီးဖြေတဲ့နေ့မှာ

## ခင်မောင်ဌေး(ပညာရေး)

တက္ကသိုလ်ဝင်တန်းစာမေးပွဲကြီးဖြေဆိုဖို့အချိန်က အလွန်နီးကပ်နေပါပြီ။ ဖြေဆိုကြမယ့်ကျောင်းသား ကျောင်းသူတွေ၊ မိဘတွေနဲ့ ဆရာ ဆရာမတွေ လိုက်နာနိုင်အောင် ဆောင်းပါးတွေအမျိုးမျိုးရေးသားနေကြတာလည်း ဖတ်ကြရမှာပါ။

အခုချိန်ဟာ ကျောင်းသား ကျောင်းသူတွေလည်း စိတ်ပူ၊ စိတ်လှုပ်ရှားနေကြမှာပါ။ ပိုဆိုးတာက မိဘတွေပါပဲ။ တချို့ဆို လုပ်နေကျအလုပ်တွေကိုတောင် ရပ်နားပြီး သားသမီးနားပြန်ကပ်နေကြပါပြီ။ ဆရာ ဆရာမတွေ၊ ဂိုက်တွေအပြင် မိဘတွေကိုယ်တိုင်ကလည်း ဝိုင်းကူနေကြတာတွေ့ရပါတယ်။

တစ်နေ့ကတော့ ရင်းနှီးတဲ့မိဘတစ်ဦးက ဖုန်းဆက်လာပါတယ်။ "ဆရာတဲ့. . စာမေးပွဲဖြေတဲ့နေ့မှာလာဦးမှာလားတဲ့" ဆိုလိုတာက စာမေးပွဲဖြေလို့ပြန်လာရင် နောက်တစ်နေ့ဖြေမယ့် ဘာသာအတွက် သင်ပေးစေချင်တဲ့သဘောပါ။ မိဘဆိုတော့ ဒီလိုပဲနေမှာပါ။ ဒါနဲ့ခပ်ရှင်းရှင်းပဲပြန်ဖြေလိုက်ပါတယ်။ မလာတော့ပါဘူးလို့ ဘာလို့လည်းဆိုရင်-

**သင်ခန်းစာများပြီးဆုံးခြင်း**

ကလေးတစ်ယောက်အတွက် တစ်နှစ်သင်ရမယ့် သင်ရိုးတွေကို ဒီဇင်ဘာလကတည်းက ပြီးခဲ့ပါပြီ။ ဇန်နဝါရီနဲ့ ဖေဖော်ဝါရီလထဲမှာ ပြန်လှန်လေ့ကျင့်ပြီးပါပြီ။ မတ်လဆန်းအထိလည်း လေ့ကျင့်နေဆဲပါ။ ဒီတော့စာမေးပွဲဖြေမယ့်နေ့မှာ ထပ်ပြီး စာတွေကို လေ့ကျင့်ဖို့၊ သင်ပေးဖို့တကယ်ကို မလိုတော့လို့ပါ။ သင်ပြီးသားစာတွေကို ကြေညက်ဖို့ပဲ လိုပါတော့တယ်။

**ကိုယ်ပိုင်လေ့လာချိန်ပေးရခြင်း**

မိဘတွေဟာ သားသမီးတွေကို သိပ်ပြီးထူးချွန်စေချင်ကြပါတယ်။ ဒါကြောင့်လည်း နေ့မအား ညမနားသင်ပေးနေကြပါတယ်။ တတ်နိုင်ရန် တတ်နိုင်သလိုပေါ့။ များများတတ်နိုင်တဲ့ မိဘတွေရဲ့ သားသမီးတွေဟာ များများနားချိန်မရကြရှာပါဘူး။ ဆရာမျိုးစုံနဲ့ မနက် ၆ နာရီကနေ ည ၁၁ နာရီလောက်အထိ မောင်းကြပါတယ်။ အဲဒီမှာ ကလေးရဲ့ ကိုယ်ပိုင်လွတ်လပ်ချိန်ဆိုတာ လုံးဝပျောက်သွားပါတယ်။ ဆိုရရင် ကလေးကိုယ်တိုင် သူ့စိတ်နဲ့သူ့ကိုယ် လွတ်လွတ်လပ်လပ် လေ့လာနိုင်မှုဆိုတာ မရှိသလောက်ပါပဲ။

**အနီးကပ်သင်ကြားခြင်း**

စာမေးပွဲဖြေရတော့မယ့်အချိန်မှာ အနီးကပ်သင်ကြားခြင်းက ကောင်းကျိုးများစွာ မပေးနိုင်ပါဘူး။ ပုစ္ဆာအသစ်တွေ၊ ပုံစံအသစ်တွေ သင်ပေးခြင်းတွေလည်း မပြုသင့်ပါဘူး။ ဘာကြောင့်လည်းဆိုတော့ တစ်နှစ်လုံးသင်ထားတဲ့ သင်ခန်းစာနဲ့ သိနေတဲ့ အသိတွေကို ဇဝေဇဝါမဖြစ်စေသင့်တော့ပါဘူး။ စာကိုကြေအောင်သာ ပြန်လှန်လေ့ကျင့်စေသင့်ပါတယ်။

**ရှောင်ရန်ဆောင်ရန်**

စာမေးပွဲကြီးဖြေတဲ့နေ့မှာ အထူးရှောင်ကြဉ်အပ်တဲ့အရာတွေရှိပါတယ်။ ဖြေဆိုမယ့်ညမှာ ဖတ်မှတ်လေ့ကျင့်နေတာဖြစ်ပါတယ်။ ဒါလည်းအတိုင်းအတာရှိပါတယ်။ ည ၁၁ နာရီ (ဝါ) ၁၂ နာရီလောက်ထက်ပိုပြီးမကြည့်သင့်ပါဘူး။ တချို့နံနက် ၂နာရီ ၃ နာရီလောက်ထပြီး စာပြန်ကြည့်ကြတာတွေ့ရှိပါတယ်။ အဲဒါလုံးဝမှားယွင်းတဲ့စာကြည့်နည်းပါပဲ။

တကယ်တော့ ဖြေဆိုမယ့်ညမှာ ပထမဦးစားပေးရွေးချယ်ပေးထားတဲ့ သင်ခန်းစာတွေကို ရအောင်ပြန်နွှေးရပါမယ်။ အချိန်ရသေးရင် ဒုတိယဦးစားပေးတွေကို ထပ်ပြီးနွှေးပါ။ ကျန်တဲ့သင်ခန်းစာတွေကို များများဖတ်ထားမှတ်ထားလိုက်ပါ။ သင်ခန်းစာအသစ်တွေကို တိုးပြီး မကျက်မှတ်သင့်တော့ပါ။ မနက်စောစောထပြီး စာနွှေးချင်သေးရင်တော့ ၁၁ နာရီလောက်အထိပဲ လေ့လာသင့်ပါတယ်။ အစောပြန်ထရင်လည်း ၄ နာရီထက်စောပြီး မထသင့်ပါဘူး။

စာတွေကိုပြန်ကြည့်ချိန်ဟာ နံနက် ၆ နာရီဆိုရင် ရပ်နားသင့်ပါတယ်။ ၆ နာရီထိုးတာနဲ့ ရေမိုးချိုး၊ သန့်စင်ခန်းဝင်၊ ပြီးတာနဲ့ နံနက်စာကို ဝဝလင်လင်စားသုံးဖို့လိုပါတယ်။ စာမေးပွဲဖြေဆိုချိန်ဟာ နံနက် ၉ နာရီကနေ ၁၂ နာရီအထိ ၃ နာရီတိတိကြာမြင့်မှာဖြစ်ပါတယ်။ စာမေးပွဲဖြေဆိုချိန်ဟာ ၉ နာရီဆိုပေမယ့် ရန်ကုန်လို မြို့ကြီးမှာတော့ ၇ နာရီလောက်ကတည်းက ထွက်ဖို့ပြင်ကြရပါတယ်။

ကျောင်းသား ကျောင်းသူတိုင်း လွဲမှားစွာလုပ်နေတဲ့ အချက်တစ်ချက်ကို ပြောချင်ပါတယ်။ အဲဒါကတော့ နံနက်ကျောင်းသွားချိန် ၇ နာရီကနေ ၈ နာရီခွဲလောက်အတွင်းကို စာတွေအပြန်ပြန်အလှန်လှန်ကြည့်နေကြခြင်းပါပဲ။ နယ်မှာဆိုရင် ဆိုင်ကယ်တို့၊ စက်ဘီးတို့နဲ့ ကျောင်းပို့ပေးတာများကြပါတယ်။ အဲဒီအချိန်မှာဆိုင်ကယ်စီးရင်း၊ စက်ဘီးစီးရင်း နောက်ကထိုင်ပြီး လိုက်ကြရတယ်။ ကြည့်လိုက်ရင် စာအုပ်ကိုယ်စီနဲ့။ ဘယ်လိုစိတ်အာရုံမျိုးနဲ့များ စာတွေကြည့်နေပါလိမ့်။ ရန်ကုန်မှာဆိုရင်လည်း ဖယ်ရီကားတွေပေါ်မှာ စာအုပ်ကိုယ်စီနဲ့။ ကိုယ်ပိုင်ကားတွေပေါ်မှာလည်း အဲကွန်းဖွင့်ပြီး စာအုပ်ကိုယ်စီနဲ့။ တကယ်တမ်း ဆန်းစစ်ကြည့်ရင် အဲဒါဟာ ဘာစာမှမရပါဘူး။ မှတ်လည်းမမှတ်မိနိုင်ပါဘူး။ ဟန်ရေးပြသက်သက်ပါပဲ။

ဒီနေရာမှာ စာရေးသူရဲ့ အတွေ့အကြုံကိုပြောပြဖြစ်နေပါတယ်။ စာရေးသူတို့လည်း စာမေးပွဲတွေ အများကြီးဖြေခဲ့ရပါတယ်။ တစ်နှစ်လုံးသင်ရမယ့်စာကို ကုန်အောင်သင်တယ်။ စာမေးပွဲနီးရင် အရေးကြီးတဲ့အပိုင်းတွေကို ပိုပြီးပိုင်နိုင်အောင် လေ့လာထားတယ်။ စာမေးပွဲဖြေမယ့်ညမှာ ပြန်ပြီးနွှေးသင့်တာနွှေးတယ်။ ဖတ်သင့်တာဖတ်တယ်။ အိပ်သင့်တဲ့အချိန်အတိုင်း အိပ်တယ်။ မနက် ၆ နာရီထိုးတာနဲ့ ဘာစာမှမဖတ်တော့ဘဲ ရေမိုးချိုးတယ်။ ဝအောင်စားတယ်။ ယူဆောင်ရမယ့် ပစ္စည်းပစ္စယတွေမမေ့အောင် ဂရုစိုက်တယ်။ ပြီးတော့ သူငယ်ချင်းတွေနဲ့ ရောက်တတ်ရာရာစကားပဲ ပြောနေလိုက်တယ်။ စာမေးပွဲဝင်ဖို့ သံချောင်းခေါက်ချိန်အထိ တစာစာလုပ်မနေပါဘူး။ အဲဒီလိုလုပ်တာဟာ တစ်နှစ်လုံး သလဲသီးများလို အကန့်အသတ်နဲ့ ဖတ်မှတ်ထားတဲ့ စာတွေကိုလည်း ဗလုံးဗထွေးဖြစ်အောင်လုပ်လိုက်ခြင်းပါပဲ။ ဒါကြောင့် မေးခွန်းကိုဖြေတဲ့အခါ တိတိကျကျနဲ့ ပြည့်ပြည့်စုံစုံမဟုတ်တော့ဘဲ ရောထွေးသွားတာ၊ မေ့ကျန်သွားတာတွေ ဖြစ်နိုင်ခြင်းပါပဲ။

တချို့တပည့်တွေဆိုရင် စာမေးပွဲနီးမှ ညလုံးပေါက်ကြည့်ကြတယ်။ မအိပ်ချင်အောင် လက်ဖက်တို့၊ သံပရာသီးတို့စားကြတယ်။ တချို့အားပြင်းအချိုရည်တွေ သောက်ကြတယ်။ မျက်လုံးက ပြူးကြောင်ပြီး မအိပ်ချင်တော့ဘူး။ တကယ်တော့ အိပ်စက်တယ်ဆိုတာ ဇီဝလိုအပ်ချက်ပါ။ အိပ်သင့်သလောက်အိပ်မှ အားဖြစ်မှာပါ။ အဲဒီလို ညတိုင်း အချိန်လွန်စွာ ကြည့်သူတွေဟာ စာမေးပွဲကို ပြီးဆုံးအောင် မဖြေနိုင်ကြပါဘူး။ မူးမေ့လဲလို့ ဆေးရုံပို့ရတာ၊ စာဖြေခန်းထဲမှာ အိပ်ပျော်သွားတာတွေဟာ မကြာခဏတွေ့နေရတာပါပဲ။

**အကြံပြုချင်**

တစ်နှစ်လုံး စာမှန်မှန်ကျက်မှတ်လာသူတွေအနေနဲ့ မြင်းကောင်းခွာလိပ် မဖြစ်စေချင်ပါဘူး။ ဒါကြောင့် စာရေးသူ ပြောခဲ့တဲ့အတိုင်း ပြန်လှန်လေ့ကျင့်ဖို့ရတဲ့အချိန်မှာ ဖိအားတွေ၊ တွန်းအားတွေမရှိပါစေနဲ့။ ရတဲ့အချိန်အတွင်းမှာ ရနိုင်သလောက် ပြန်ပြီးလေ့ကျင့်ပါ။ အိပ်ရေးဝဝအိပ်ပါ။ အာဟာရဖြစ်မယ့်အစာကို စားပါ။ ဖြေဆိုခါနီးအချိန်အထိ တစာစာလုပ်တာတွေကို ရှောင်ပါ။ မိမိကိုယ်မိမိယုံကြည်မှုအပြည့်ထားပြီး ဖြေဆိုကြမယ်ဆိုရင် အခက်အခဲ တစ်စုံတစ်ရာရှိတဲ့တိုင် ကြီးကြီးမားမားတွေ့နိုင်မှာမဟုတ်ဘဲ လိုချင်တဲ့ ဂုဏ်ထူးပန်းတိုင်ကို လှမ်းကိုင်နိုင်ကြမှာသာ ဖြစ်ပါကြောင်း။ ။

# မင်းစုံတောင်ဘေးမဲ့တောအတွင်းသို့ ကြယ်လိပ်အကောင် ၃၀၀ ဘေးမဲ့လွှတ်

**နွားထိုးကြီး မတ် ၂**

မင်းစုံတောင် ဘေးမဲ့တောအတွင်း ကြယ်လိပ်ကောင်ရေ ပြန်လည်တိုးပွားလာစေရေးအတွက် ဖေဖော်ဝါရီ တတိယပတ်က မင်းစုံတောင်ဘေးမဲ့တော ကြယ်လိပ်မွေးခြံအတွင်းမှ ပေါက်ပွားလာသော သုံးနှစ်သားမှ ငါးနှစ်သားများဖြစ်သည့် မြန်မာ့ကြယ်လိပ်အကောင် ၃၀၀ကို မင်းစုံတောင်ဘေးမဲ့ သဘာဝတောအတွင်းသို့ တတိယအကြိမ်မြောက် စေလွှတ်ပွဲ ပြုလုပ်ခဲ့ကြောင်း သိရသည်။

မင်းစုံတောင် ဘေးမဲ့တောရုံ အတွင်း၌ မွေးမြူထားသော သုံးနှစ်သားမှ ငါးနှစ်သားအရွယ်ရှိ ကြယ်လိပ်(အထီး ၁၅၀၊ အမ ၁၅၀) စုစုပေါင်းကြယ်လိပ်အကောင် ၃၀၀ တို့ကို ခြံလှောင်မွေးထားသော မွေးမြူရေးခြံကြီးအတွင်းမှ သဘာဝ ဘေးမဲ့တောအတွင်းရှိ စမ်းသပ်လွှတ်ခြံကြီးသုံးခြံအတွင်းသို့ ရွှေ့ပြောင်းစေလွှတ်ခဲ့ပြီး ၎င်းခြံကြီးသုံးခြံတွင် ကြယ်လိပ်များကို တစ်နှစ်ကြာအထိ ထိန်းသိမ်းလေ့ကျင့်ထားရန် ရည်ရွယ်ထားကြောင်း သိရသည်။

ကြယ်လိပ်များကို တစ်နှစ်ခန့် ခြံတွင်းထည့်ထားခြင်းဖြင့် ၎င်းတို့ နေထိုင်သောနေရာ ဒေသနှင့် ယဉ်ပါးစေရန်ဖြစ်ပြီး ခြံမှ စေလွှတ်ပြီးသော အခါတွင်လည်း ဘေးမဲ့တော၏ နယ်နိမိတ်အပြင်ဘက်သို့ သွားရောက်မှု လျော့နည်းစေရန်ဖြစ်သည်။ ယင်းသို့ ဆောင်ရွက်ရခြင်းမှာ ဘေးမဲ့တောအတွင်း ကျက်စားရှင်သန်ခြင်းကြောင့် ၎င်းတို့အတွက် ဘေးရန်ကင်းစွာ ဆက်လက်ရှင်သန် နေထိုင်နိုင်မည် လည်းဖြစ်သည်။ အဆိုပါကြယ်လိပ်များသည် ဘေးမဲ့တောအနီးဝန်းကျင်ရှိ ယာမြေများသို့ ရောက်ရှိသွားလျှင် လိပ်ဖမ်းဆီးရောင်းဝယ်သူများနှင့် ဒေသခံခွေးများ၏ ဘေးအန္တရာယ်ကြောင့် ဖမ်းဆီးသတ်ဖြတ်ခြင်းခံရနိုင်ကြောင်းလည်း သိရသည်။

မင်းစုံတောင်ဘေးမဲ့တောအတွင်းရှိ တောင်ပေါ် စေတီကြီးဘုရား၏ ဆုတောင်းပြည့် ရင်ပြင်ပေါ်တွင် တတိယအကြိမ်မြောက်အဖြစ် ကြယ်လိပ်လွှတ်ပွဲအခမ်းအနားကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်) နှင့် လိပ်မျိုးဆက်ရှင်သန်ရေးအဖွဲ့ (TSA)တို့ပူးပေါင်း၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

တတိယအကြိမ်မြောက် ကြယ်လိပ်လွှတ်ပွဲ အခမ်းအနားအစီအစဉ်အရ မင်းစုံတောင်ရှိ လိပ်မွေးခြံတွင်းမှ တောတွင်း စမ်းသပ်လွှတ်ခြံသို့ စေလွှတ်မည့် ကြယ်လိပ်အကောင် ၃၀၀ကို တောတွင်းရှိ ၂ ဒသမ ၅ ဧက (၁ ဟက်တာ)စီ ကျယ်ဝန်းသော လိပ်ခြံသုံးခြံအတွင်းသို့ တစ်ခြံလျှင် ကြယ်လိပ်အကောင် ၁၀၀ စီ ထည့်သွင်းစေလွှတ်ခြင်းဖြစ်သည်။ စေလွှတ်ခဲ့သည့် ကြယ်လိပ်များမှာ ၂၀၁၆ ခုနှစ် ဒီဇင်ဘာတွင် အမှတ်အသားစနစ်သုံးမျိုးဖြစ်သော (၁)မိုက်ကရိုချစ်ထည့်သွင်းခြင်း၊ (၂)အနားများအား တံစဉ်းတိုက်ခြင်း၊ (၃) စ ခ ဗ ဝ အက္ခရာထိုးခြင်းနှင့် ID နံပါတ်များ ကျောခွံတွင် Tattoo ရေးထိုးခြင်း စသည်ဖြင့် မှတ်သားထားပြီး သန်ချဆေးထိုး၍ သန်ချထားပြီး ကျန်းမာသော အကောင်များဖြစ်ပါသည်။

မလွှတ်မီ ၎င်းကြယ်လိပ်များ၏ ကိုယ်အလေးချိန်နှင့် အတိုင်းအထွာများလည်း မှတ်တမ်းရရှိပြီးဖြစ်ကြောင်းနှင့် လွှတ်ပြီးအတန်ကြာ တောတွင်းခြံတွင်လည်း သဘာဝအစာများ ရှာဖွေမစားတတ်သေးသောအကောင်များအတွက်လည်း မိုးဦးကျသဘာဝအစာများပေါ်များသည့်အချိန်အထိ ဖြည့်စွက်စာကျွေးရန် စီစဉ်ထားကြောင်း သိရသည်။

**(သက်ဆွေအေး)**





## ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ဥပဒေရေးရာ ဟောပြော

**ရန်ကုန် မတ် ၂။** ။ ဥပဒေအထောက်အကူပြုသူများကွန်ရက်အဖွဲ့က ဦးဆောင်၍ ကလေးသူငယ်များ အခွင့်အရေးဆိုင်ရာဥပဒေနှင့်ပတ်သက်၍ ဟောပြောပွဲကို ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၉ နာရီက ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် သုခလမ်းမွှာရုံ၌ကျင်းပခဲ့သည်။

အဆိုပါဟောပြောပွဲတွင် ဥပဒေရေးရာကိစ္စများ၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ စောင့်ရှောက်ကူညီပေးရေး ဥပဒေနှင့်ပတ်သက်သည့် ဆောင်ရွက်ပေးရမည့်အခြေအနေများနှင့် ရှေ့လုပ်ငန်းဆိုင်ရာများကို အင်းစိန်မြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသမီးနှင့် ကလေးသူငယ်ကာကွယ်ရေးကော်မတီ အတွင်းရေးမှူး ဒေါ်နော်လှလှစိုး၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ စောင့်ရှောက်ကူညီရေးအဖွဲ့မှ ဒေါ်လှမျိုးစုနှင့် ဥပဒေရေးရာပညာရှင်များ စုစုပေါင်း ၂၃ ဦး တက်ရောက်ကြပြီး ဆွေးနွေးဟောပြောခဲ့ကြကြောင်း သိရသည်။ **(မြဇေ)**

## ❂ ရွှေဟောင်းသမိုင်းဝင်မှ

အဆိုပါလေှလှော်ပြိုင်ပွဲကို စတင်ကျင်းပနိုင်ရန်အတွက် ကလေးခရိုင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲကျင်းပရေးကော်မတီနာယက ဦးကိုကိုနိုင်၊ ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်မိုးနှင့် မြို့မိမြို့ဖ မြန်မာ့ရိုးရာ လှေလှော်ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးပေါက်ဖော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌနှင့် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်က ပြိုင်ပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ရှင်းလင်းတင်ပြပြီး အဆိုပါ မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲကိုချင်းတွင်းမြစ်အတွင်း၌ အမျိုးသားအသင်း ၁၈ သင်းနှင့် အမျိုးသမီးအသင်း ၁၀သင်းတို့က မြန်မာ့ရိုးရာအနှစ်သာရပါပါ ရွှေမုဋ္ဌောတံခွန်စိုက်ဒိုင်းဆုကြီးအပါအဝင် ဆုတံဆိပ်များနှင့်ဆုကြေးငွေများ ဆွတ်ခူးရရှိနိုင်ကြရေး၊ ဒေသဂုဏ်ဆောင်နိုင်ကြရေးတို့အတွက် အားမာန်အပြည့်ဖြင့် ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**သက်ဟန်(ပြန်/ဆက်)**

# တောင်ကုတ်မြို့နယ်တွင် လူသေအလောင်း တစ်လောင်းတွေ့ရှိရာမှ စုံစမ်းဖော်ထုတ်ဖမ်းဆီးပြီး အမှုဖွင့်စစ်ဆေးလျက်ရှိ

**နေပြည်တော် မတ် ၂**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် လမူးမော်ကျေးရွာအနီးတွင် မတ် ၁ ရက် နံနက်ပိုင်းက အလောင်းတစ်လောင်းတွေ့ရှိသဖြင့် စုံစမ်းဖော်ထုတ်ဖမ်းဆီး၍ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

တောင်ကုတ်မြို့နယ် လမူးနယ်မြေရဲစခန်းမှ တာဝန်ရှိသူများသည် သတင်းအရ လမူးမော်ကျေးရွာ လမူးချောင်း၏ တောင်ဘက်ကမ်းစပ်သို့ မတ် ၁ရက် နံနက်ပိုင်းက သွားရောက်စစ်ဆေးခဲ့ရာ အသက် (၂၀)ခန့်ရှိ အမျိုးသားတစ်ဦး၏ အလောင်းအား ကုပ်ပိုးနှင့် ဝဲလက်ဖဝါးတို့တွင် ပြတ်ရှဒဏ်ရာတစ်ချက်စီဖြင့် ပုပ်ပွလျက်အနေအထားဖြင့် တွေ့ရှိခဲ့သည်။

ဖြစ်စဉ်ကို စုံစမ်းရာ သေဆုံးသူမှာ မင်းမင်း(ခ)စိုင်းအောင် အသက်(၂၀) နှစ်ခန့် မြိတ်မြို့ဇာတိဖြစ်ပြီး လွန်ခဲ့သောခြောက်လခန့်က ချောင်းကြီးကျေးရွာနေ အောင်ကိုမြင့်(ဘ) ဦးတင်မြင့်နှင့် လိုက်ပါနေထိုင်သူဖြစ်ကြောင်း၊ ပြစ်မှုကျူးလွန်သူ အောင်ကိုမြင့်အား မတ် ၁ ရက် ညနေပိုင်းတွင် သံတွဲမြို့နယ် ရွှေလှေကျေးရွာ သံတွဲ- တောင်ကုတ် ကားလမ်း၌ ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးခဲ့ရာ ၎င်းသည် လွန်ခဲ့သောလေးနှစ်ခန့်က မလေးရှားနိုင်ငံသို့ တရားမဝင် သွားရောက်အလုပ်လုပ်ကိုင်ပြီးနောက် ယခင်နှစ် မေလတွင် မြန်မာနိုင်ငံသို့ ပြန်လာခဲ့ကြောင်း၊ ၎င်းသည်စက်တင်ဘာလမှစ၍ ရန်ကုန်-စစ်တွေ ရွှေစန်းပွင့်ကုန်တင်သင်္ဘောတွင် လုပ်ကိုင်ခဲ့ပြီး သေဆုံးသူနှင့် ရင်းနှီးခဲ့ကြောင်း၊ ၎င်းသည် အလုပ်အဆင်မပြေသဖြင့် ချောင်းကြီးကျေးရွာသို့ ပြန်လာစဉ် သေဆုံးသူ မင်းမင်းမှာ အတူလိုက်ပါလာခဲ့ခြင်းဖြစ်ကြောင်း။

ထို့နောက် လမူးမော်ရွာအနောက်ဘက်ရှိ မျက်ပြူး (ခ)ဆန်းလှိုင်၏ ခနိခုတ် သက်ငယ်လုပ်ငန်းတွင် တစ်လလျှင် ငွေကျပ် ၁၂၀၀၀၀ ဖြင့် လုပ်ကိုင်ခဲ့ကြကြောင်း၊ ဖေဖော်ဝါရီ ၂၅ ရက် မွန်းလွဲ ၁ နာရီခန့်က ၎င်းတို့အရက်အတူသောက်ခဲ့ပြီး သေဆုံးသူ မင်းမင်းက ဆဲဆိုခြိမ်းခြောက်ပြောဆိုသဖြင့် ၎င်းက ခနိလှီးဓားဖြင့် ခုတ်သတ်ပြီး တဲအနီးရှိ လမူးချောင်းအတွင်းသို့ ပစ်ချခဲ့ကြောင်း ထွက်ဆိုသဖြင့် ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

## ❐ မြန်မာ-ထိုင်းမှ

နှစ်သင်းစလုံး ဂိုးရနိုင်သည့် အခွင့်အရေးများရခဲ့သော်လည်းအသုံးမချနိုင်ခဲ့သောကြောင့် သရေရလဒ်ဖြင့် ပြီးဆုံးခဲ့ခြင်းဖြစ်သည်။ ထိုင်းအသင်းနှင့်ခြေစမ်းပွဲမှာ မြန်မာအမျိုးသမီးအသင်းအတွက်အကျိုးရှိမည့် ခြေစမ်းပွဲဖြစ်ခဲ့ပြီးလိုအပ်ချက်၊ အားနည်းချက်များကို ခြေစစ်ပွဲမတိုင်မီ ပြင်ဆင်နိုင်မည်ဖြစ်သည်။

**သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-စိုးညွန့်**

## ❖ ကျောဖုံးမှ

၁၃မှတ်၊ ဧရာဝတီ၊ ရခိုင်နှင့်မကွေးအသင်းတို့က ရှစ်မှတ်စီ၊ ဟံသာဝတီအသင်းက ခြောက်မှတ်၊ Southern နှင့်GFA အသင်းတို့က ငါးမှတ်စီ၊ ချင်းယူနိုက်တက်နှင့်နေပြည်တော်အသင်းတို့က လေးမှတ်စီရရှိထားသည်။

ရန်ကုန်နှင့် ရှမ်းယူနိုက်တက်အသင်းတို့တွေ့ဆုံမှုမှာ ထိပ်ဆုံးနေရာအတွက် အရေးပါလာမည်ဖြစ်ပြီး ရှမ်းယူနိုက်တက်အနိုင်ရခဲ့ပါက အမှတ်တူသွားမည်ဖြစ်ကာ ရန်ကုန်အသင်းသာအနိုင်ရခဲ့ပါက အမှတ်ပိုဖြတ်နိုင်မည်ဖြစ်သည်။ ယင်းနှစ်သင်းထိပ်တိုက်တွေ့ဆုံမှုကို တတိယနေရာမှ လက်ရှိချန်ပီယံ ရတနာပုံအသင်း အခွင့်ကောင်းယူနိုင်ခြင်း ရှိ မရှိ စောင့်ကြည့်ရမည်ဖြစ်သည်။ ရန်ကုန်အသင်းတွင် အဓိကနောက်ခံလူမိုကာလူးပွဲပယ်ခံထားရပြီး ပြည်တွင်းကစားသမားများ၏ခံစစ်ဖြင့် ရှမ်းတိုက်စစ်ကို ထိန်းချုပ်နိုင်ရန် လိုအပ်နေကာ သွင်းဂိုးအများဆုံးသွင်းထားသည့် တိုက်စစ်ပိုင်းမှာ ရှမ်းနောက်တန်းကို အခက်တွေ့အောင်လုပ်နိုင်မည်မှာ သေချာပေသည်။ နောက်ဆုံးငါးပွဲဆက်အနိုင်ရထားသည့် ရန်ကုန်အသင်းအနေဖြင့် မကွေး၊ ဧရာဝတီစသည့်အသင်းကြီးများကို အိမ်ကွင်းတွင်အနိုင်ယူပြီးနောက် ရှမ်းယူနိုက်တက်ကိုလည်း အနိုင်ရရန် ကြိုးပမ်းမည်မှာသေချာနေသည်။ ရှမ်းယူနိုက်တက်အသင်းသည် ပြီးခဲ့သည့်ရာသီက ရန်ကုန်အသင်းကို အဝေးကွင်းတွင် အနိုင်ကစားထားရာ ယခုရာသီတွင် ထပ်မံအနိုင်ယူပြီး အမှတ်ကွာဟမှုကိုလျှော့ချနိုင်မလားဆိုတာ စိတ်ဝင်စားစရာကောင်းနေသည်။

ယခုတစ်ပတ်တွင် နိုင်ပွဲပြန်ရထားသည့် မကွေး၊ ဧရာဝတီအသင်းတို့မှာ ကစားပုံမာကျောသည့် ဟံသာဝတီ၊ Southern တို့နှင့် တွေ့ဆုံနေပြီး နိုင်ပွဲပျောက်ဆုံးနေသည့် ချင်းယူနိုက်တက်ထံမှ ဇွဲကပင်အသင်းအမှတ်ရယူနိုင်မလားဆိုတာ စောင့်ကြည့်ရမည်ဖြစ်သည်။

**သတင်း၊ ဓာတ်ပုံ-ရှိုင်းထက်ဇော်**




ရန်ကုန်နှင့်ရှမ်းယူနိုက်တက်အသင်း ၂၀၁၆ ရာသီကတွေ့ဆုံခဲ့စဉ်။

## သင်ကြားရေးအရည်အသွေးမြှင့် ဆရာဖြစ်သင်တန်း ပို့ချမည်

**ရန်ကုန် မတ် ၂**

မြန်မာနိုင်ငံအတွင်း ထူးချွန်အောင်မြင်သောသင်ကြားရေး ဆရာ ဆရာမများစွာ ပေါ်ထွန်းလာစေရန် သင်ကြားရေးအရည်အသွေးမြှင့် ဆရာဖြစ်သင်တန်းအပတ်စဉ်(၂)ကို WISDOM Education Centre(WEC) မှ Certificate Courses နှင့် ဒီပလိုမာ Courses များဖြင့် မတ်လတတိယပတ်မှစတင်ကာ ပို့ချသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းသို့ သင်ကြားရေး ဆရာ ဆရာမများအဖြစ် အလုပ်လုပ်ကိုင်နေကြသူများနှင့် အသက်မွေးဝမ်းကျောင်းပြုလိုကြသည့် ဘွဲ့တစ်ခုခုရရှိပြီးသူများ၊ တက္ကသိုလ်တက်ရောက်ဆဲကျောင်းသား၊ ကျောင်းသူများတက်ရောက်နိုင်ကြောင်း သိရသည်။ မြန်မာ့ပညာရေးလောကအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေမည့် ခေတ်မီသင်ကြားရေးနည်းစနစ်များ၊ သင်ထောက်ကူများ၊ နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းများဖြင့် စာတွေ့လက်တွေ့စနစ်တကျသင်ကြားပေးမည့် ဆရာ ဆရာမအရည်အသွေးမြှင့်သင်တန်းများကို ပညာရေးဆိုင်ရာပါမောက္ခများ၊ ဝါရင့်ဆရာ ဆရာမကြီးများ၊ ကလေးသူငယ်သင်ကြားရေးနှင့် စိတ်ပညာဆိုင်ရာကျွမ်းကျင်ပညာရှင်များဖြင့် အထူးစီမံသင်ကြားပို့ချပေးမည်ဖြစ်သည်။

WISDOM Education Centre(WEC) တည်ထောင်ထားသော ဆရာဦးရန်ဝင်းနောင်က "သင်တန်းသား သင်တန်းသူတွေအနေနဲ့ တစ်ပတ်ကို စနေ၊ တနင်္ဂနွေ နှစ်ရက်၊ ရက်သတ္တလေးပတ် တက်ရောက်ကြရမှာဖြစ်ပါတယ်။ Level တစ်ခုပြီးမြောက်တိုင်း သင်တန်းဆင်းအောင်လက်မှတ်တွေကိုချီးမြှင့်မှာပါ။ Level သုံးခု ပြီးမြောက်ရင် Diploma in Education Course ကို ဆက်လက်တက်ရောက်နိုင်ကြမှာဖြစ်ပါတယ်။ ငါးဦးနဲ့အထက်အဖွဲ့လိုက်လာရောက်အပ်နှံရင် ၂၀ ရာခိုင်နှုန်း၊ နှစ်ဦးမှ လေးဦး အဖွဲ့လိုက်လာရောက်အပ်နှံရင် ၁၀ ရာခိုင်နှုန်း ပညာသင်ဆု(Scholarship)ကို level သုံးခုလုံးအတွက်ရရှိကြမှာဖြစ်ပါတယ်"ဟု ပြောသည်။

ပြည်တွင်းသာမက ပြည်ပနိုင်ငံများဖြစ်သည့် UK၊ USA၊ Singapore၊ Malaysia၊ Thailand နှင့် India နိုင်ငံများရှိ International University College များမှ အသိအမှတ်ပြုထားသောကြောင့် Certificate ရရှိထားသူများသည် ထိုနိုင်ငံများတွင် ဆရာ ဆရာမများအဖြစ် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိမည်ဖြစ်ပြီး တက်ရောက်လိုပါက ဖုန်းနံပါတ် ၀၉-၇၉၈၄၃၇၇၈၂၊ ၀၉-၉၆၀၇၀၇၁၃၀ နှင့် ၀၉-၄၃၀၂၀၆၄၅ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(စိုးဝင်း-MLA)**

## ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် ရေလမ်းကောင်းမွန်ရေး လုပ်ဆောင်ပေး



**မုံရွာ မတ် ၂**

နွေရာသီ မြစ်ရေနည်းပါးချိန်များတွင် ချင်းတွင်းမြစ်အတွင်း အစုန်အဆန် ပြေးဆွဲလျက်ရှိသော လူစီးအမြန်ရေယာဉ်များနှင့် ကုန်တင်ရေယာဉ်များ မြစ်ကြောင်းတစ်လျှောက် အဆင်ပြေချောမွေ့စွာသွားလာနိုင်ရန် ရေလမ်းကြောင်းကောင်းမွန်ရေးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် သောင်တူးခြင်း၊ မျောတိုင်တန်းစိုက်ကျောက်ဖြည့်ရေကာများ တည်ဆောက်ပေးလျက်ရှိကြောင်း တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ချင်းတွင်းမြစ်သည် မုံရွာမြို့မှအထက်ချင်းတွင်းဒေသများသို့ ခရီးသွားလာရေးနှင့် ကုန်စည်များကို အစုန်အဆန်သယ်ယူပို့ဆောင်ရေးတို့တွင် အဓိကအားထားရသည်ဖြစ်ရာ ခရီးသည်တင်အမြန်ရေယာဉ်များ၊ ကုန်စည်တင်ရေယာဉ်များနှင့် အခြားရေယာဉ်ကြီးများသွားလာနိုင်ရေးအတွက် နွေရာသီတွင် မြစ်ကြောင်းအတွင်းသွားလာရခက်ခဲသော အဓိကနေရာများတွင် သောင်တူးခြင်း၊ မျောတိုင်တန်း စိုက်ကျောက်ဖြည့် ရေကာများကို အသစ်တည်ဆောက်ခြင်းနှင့် တည်ဆောက်ပြီး ရေကာများအားဖြည့်ခြင်းတို့ကို စတင်လုပ်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

"အလုံရေလမ်း၊ မုံရွာရေလမ်းနဲ့ မင်းကင်းမြို့နယ်အတွင်းမှာရှိတဲ့ ရေလမ်းတွေမှာ နွေရာသီ မြစ်ရေနည်းပါးချိန်၌ ရေယာဉ်တွေသွားလာနိုင်ဖို့အတွက် တည်ဆောက်ပြီးတဲ့ ကျောက်စီရေကာတွေ ပြန်လည်ပြင်ဆင်တယ်၊ အသစ်ဆောက်ပေးတယ်၊ နောက်ပြီး ရေကြောင်းကျပ်တဲ့နေရာတွေကိုလည်း သဲစုပ်စက်တွေနဲ့ လုပ်ပေးသွားမှာပါ၊ အခု ကျောက်စီရေကာတွေကို လုပ်ဆောင်နေပါတယ်" ဟု တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အထက်ချင်းတွင်းဒေသများသို့ မုံရွာမြို့မှ ကုန်တင်ရေယာဉ်အသင်း ၁၉ သင်းတွင်အစီးရေ ၄၅၂ စီး၊ လူစီးအမြန်ရေယာဉ် ကိုးစင်း၊ အစီးရေ ၁၃၄ စီးဖြင့် ကုန်စည်နှင့် ခရီးသည်များကို နေ့စဉ်ပြေးဆွဲပေးလျက်ရှိရာ နွေရာသီမြစ်ရေနည်းပါးချိန်များတွင် ရေယာဉ်များသွားလာမှု အဆင်ပြေစေရန် ရေလမ်းကြောင်းကောင်းမွန်ရေးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေကျပ် ၁၆၄ ဒသမ ၅၈ သန်းဖြင့် မုံရွာရေလမ်း၊ အလုံရေလမ်းနှင့် မင်းကင်းမြို့နယ်အတွင်းရှိ ရေလမ်းများတွင်ကျောက်စီရေကာ အသစ်တည်ဆောက်ခြင်း၊ ပြင်ဆင်ခြင်းလုပ်ငန်းများကို စတင်လုပ်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။ **ဝင်းဦး(ဓေယျာတိုင်း)**

## တံဆိပ်ခေါင်းနှင့် ရောင်းဝယ်ခွန် လျှော့ချပေးသဖြင့် အိမ်ခြံမြေအရောင်းအဝယ် ပိုကောင်းလာမည်



**မန္တလေး မတ် ၂**

အိမ်ခြံမြေရောင်းဝယ်ရာတွင် ပေးဆောင်ရသော တံဆိပ်ခေါင်းခွန်နှင့် ရောင်းဝယ်ခွန်များကို ပြည်တွင်းအခွန်များဦးစီးဌာနက ခုနစ်ရာခိုင်နှုန်းမှ လေးရာခိုင်နှုန်းအထိလျှော့ချလိုက်ခြင်းဖြင့် မန္တလေးမြို့တွင်းဧရိယာ တန်ဖိုးကြီးအိမ်ခြံမြေအရောင်းအဝယ်များ ယခင်ကထက် ပိုမိုကောင်းမွန်လာနိုင်ကြောင်း အိမ်ခြံမြေအကျိုးဆောင်များထံမှ သိရသည်။

ပြည်တွင်းအခွန်များဦးစီးဌာနက အိမ်ခြံမြေပိုင်ဆိုင်မှုများ အမည်ပေါက်မှန်ကန်စေရေးနှင့် အခွန်သက်သာစေရေးရည်ရွယ်ကာ ဖေဖော်ဝါရီ ၆ ရက်က တံဆိပ်ခေါင်းခွန်နှင့် ရောင်းဝယ်ခွန်အား ခုနစ်ရာခိုင်နှုန်းမှ လေးရာခိုင်နှုန်းသို့ လျှော့ချကြောင်း ထုတ်ပြန်ခဲ့သည်။

၂၀၁၅ ခုနှစ်မှစတင်၍ အိမ်ခြံမြေအခွန်နှုန်းများ ကောက်ခံမှုမြင့်မားခဲ့ခြင်းကြောင့် မန္တလေးမြို့တွင်း တန်ဖိုးကြီးအိမ်ခြံမြေအရောင်းအဝယ်များ အေးစက်ခဲ့ရသည်။ ကြိုက်ရောင်းကြိုက်ဝယ် အိမ်ခြံမြေဝယ်ယူသူများကလည်း မြေစာရင်းနှင့် စည်ပင်သာယာသို့လာရောက်အမည်ပြောင်းဆောင်ရွက်ခြင်းမရှိဘဲ အခွန်တိမ်းရှောင်ကာ GP ဖြင့်စာချုပ်ကာ ဝယ်ယူမှုများပြားကြောင်း အိမ်ခြံမြေအကျိုးဆောင်များထံမှ သိရသည်။ **သီဟကိုကို(မန္တလေး)**

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ မှာကြားချက်ထပ်ဆင့်ရှင်းလင်း

**တောင်ကြီး မတ် ၂**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော် တရာသူကြီးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ်တရားရေးဦးစီးမှူးများနှင့် ခရိုင်တရားသူကြီးများ (၁၂)ကြိမ်မြောက် လုပ်ငန်းအစည်းအဝေးမှ လမ်းညွှန်မှာကြားချက်များအပေါ် ထပ်ဆင့်ရှင်းလင်းပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၅ ရက်က ရှမ်းပြည်နယ်တောင်ကြီးမြို့နယ်တရားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်တရားလွှတ်တော် ပြည်နယ်တရားသူကြီးချုပ် ဦးကြွယ်ကြွယ်က ရှင်းလင်းပြောကြားသည်။

အဆိုပါ လမ်းညွှန်မှာကြားချက်များ ထပ်ဆင့်ရှင်းလင်းပွဲသို့ ရှမ်းပြည်နယ်တရားလွှတ်တော် ပြည်နယ်တရားသူကြီးချုပ်နှင့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများ၊ ပြည်နယ်တရားရေးဦးစီးမှူးနှင့် တရားရေးအရာရှိများ၊ ခရိုင်တရားသူကြီးများ၊ မြို့နယ်တရားသူကြီးများ၊ တွဲဖက်မြို့နယ်တရားသူကြီးများ၊ ဒုတိယမြို့နယ်တရား သူကြီးများနှင့် ဒုတိယဦးစီးမှူးများ စုစုပေါင်း ၈၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(၂၄၇)**

## ဆားလင်းကြီးမြို့၌ မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြ

**ဆားလင်းကြီး မတ် ၂**

မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးနှင့် လျှပ်တစ်ပြက် မီးဘေးအန္တရာယ်ကြုံတွေ့လာပါက တစ်ဦးတစ်ယောက်ချင်းဖြစ်စေ၊ အဖွဲ့လိုက်ပေါင်း၍ဖြစ်စေ မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြပွဲအခမ်းအနားကို မတ် ၁ ရက် မွန်းလွဲ ၂ နာရီက စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့ အမှတ်(၆)ချည်ထည်စက်ရုံဝင်းမျက်နှာစာ၌ ကျင်းပခဲ့ရာ ဆားလင်းကြီးမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆားလင်းကြီးမြို့ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးမှူးဦးညိုဝင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆားလင်းကြီးမြို့ အမှတ်(၆)ချည်ထည်စက်ရုံမှ စက်ရုံမှူးနှင့် ဝန်ထမ်းများ၊ စုစုပေါင်း အင်အား ၁၆၀၀ ခန့် တက်ရောက်ကြည့်ရှုခဲ့ကြသည်။ အခမ်းအနားသို့ ဆားလင်းကြီးမြို့ မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်နှစ်စီး၊ အမှတ်(၆)ချည်ထည်စက်ရုံမှ မီးသတ်ယာဉ်တစ်စီး စုစုပေါင်းသုံးစီးဖြင့် မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြခဲ့ကြကြောင်း သိရသည်။ **ဦးငယ်(ဆားလင်းကြီး)**



## ကျပ် ၅၀၀ တန်ထီလက်မှတ်ဝယ်ယူသူများပြား

**မန္တလေး မတ် ၂**

ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲက မတ် ၁ ရက်မှစ၍ ပြည်သူအများကံစမ်းနိုင်ရန်အတွက် ကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ်များကို ထီအရောင်းကိုယ်စားလှယ်များမှတစ်ဆင့် ရောင်းချပေးရာ မန္တလေးမြို့ ထီအရောင်းဆိုင်ကြီးများတွင် ဝယ်ယူကံစမ်းသူများ အထူးများလျက်ရှိသည်။ မန္တလေးမြို့ပေါ်ရှိ မြို့နယ်များအတွက် အောင်ဘာလေသိန်းဆုဌာနခွဲ (မန္တလေးရုံးခွဲ) မှတစ်ဆင့် ကိုယ်စားလှယ်များထံ ဖြန့်ဝေပေးထားသည်။

အောင်ဘာလေသိန်းဆုဌာနခွဲနှင့် ထီအရောင်းကိုယ်စားလှယ်တို့ ချုပ်ဆိုထားသော ပဋိညာဉ်စာချုပ်အရ ထီလက်မှတ်များပြန်လည်ရောင်းချရာတွင် ထီလက်မှတ်ပေါ်၌ ရိုက်နှိပ်ထားသော ထီလက်မှတ်တန်ဖိုးအတိုင်း ရောင်းချရန်နှင့် တန်ဖိုးအတိုင်းရောင်းချခြင်းမရှိပါက အမည်ပျက်စာရင်းအဖြစ်သတ်မှတ်ခြင်း၊ လစဉ်ထီစာအုပ်ဝယ်ယူခွင့်ကို ပြန်လည်ရုပ်သိမ်းခြင်း၊ ထီအရောင်းကိုယ်စားလှယ်က ဌာနသို့ပေးသွင်းထားသော အာမခံငွေအား သိမ်းယူခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထီလက်မှတ်ပါတန်ဖိုးထက် ပို၍ရောင်းချသူတွေ့ရှိပါက မြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာနရုံးများနှင့် အောင်ဘာလေသိန်းဆုဌာနခွဲ (မန္တလေးရုံးခွဲ) ဖုန်း ၀၂-၃၅၉၁၃ သို့ ဆက်သွယ်တိုင်ကြားနိုင်သည်။

ထီအရောင်းဆိုင်ကြီးများက တစ်စောင်ချင်းရောင်းချမှုနည်းပါးပြီး နှစ်စောင်တွဲ၊ သုံးစောင်တွဲ၊ ငါးစောင်တွဲ၊ ၁၀စောင်တွဲ၊ မင်္ဂလာစုံတွဲ၊ အထူးမင်္ဂလာစုံတွဲရောင်းချကြရာ တစ်စောင်ချင်းကံစမ်းလိုသူ အခြေခံလူတန်းစားများ အခက်အခဲဖြစ်ပေါ်ကြောင်း သိရသည်။ **မောင်ပြည်သူ(မန္တလေး)**

## ကျေးလက်ရေပေးရေးလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**မော်လမြိုင် မတ် ၂**

မော်လမြိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ခွင့်ရရှိသော စမ်းရေကူမွှာဇီမှ ကျေးလက်ရေပေးရေးလုပ်ငန်းများဖြစ်သော ကော့ပေါက်၊ မရမ်း၊ မရမ်းကွင်းကျေးရွာ တွင်းနက်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို မော်လမြိုင်မြို့နယ် ကျေးလက်ဦးစီးဌာန မြို့နယ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်လွင်နှင့် တာဝန်ရှိအင်ဂျင်နီယာများက ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ လုပ်ငန်းများ သတ်မှတ်ချိန်အတွင်း စံချိန်စံညွှန်းနှင့်အညီ ပြီးစီးအောင် အလေးထားဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

❒

# ကြေးမုံ ဖတ်ကြည့်

**မြန်မာစာပေပြန့်ပွားရေး၊ တိုးတက်ထွန်းကားရေးနှင့် စာဖတ်ပရိသတ်များ စာအုပ်စာပေအပေါ်တွင် ပိုမိုစိတ်ဝင်စားမှုရှိစေရေးအတွက် "ကြေးမုံဖတ်ကြည့်"ကဏ္ဍသစ်ကို ဖွင့်လှစ်လိုက်ပါသည်။ ကြေးမုံဖတ်ကြည့်ကဏ္ဍသည် စာအုပ်ထုတ်ဝေမှုသတင်းများကိုလည်း ပုံမှန်ဖော်ပြပေးခြင်းဖြင့် စာသမားများ၏ချင်ခြင်းကို တစ်ဖက်တစ်လမ်းမှ ကူညီပေးလိုပါသည်။ ပုံနှိပ်ထုတ်ဝေမှုသတင်း၊ ကြေးမုံဖတ်ကြည့်ကဏ္ဍဟု ထင်ရှားစွာလိပ်မူ၍ အမှတ်(၇၇)၊ (၅၂)လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ကြေးမုံသတင်းစာတိုက်သို့ ပေးပို့နိုင်ကြပါသည်။**

## ကျော်စောမင်း

၁။ **ဗုဒ္ဓဂယာ**

အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ် ဂယာမြို့ရှိ ဗုဒ္ဓဂယာသည် ဗုဒ္ဓဘာသာဝင်များအတွက် အလွန်အရေးကြီးပြီး အလွန်လည်းတန်ဖိုးကြီးသော ဌာနတစ်ခုဖြစ်သည်။ မြန်မာအများစုက ဗုဒ္ဓဂါယာဟု ခေါ်ကြသော်လည်း သူတို့က Budh Gaya ဗုဂယာဟုပဲ အသံထွက်သည်။ ထိုစာလုံးတွင် သီးခြားအဓိပ္ပာယ်ရှိသည်။ မပြောသင့်ဟု ယူဆ၍ မပြောတော့ပါ။ ယခုဖော်ပြမည့် စာအုပ်နှစ်အုပ်အနက် တစ်အုပ်တွင် ခြေရာကောက်နိုင်ကြပါသည်။

တစ်ချိန်က ဘာသာခြားများ သိမ်းပိုက်ဖျက်ဆီးခြင်း ခံခဲ့ရသည်။ ဗုဒ္ဓဘာသာဝင်များအတွက် အရေးကြီးလှသော်လည်း အခြားဘာသာဝင်များအတွက်မူ အုတ်ပုံမျှသာဖြစ်သော ထိုအဆောက်အအုံတို့ကို ရှာဖွေထုတ်ဖော်ပြီး နေရာမှန်သို့ ပြန်ရောက်ရန် ကြိုးပမ်းခဲ့သူနှစ်ဦးရှိသည်။ တစ်ဦးမှာ ကိုလိုနီခေတ် ကျောက်စာဝန် (ရှေးဟောင်းသုတေသနညွှန်ကြားရေးဝန်) ကန်နင်ဟမ် ဖြစ်၏။ သူက ခရစ်ယာန်ဘာသာဝင်။ ထို့ကြောင့် ဘာသာရေးမျက်စိဖြင့် မကြည့်။ ရှေးဟောင်းသုတေသနပညာရှင်မျက်စိဖြင့်သာ ကြည့်သည်။ ဗြိတိသျှအစိုးရသည် ကိုလိုနီဝါဒီနယ်ချဲ့များဖြစ်သော်လည်း အုပ်ချုပ်ရေးကိစ္စရပ်များတွင် အလွန်စေ့စေ့စပ်စပ်ရှိသည်။ ကျွန်းပင်များကို မျက်စိကျသည့်တိုင် ကျွန်းတောမပျောက်ရေးကို စီမံသည်။ ထို့အတွက် သစ်တောပညာရှင်များကိုသာ သစ်တောမင်းကြီးချုပ်အဖြစ် တာဝန်ပေးသည်။ သစ်တောမချစ်တတ်သူ၊ သစ်တောအကြောင်း နားမလည်သူကို သစ်တောဝန်ထမ်းအဖြစ်ပင် ခွင့်မပြု။ ရုံးစာရေးလောက်ပဲ ခန့်မည်။

ရှေးဟောင်းသုတေသနဌာန၏ အကြီးအကဲမှာလည်း ရှေးခေတ်အမွေကို ရှာဖွေတတ်သူ၊ ရှေးခေတ်အမွေကို ချစ်တတ်သူ Archeologist သာ ဖြစ်ရမည်။ စေတီနှင့် ပုထိုး ဘာကွာခြားမှန်းမသိဘဲ ဝန်ကြီးတက်ဖြစ်နေတတ်သော တိုင်းပြည်များနှင့်ကွာသည်။ ပုဂံကို မြေတူးစက်ဖြင့် တူးချင်သူ၊ ဘုရားကြား ဟိုတယ်ဆောက်ချင်သူတွေကြောင့် ပုဂံသည် ယူနက်စကိုအသိအမှတ်ပြု ရှေးဟောင်းအမွေအနှစ်စာရင်းမှ မေးမိုန်သွားခဲ့သည်မှာ စိတ်ပျက်ဖို့ကောင်းလှသည်။ အာရှတစ်ခွင်တွင် ဗုဒ္ဓဘာသာ ဗိသုကာလက်ရာ၌ ပုဂံကိုမီနိုင်သည့်နေရာမရှိ။ ရှေးဟောင်းအမွေအနှစ်အဖြစ်ပဲကြည့်ကြည့်၊ ဗုဒ္ဓဘာသာ ဗိသုကာလက်ရာအဖြစ်ပဲကြည့်ကြည့် ပုဂံ၏တန်ဖိုးသည် အန်ကောဝပ်တို့ ဗောရောဗုဒေါတို့ထက် အများကြီးမြင့်သည်။

ရှေးဟောင်းလက်ရာကို ကမ္ဘာ့အမွေအနှစ်အဖြစ် မြင်တတ်သောပညာရှင် ကန်နင်ဟမ်၏လက်တွင် အိန္ဒိယပြည်၏ ဗုဒ္ဓခေတ်လက်ရာများသာမက ဟိန္ဒူယဉ်ကျေးမှုအမွေအနှစ်များပါ တန်ဖိုးမြင့်လာပါတော့သည်။ လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော်မှ ယဉ်ကျေးမှုလက်ရာများနှင့် ဘာသာရေးအထိမ်းအမှတ်များကို ဗုဒ္ဓဘာသာပိုင်နက်အဖြစ် ပြန်လည်တွေ့မြင်ရသည်မှာ ထိုပညာရှင်၏ ကျေးဇူးဖြစ်သည်။ သူ၏ ပညာချစ်စိတ်ကို မှတ်တမ်းတင်ရပါမည်။

နောက်တစ်ဦးကတော့ ဘာသာရေးအခြေခံသည့် ကြည်ညိုစိတ်ဖြင့်လှုပ်ရှားခဲ့ခြင်းဖြစ်သည်။ သူလည်း အိန္ဒိယပြည်သား မဟုတ်။ သီဟိုဠ်မှ ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်သည်။ ဓမ္မပါလလို့အမည်ရပေမယ့် Baikku ဘိက္ခုခေါ်တဲ့ ရဟန်းမဟုတ်ပါ။ အနာဂါရိက Anagarika ခေါ်လူသူတော်ပါ။ သူက မိဂဒါဝုန်တစ်ဝိုက်ကို အထူးပြုမွမ်းမံသည်။ ဗုဒ္ဓဘာသာနှင့်ဆိုင်သော နေရာဒေသများ၊ အဆောက်အအုံများတွင် တခြားဘာသာဝင်များအပိုင်စီးခြင်းမျိုးတွေမှာ ဝတ္တက မြေသန့်သန့် ပြန်ဖြစ်ရန် (လွတ်လပ်ရေးအပြီးမှာ) အိန္ဒိယလွှတ်တော်အထိတက်ပြီး အရေးဆိုခဲ့သူဖြစ်သည်။ သူ့ကြောင့် ကျွန်တော်တို့သည် မဇ္ဈိမဒေသမှ ဗုဒ္ဓဘာသာနယ်မြေများ ယနေ့တွေ့ရသည့်အခြေအနေသို့ ရောက်လာပါသည်။

ဗုဒ္ဓဂယာနှင့်ပတ်သက်၍ ခရီးသွားမှတ်တမ်းရေးကြတာရှိခဲ့သည်။ စာရေးသူ(များ)ကိုယ်တိုင် ပါဝင်သရုပ်ဆောင်ထားသော ဓာတ်ပုံများကိုလည်း ဝေဝေဆာဆာ ထည့်တတ်သည်။ တချို့စာအုပ်တွေမှာ ခရီးစဉ်မှတ်တမ်းလောက်မျှသာ ဖြစ်သည်။ ခရီးသွား၊ ခရီးပို့ကုမ္ပဏီတွေကလည်း လမ်းညွှန်စာအုပ်များ ပြုစုဝေငှတတ်ကြသည်။

ဗုဒ္ဓဂယာနှင့် မဇ္ဈိမဒေသတစ်ခွင် ဘုရားဖူးခရီးသည် ဗုဒ္ဓဘာသာဝင်များအတွက် အရေးကြီးသောခရီးဖြစ်၏။ တစ်ချိန်တုန်းကတော့ မြန်မာဘုရားဖူးရှားပါးလှ၍ ဘုန်းတော်ကြီးကျောင်းများကအစ စည်စည်ပင်ပင်မရှိခဲ့ပါ။ ထိုစဉ်က နိုင်ငံကူးလက်မှတ်ရရန် ခက်လှ၏။ နိုင်ငံခြားငွေကိုင်ဆောင်ခွင့်မရှိသောခေတ်ဖြစ်ပြီး ဘုရားဖူးခရီးဆိုလျှင် နိုင်ငံတော်ဘက်မှ ဒေါ်လာ သို့မဟုတ် ရူပီးထုတ်ပေးရမှာကြောင့်လည်းဖြစ်သည်။ ဗုဒ္ဓဂယာဘုရားဖူးခရီးခွင့်ပြုသည်ဆိုပြီး ၁၉၈၅ လောက်တွင် တစ်ကြိမ်လုပ်ခဲ့ဖူးသည်။ တစ်ဖွဲ့မှာ ၂၂ ယောက်နှုန်းဖြင့် ခွင့်ပြုသည်။ နှစ်ဖွဲ့ပဲ သွားခွင့်ရပြီး ရပ်သွားပါ၏။


ယခုကား အများကြီးလွယ်ကူသွားပါပြီ။ ဗုဒ္ဓဂယာတို့ သာဝတ္ထိတို့၊ ဗာရာဏသီတို့မှာသာမက နီပေါနယ်စပ်ရှိ နောင်တန်ဝတို့၊ မြောက်ပိုင်းမှ သက်ဿနဂိုရ်တို့မှာပင် ကြီးမားသောဘုန်းကြီးကျောင်းတွေ ရှိလာပါပြီ။ မြန်မာဘုရားဖူးများအတွက် အလွန်အဆင်ပြေလာပါပြီ။

ဤကဲ့သို့ ဘုရားဖူးခရီးထွက်ခွင့်ရလာသောအခါ တချို့က မှတ်တမ်းများပြန်ဖတ်ပြီး ပြင်ဆင်သင့်တာ ပြင်ဆင်ကြသည်။ တချို့က စာအုပ်ပါအတိုင်း စုံစုံစေ့စေ့ လေ့လာနိုင်ရန် စာအုပ်ယူသွားကြသည်။

ထိုကိစ္စအတွက် စာအုပ် နှစ်အုပ်ကို ညွှန်းလိုပါသည်။

၂။ **မနှင်းဖွေး၏ မဇ္ဈိမပုံရိပ်လွှာ**

မသွားခင်ပြင်ဆင်ရမှုများမှအစ ခရီးတစ်လျှောက်ကြုံတွေ့ရသမျှအထိ ခရေစေ့တွင်းကျ ရေးထားသည်။ ရသစာပေရေးနေသူဖြစ်၍ ခရီးသွားမှတ်တမ်းမှာပင် ရသမြောက်အောင် ရေးနိုင်ခြင်းကို တွေ့ရပါသည်။ ရသအပေါ်ဆုံးမှာ ယမုန်နာလမ်းမကြီး Jumna Highway ပေါ်တွင် ကားမှောက်ခန်းဖြစ်မည်ထင်သည်။ (ထွန်းဖောင်ဒေးရှင်း၊ စာပေကော်မတီ၊ ဒုတိယအကြိမ်၊ ၂၀၁၅ ဒီဇင်ဘာ)





၃။ **ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ၏ ဗုဒ္ဓဂယာဘုရားဖူးများသို့**

ဆရာတော်သည် သာမန်ကျမ်းပြုဆရာမဟုတ်။ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဖြစ်သည်။ ဘုရားဖူးခရီးကို ရေးရာတွင် အစုံအလင်ဖြစ်သွားစေရန် သုံးခေါက်ပေါင်း တစ်အုပ်ရေးခြင်းဖြစ်၏။ ဗုဒ္ဓဝင်လာဖြစ်ရပ်များ၊ သမိုင်းမှတ်တမ်းများ၊ မြေပုံများ၏ အထောက်အပံ့ကို စနစ်တကျယူကာ လက်စွဲကျမ်းကြီးတစ်စောင်ဖြစ်အောင် အားထုတ်ထားသည်။ နီပေါမြို့တော် ခတ္တမန္ဒူသို့ပင်ရောက်သော ခရီး၌ အစာမတည့်၍ ဝမ်းဗိုက်ဒုက္ခရောက်ပြီး အထူးအစီအစဉ်ဖြင့် ပြန်ကြွလာရပုံကို ဖတ်ရသည့်အခါ မနှင်းဖွေး ကားမှောက်သည်ကို သတိရမိသေးသည်။

ဤစာအုပ်၏ ထူးခြားချက်မှာ ကျမ်းစုံညီ၍ မူကွဲများဖော်ပြခြင်း၊ သက်ဆိုင်သမျှ အတိတ်ဇာတ်လမ်းများကို ထည့်သွင်းပေးခြင်းနှင့် ဝေါဟာရရှင်းလင်းချက်များပါ ပေးခြင်းဖြစ်သည်။ ကျောဖုံးအတွင်းပါ မြေပုံကလည်း အလွန်ကောင်းလှသည်။ ဒီရာပရာဒေ့ရှ်ပြည်နယ် ဘိုပါးလ်မြို့အနီးရှိ ဆန်ချီစေတီကိုလည်းကြွရောက်သည်။ အနောက်ဘင်္ဂလားပြည်နယ်သို့ကူးပြီး ကိုးလ်ကတ္တားသို့လည်း ရောက် သည်။ ဘာသာရေးဆိုင်ရာ ဗဟုသုတအပြင် ဒေသန္တရ ဗဟုသုတအတွက်ပါ မြတ်နိုးထိုက်သော ကျမ်းတစ်စောင်ဟု ပြောလိုပါသည်။ ပညာရှင်ဆန်သော ချဉ်းကပ်မှုများမှာ အတုယူဖွယ်ကောင်းလှပါ၏။

**(တိပိဋက မဟာဂန္ဓဝင်ကျောင်းတိုက် ဒဂုံမြို့သစ်အရှေ့၊ ဒုတိယအကြိမ်၊ ၂၀၁၁ အောက်တိုဘာ)**




# သကြၤန်ကာလအတွက် သွေးများကြိုတင်စုဆောင်းနိုင်ရန် သွေးအလှူရှင်များ လိုအပ်နေ

**မန္တလေး မတ် ၂**

မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ သင်္ကြန်ကာလအတွင်း သွေးလိုအပ်သည့်လူနာများအတွက် အချိန်မီစုဆောင်းနိုင်ရန် မတ်လမှ စတင်လုပ်ဆောင်နေရာ သွေးအလှူရှင်များလိုအပ်လျက်ရှိကြောင်း ယင်းဆေးရုံကြီးမှ သွေးလှူဘဏ်တာဝန်ခံရောဂါဗေဒ ဆရာဝန်ကြီး ဒေါက်တာခင်မြမွန်က ပြောသည်။

အဆိုပါဆေးရုံကြီးတွင် နှစ်စဉ် တစ်နှစ်လျှင် ယူနစ် ငါးသောင်းကျော်သုံးစွဲနေရပြီး လိုအပ်သည့်သွေးများ စုပေါင်းသွေးလှူခြင်း၊ လာရောက်လှူဒါန်းခြင်း၊ မန္တလေးမြို့နှင့် အနီးပတ်ဝန်းကျင်မြို့နယ်များသို့ သွားရောက်စုဆောင်းခြင်းများဖြင့် ၇၀ ရာခိုင်နှုန်းရရှိပြီး ကျန်ရှိသည့် ၃၀ ရာခိုင်နှုန်းကို သွေးအစားထိုးပေးခြင်းများဖြင့် လုပ်ဆောင်လျက်ရှိပြီး သင်္ကြန်ရက် များတွင် အလှူရှင်မရှိသည့်အတွက် ကြိုတင်စုဆောင်းခြင်းဖြစ်ကြောင်း သိရသည်။

"သင်္ကြန်ရုံးပိတ်ရက် ၁၀ ရက်ကျော်အတွက် လိုအပ်မယ့်သွေးကို မတ်လလောက်ကနေစပြီး စုဆောင်းရပါတယ်။ သွေးလှူဒါန်းသူများမှ လူနာတွေအတွက် အကျိုးရှိမယ်။ လူနာတွေအသက်ကို ကယ်တင်ဖို့ သွေးက အရေးကြီးဆုံးဖြစ်ပါတယ်။ သွေးလှူဒါန်းတဲ့ ရာခိုင်နှုန်းပိုပြီးများဖို့အတွက် ကူညီပေးကြဖို့ ပြောချင်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။



ယခုအခါ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးသည် အထက်မြန်မာနိုင်ငံတွင် အကြီးဆုံးဆေးရုံကြီးဖြစ်ပြီး ပုံမှန်ကုသမှုများနှင့် ကျောက်ကပ်ခွဲစိတ်အစားထိုးကုသခြင်း၊ နှလုံးခွဲစိတ်ကုသခြင်းများအပြင် အသည်းအစားထိုးကုသမှုကိုပင် စတင်တော့မည်ဖြစ်သည့်အတွက် သွေးအသုံးပြုမှုမှာ မြန်မာနိုင်ငံတွင် ဒုတိယအများဆုံး ဆေးရုံကြီးဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ကုသမှုလုပ်ငန်းများ တိုးတက်ကောင်းမွန်လာသည့်အတွက် ဆေးရုံကိုလာရောက်ကုသကြသည့် လူနာဦးရေမှာလည်း များပြားလာသောကြောင့် သွေးလိုအပ်မှုမှာလည်း ပိုမိုပြီးမြင့်မားနေသည့်အတွက် အသက်(၁၈)နှစ်မှ (၅၅)နှစ်အတွင်း သွေးလှူရှင်များ ပိုမိုလှူဒါန်းနိုင်စေရန် ဖိတ်ခေါ်ထားပြီး ပုံမှန်အားဖြင့် လာရောက်လှူဒါန်းသည့် သွေးလှူရှင်ဦးရေမှာ တစ်ရက်လျှင် ၁၅၀ မှ ၂၀၀ အတွင်းရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံနှင့် သီးနှံအခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်

**မုံရွာ မတ် ၂**

ကျန်းမာရေးနှင့်ညီညွတ်သော အရည်အသွေးကောင်းသည့် စားသောက်ကုန်များထုတ်လုပ်နိုင်စေရန် နည်းပညာပေးမည့် ဝန်ထမ်းများအား ဆန်၊ ဂျုံ ပဲ၊ ပြောင်းနှင့် သီးနှံအခြေခံတန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်းဖွင့်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း၌ မတ် ၁ ရက် နံနက်ပိုင်းက ပြုလုပ်သည်။

မုန့်များကိုအများဆုံး စားသုံးကြသည့် မူလတန်း၊ အလယ်တန်းကျောင်းသူကလေးသူငယ်များ အာဟာရပြည့်ဝပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအစာများကို ဝယ်ယူစားသုံးနိုင်ရန်အတွက် မုန့်ထုတ်လုပ်သူလုပ်ငန်းရှင်များကို အသိပညာ ဗဟုသုတများမျှဝေနိုင်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများနှင့် ရက်ကန်းနှင့် သက်မွေးပညာသင်တန်းကျောင်းမှ ကျောင်းသူများအား ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဦးကမ်ဇာမုံနှင့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး သင်တန်းသူ ၅၀ တို့အား မတ် ၁ ရက်မှ ၅ ရက်အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

❑

# စွမ်းအင်စနစ် ထိရောက်စွာအသုံးပြုခြင်းဆိုင်ရာသင်တန်း အခမဲ့ ပို့ချမည်

**ရန်ကုန် မေ ၂**

စက်မှုဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ စက်မှုဖွံ့ဖြိုးရေးအဖွဲ့ (United Nations Industrial Development Organization- UNIDO)နှင့် သက်ဆိုင်ရာအဖွဲ့အစည်းများပူးပေါင်း၍ စက်မှုလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းများတွင် စွမ်းအင်စနစ်အထိရောက်ဆုံး အသုံးပြုခြင်းဆိုင်ရာ(Energy System Optimization) သင်တန်းများကို အခမဲ့ ဆက်တိုက်ဖွင့်လှစ်ပေးလျက်ရှိရာ မတ် ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ဒိန်းမတ်နိုင်ငံသား ပညာရှင်မှ လာရောက်ဖွင့်လှစ်သင်ကြား ပို့ချပေးမည်ဖြစ်ကြောင်း UNIDO မှ သိရသည်။

အဆိုပါ သင်တန်းများဖွင့်လှစ်ပို့ချလျက်ရှိရာတွင် Energy Management System (EnMS) User Level နှစ်ရက်သင်တန်းအမှတ်စဉ်(၈)ကို ရန်ကုန်မြို့ အမှတ် (၁၉၂) ကမ္ဘာအေးဘုရားလမ်း ရန်ကုန်တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနဝင်းရှိ သင်တန်းခန်းမ၌ မတ် ၁၆ ရက်နှင့် မတ် ၁၇ ရက်တို့တွင် International Energy Expert မှ နံနက် ၈ နာရီမှ ညနေ ၄ နာရီခွဲအထိ သင်တန်းကြေးအခမဲ့ဖြင့် သင်ကြားပို့ချသွားမည်ဖြစ်သည်။

ယင်းသင်တန်းသို့ စွမ်းအင်ကုန်ကျစရိတ်လျှော့ချလိုသော စက်ရုံ၊ အလုပ်ရုံများ၊ စွမ်းအင်မန်နေဂျာများအဖြစ် မိမိဝန်ထမ်းများကို လေ့ကျင့်ပေးလိုသော စက်ရုံ၊ အလုပ်ရုံများ၊ ISO 50001 Certification Process နှင့်အညီ Upgrade ပြုလုပ်လိုသော စက်ရုံ၊ အလုပ်ရုံများမှ တာဝန်ရှိသူများ၊ စွမ်းအင်မန်နေဂျာအဖြစ် အသက်မွေးဝမ်းကျောင်းပြုလိုသူများ၊ စွမ်းအင်အကျိုးရှိ ထိရောက်စွာ အသုံးပြုရေးပညာရပ်ကို စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်းနှင့် User နှင့် Expert Level သင်တန်းများ တက်ရောက်အောင်မြင်ပြီးပါက Energy Expert အဖြစ် အသက်မွေးဝမ်းကျောင်းပြုလုပ်နိုင်သည့် အခွင့်အလမ်းများရှိကြောင်း သိရသည်။

သင်တန်းသားဦးရေ ကန့်သတ်ထားပြီး စိတ်ပါဝင်စားသူများအနေဖြင့် လျှောက်လွှာကို www.ieemyanmar.com/? page_id = 4452 တွင် ဒေါင်းလုပ်ရယူဖြည့်စွက်၍ email: A.ZIN@unido.org, T.OO@unido သို့ လည်းကောင်း၊ ဖုန်း- ၀၉၄၂၁၁၃၁၀၈၅၊ ၀၉၅၁၉၀၉၇၉ တို့သို့ မတ် ၈ ရက် (ဗုဒ္ဓဟူးနေ့) နောက်ဆုံးထား ဆက်သွယ်ပေးပို့ရမည်ဖြစ်ကြောင်း UNIDO မှ သိရသည်။ **(ကြေးမုံ)**




# မန္တလေးသင်္ကြန် ကျုံးပတ်လည်တွင် မဏ္ဍပ် ၁၄ ခုသာရှိမည်ဖြစ်ပြီး ၂၆ လမ်းအား ယာဉ်ဝင်ခွင့်ပိတ်မည်ဖြစ်

**မန္တလေး မေ ၂**

၂၀၁၇ ခုနှစ် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကာလတွင် ကျုံးပတ်လည်၌ မဏ္ဍပ် ၁၄ ခုသာထားရှိမည်ဖြစ်ပြီး မဏ္ဍပ်များအား လေလံစနစ်ဖြင့် ပေးသွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ သိရသည်။

"လောလောဆယ် ကျုံးပတ်လည်မှာ မဏ္ဍပ်ပေါင်း ၁၄ ခုပဲရှိမယ်လို့ လျာထားတယ်။ ကျုံးတောင်ဘက်မှာ အရင်ကရှိခဲ့တဲ့ မြို့တော်ဝန်မဏ္ဍပ်ရယ်၊ လပခနန်းမြို့သူမဏ္ဍပ်ရယ် နှစ်ခုပဲရှိမယ်။ ကျုံးအရှေ့ဘက်၊ အနောက်ဘက်၊ မြောက်ဘက်မှာ မဏ္ဍပ် လေးခုစီပဲ လျာထားတယ်။ မဏ္ဍပ်တွေကိုတော့ လေလံပုံစံနဲ့သွားမယ်"ဟု စည်ပင်ကော်မတီဝင် ဦးကျော်ဇောအောင်က ပြောသည်။

မဏ္ဍပ်အရေအတွက် နည်းပါးသွားသော်လည်း ကျုံးပတ်ပတ်လည်တွင် မြန်မာ့ရိုးရာမဟာသင်္ကြန်ကို စည်ကားသိုက်မြိုက်စွာ ရေကစားနိုင်အောင် ဖော်ဆောင်သွားမည်ဖြစ်ကာ မနော်ရမ္မံကွင်းအနီးတွင် လူငယ်များပျော်ပါးနိုင်မည့် သင်္ကြန်ကိုလည်း ဖော်ဆောင်သွားမည်ဖြစ်သည်။

"၂၆ ဘီလမ်းကို ယာဉ်ဝင်ခွင့်ပိတ်လိုက်ပြီးတော့ အေးအေးဆေးဆေး လမ်းလျှောက်ပြီး ရေကစားလို့ရမယ့် သင်္ကြန်လုပ်မယ်။ မန္တလေးမြို့တော်သင်္ကြန်မဏ္ဍပ်မှာလည်း အရင်ကလို စတိတ်ရှိုး၊ အဆိုတော်တွေမပါတော့ဘဲ မြန်မာမှုတွေလုပ်မယ်။ စိန်ဒူးဝါးဦးဆောင်တဲ့ မြန်မာ့ဆိုင်းပညာရှင်တွေနဲ့အတူ လူရွှင်တော်တွေလည်းပါမယ်။ မြန်မာဆန်တဲ့ သီချင်းမျိုးတွေ ဖျော်ဖြေတာမျိုးပါမယ်။ စည်ပင်တီးဝိုင်းအဖွဲ့လည်းပါမှာ။ အဲဒီလိုလေး စီစဉ်ထားတယ်။ ကျုံးရဲ့အရှေ့၊ အနောက်၊ မြောက်ဘက်တွေကို ရေကစားမဏ္ဍပ်ခွင့်ပြုမယ်။ ဒါပေမယ့် အရင်လို အနားယူခန်းတွေပါတာမျိုးကိုတော့ စိစစ်တင်းကျပ်သွားမယ်။ လူငယ်တွေအတွက် ပျော်ပါးနိုင်ဖို့အတွက် မနော်ရမ္မံကွင်းဘက်မှာ စီစဉ်ပေးထားမယ်။ မြို့ထဲမှာ သင့်တော်တဲ့နေရာတွေမှာလည်း လူငယ်တွေ ရေကစားလို့ရအောင် စီစဉ်ပေးမှာပါ" ဟု စည်ပင်ကော်မတီဝင် ဦးကျော်ရင်မြင့်က ပြောသည်။

၂၀၁၇ ခုနှစ် သင်္ကြန်အား ယခင်ကဲ့သို့သော ရိုးရာသင်္ကြန်မျိုးကို ဖော်ဆောင်သွားမည်ဖြစ်ကာ ရေမဖြုန်းသည့် သင်္ကြန်မျိုးကို ဖြစ်လာမည်ဟုဆိုသည်။ ထိုသို့ ဖြစ်လာရန်အတွက် မြို့တော်သူ မြို့တော်သားများ ပါဝင်ရန် တိုက်တွန်းနှိုးဆော်လျက်ရှိပြီး မြို့ထဲတွင် ယခင်ကာလများကရှိခဲ့သော သင်္ကြန်မဏ္ဍပ်များအား ပြန်လည်ဖော်ဆောင်ကြစေလိုကြောင်း သိရသည်။ **(၀၀၂)**



## ဗီဒီယိုတိပ်ခွေ၊ ဗီဒီယိုလေဆာဓာတ်ပြားများတွင် ဗီဒီယိုဆင်ဆာလက်မှတ်အသေးကပ်ထားရန်နှင့် ဆင်ဆာလက်မှတ်အသေးကပ်ထားသည့် ဗီဒီယိုတိပ်ခွေ၊ ဗီဒီယိုလေဆာဓာတ်ပြားများကိုသာအသုံးပြုရန် နှိုးဆော်ခြင်း

ပြည်တွင်းဗီဒီယိုထုတ်လုပ်ရေးလုပ်ငန်းများမှ ရိုက်ကူးထုတ်လုပ်၍ ပြန်ကြားရေးဝန်ကြီးဌာန ဗီဒီယိုဆင်ဆာအဖွဲ့က စစ်ဆေးခွင့်ပြုပြီးသော မြန်မာဗီဒီယိုဇာတ်လမ်း၊ ကာရာအိုကေသီချင်း၊ ဗီဒီယိုတိပ်ခွေ၊ ဗီဒီယိုလေဆာဓာတ်ပြားများတွင် ဗီဒီယိုဆင်ဆာအဖွဲ့က ထုတ်ပေးသည့် ခွင့်ပြုအမှတ်စဉ်ပါရှိသော ဗီဒီယိုဆင်ဆာလက်မှတ်အသေးကို ကပ်ထားရမည်ဖြစ်ကြောင်း ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပုဒ်မ ၂၅(ခ) တွင် ဖော်ပြထားရှိပြီး ဖြစ်ပါသည်။ ဆင်ဆာလက်မှတ်အသေးမပါရှိသည့် ဗီဒီယိုတိပ်ခွေ၊ ဗီဒီယိုလေဆာဓာတ်ပြားများကို ကူးယူခြင်း၊ ဖြန့်ချိခြင်း၊ ငှားရမ်းခြင်း သို့မဟုတ် ပြသခြင်း ဆောင်ရွက်သဖြင့် ပြစ်မှုထင်ရှားစွာစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် (၃)နှစ်အထိ ဖြစ်စေ၊ ငွေဒဏ် ၁၀၀၀၀၀ (ကျပ်တစ်သိန်း) အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးကိုဖြစ်စေ ချမှတ်နိုင်သည့်အပြင် ပြစ်မှုနှင့် တိုက်ရိုက်သက်ဆိုင်သောပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ကြောင်း ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပုဒ်မ ၃၂ အရ သတ်မှတ်ထားပြီးဖြစ်ပါသည်။ မိမိဆောင်ရွက်လျက်ရှိသော ဗီဒီယိုပြသရေးလုပ်ငန်း၊ ဗီဒီယိုတိပ်ခွေ ဖြန့်ချိရေးလုပ်ငန်း၊ ဗီဒီယိုတိပ်ခွေငှားရမ်းခြင်းလုပ်ငန်း၊ ဗီဒီယိုတိပ်ခွေကူးယူခြင်းလုပ်ငန်း၊ ဗီဒီယိုကာရာအိုကေလုပ်ငန်းများတွင် အသုံးပြုလျက်ရှိသော ဗီဒီယိုတိပ်ခွေများ၊ ဗီဒီယိုလေဆာဓာတ်ပြားများတွင် ဗီဒီယိုဆင်ဆာလက်မှတ်အသေးကပ်ထားရန်နှင့် ဗီဒီယိုဆင်ဆာလက်မှတ်အသေးပါရှိသည့် ဗီဒီယိုတိပ်ခွေများ၊ ဗီဒီယိုလေဆာဓာတ်ပြားများကိုသာ အသုံးပြုကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးဗဟိုကော်မတီ၊ ရုပ်ရှင်နှင့် ဗီဒီယိုဆင်ဆာအဖွဲ့၊**
**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန**



## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ဖေဖော်ဝါရီ ၂၂ ရက်မှ ဖေဖော်ဝါရီ ၂၈ ရက်အထိထွက်ရှိသော စာအုပ်စာရင်း

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | မဏိရှုရီ | တမြတ်တနိုး | ၂၀၀၀ိ/- | သုသုစာပေ |
| ၂ | မောင်ဝင့်သူ | သင့်အတွက် တစ်သက်တာ ဘဝလမ်းညွှန် | ၁၅၀၀ိ/- | ထွန်းစာပေ |
| ၃ | သုမောင် | ဟိုတစ်စသည်တစ်စမောင်ဗလ | ၁၆၀၀ိ/- | စိတ်ကူးချိုချို |
| ၄ | ဒိုရာဂျူးနေ | ကြယ်ဖြစ်သွားသော မီးတောက်ကလေးများ | ၂၀၀၀ိ/- | ကောင်းစုသာ |
| ၅ | ဏီလင်းညို | တိမ်ရုပ်စုံသော -----ထိုကောင်းကင် | ၃၀၀၀ိ/- | မျိုးဆက်သစ်စာပေ |
| ၆ | လမင်းငယ်(ဟုမ္မလင်း) | စိတ်အားဖြည့်ဓမ္မသံစဉ် အတွေးများ | ၁၅၀၀ိ/- | |
| ၇ | နီနီနိုင်(သထုံ) | လောကသုံးပါးအသင်လူသား | ၂၀၀၀ိ/- | ကောင်းစုသာ |
| ၈ | မိန်းကလေး | ချစ်ခြင်းဖြင့် စီဖွဲ့သော မွန်ယဉ်ကျေးမှုနယ်မြေ | ၅၀၀၀ိ/- | ခုနစ်စင်ကြယ် |
| ၉ | မြတ်ဟိန်း | မြန်မာ့ဝေဟင်ထက်မှ အသံထက်မြန်သော ပျံသန်းမှုများ | ၂၀၀၀ိ/- | စိတ်ကူးချိုချို |
| ၁၀ | သာခု | ၁၅၀၀ မဂ္ဂဇင်းဝတ္ထုရှည်များ | ၆၀၀၀ိ/- | စိတ်ကူးချိုချို |
| ၁၁ | Nyein Way | 99 Rivers | ၁၃၀၀၀ိ/- | ဝါးလည် |
| ၁၂ | မင်းဝေဟင် | လရိပ်အောက်က မိုးတိမ် | ၂၅၀၀ိ/- | ပိတောက်ရနံ |
| ၁၃ | ခူဝံ | ဂမုန်းနက် | ၄၀၀၀ိ/- | စိတ်ကူးချိုချို |
| ၁၄ | | ကိုရီးယားယဉ်ကျေးမှု ဖတ်စာအုပ် | ၂၀၀၀ိ/- | GND Books |
| ၁၅ | ခင်မျိုးချစ် | စာရေးဆရာ၏ ဘဝဟူသည် | ၂၀၀၀ိ/- | ပစ်တိုင်းထောင် |
| ၁၆ | မင်းသိခ် | မာယဝါဒီတ် | ၂၅၀၀ိ/- | ဘုမ္မာဝတီ |
| ၁၇ | မြို့မလွင် | ရေတပ်မတော်တံမြက်စည်းအမြောက်နှင့် ဝက်ကော်တိုက်ပွဲ | ၃၀၀၀ိ/- | စာအုပ်ဈေး |
| ၁၈ | မော်မော့်မောင် | နဂါးမျက်စောင်း | ၂၀၀၀ိ/- | ၇၇၇၇ စာပေ |
| ၁၉ | မြိတ်ဝင်းဇင် | ၂၀၁၆ ဓမ္မခရီးစဉ် | ၃၀၀၀ိ/- | သစ္စာအလင်း |
| ၂၀ | ဦးလှိုင် | မော်ဝင်သတ္တဝါဆန်းများပျော်စံရာ | ၄၅၀၀ိ/- | M-Publishing |
| ၂၁ | ချစ်ဦးညို | တစ္ဆေ နှင့် အခြားဝတ္ထုတိုများ | ၄၀၀၀ိ/- | ခူဝံ |
| ၂၂ | မောင်စိုးချိန် | ဒဏ်ရာများ | ၂၀၀၀ိ/- | ယဉ်မျိုးစာပေ |
| ၂၃ | အောင်လှိုင် | သင့်မေးခွန်းများကို ပြောင်းလဲခြင်းဖြင့် သင့်ဘဝကိုပြောင်းလဲပေးပါ | ၁၃၀၀ိ/- | စိတ်ကူးချိုချို |
| ၂၄ | ဖိုးကျော့ | ဆင်မိုးလုံနှင့် နောက်ဆုံးအဖြေ | ၃၀၀၀ိ/- | စိတ်ကူးချိုချို |
| ၂၅ | မင်းပုည | ယနေ့တရုတ်ပြည်တို့ရဲ့ ချူအင်လိုင်း | ၆၀၀ိ/- | အားမာန်သစ် |
| ၂၆ | ဖြိုးသိန်းမာန် | ဂျပန်လိုအောင်မြင်မှုကြီးတွေရအောင် မင်းကော ကြိုးစားနိုင်မလား | ၆၀၀ိ/- | အားမာန်သစ် |
| ၂၇ | အရှင်ဝိမလ | ဓမ္မပဒအဋ္ဌကထာ | ၄၅၀၀ိ/- | စိတ်ကူးချိုချို |
| ၂၈ | ကောင်းသန့် | ဘဝကို တစ်ကပြန်စကြရအောင် | ၁၂၀၀ိ/- | ကောင်းသန့်စာပေ |
| ၂၉ | သန်းဝင်းလှိုင် | ဗြိတိသျှမင်းဆက်၌ နန်းသက်အရှည်ဆုံးသော ဒုတိယမြောက်အယ်လိဇဘတ်ဘုရင်မကြီး | ၂၅၀၀ိ/- | လဝန်းစာပေ |
| ၃၀ | ဆုပြည့်စုံထွန်း | အားလုံးအတွက် သူရဲကောင်းတစ်ယောက် မာလာလာ | ၂၀၀၀ိ/- | ဆုပြည့်စုံထွန်း |
| ၃၁ | Happy Time | သိမှတ်စရာအမေးအဖြေများ | ၂၀၀၀ိ/- | ဆုပြည့်စုံထွန်း |
| ၃၂ | မလိခ | မြန်မာစာပေအဘိဓာန်-ဒုတွဲ | ၇၀၀၀ိ/- | စိတ်ကူးချိုချို |
| ၃၃ | ဒီနိုဗို | စပွတ်နစ်ချစ်သည် | ၃၅၀၀ိ/- | ကံ့ကော်ဝတ်ရည် |
| ၃၄ | ကျော်စိန်ဝင်း(မင်းဘူး) | မန်းရွှေစက်တော်ရာ ပုံပြသမိုင်း | ၂၅၀၀ိ/- | ရှင်မတောင် |
| ၃၅ | ကလောင်စုံ | တန်းကျော်ကြသူများ | ၂၅၀၀ိ/- | မျိုးဆက်သစ် |
| ၃၆ | ဇော်မင်းမင်းဦး | ပတ္တမြားကဗျာများ | ၂၀၀၀ိ/- | နိုင်ငံ့ဂုဏ်ရည် |
| ၃၇ | မင်းယုဝေ | ၃၈ ဖြာ မင်္ဂလာပုံပြင်များ | ၂၀၀၀ိ/- | ကောင်းကျော် |
| ၃၈ | ကြည်အေး | ကေဖွဲ့ဆိုသီဖူးငုံပွင့်သစ် | ၃၀၀၀ိ/- | စိတ်ကူးချိုချို |
| ၃၉ | နေပန်ဦး | လရောင်အိုပွင့်ကဗျာများ | ၁၅၀၀ိ/- | |
| ၄၀ | သရဝဏ်(ပြည်) | အင်္ဂလန်ရောက်မြန်မာတစ်ယောက် | ၂၆၀၀ိ/- | ကံ့ကော်ဝတ်ရည် |
| ၄၁ | သက်နှံ | ရေဝပ်ဧရိယာထဲက စာသားတွေ | ၂၀၀၀ိ/- | ယဉ်မျိုး |
| ၄၂ | ကိုရွှေ | လူပျိုကြီး-၁၀၀ | ၂၇၀၀ိ/- | ကံ့ကော်ဝတ်ရည် |
| ၄၃ | အရှင်စန္ဒိမာ(ရွှေဂန္ဓဝင်) | စိတ်အားဖြည့်ဓမ္မဒိုင်ယာရီ | ၁၅၀၀ိ/- | လင်းလွန်းခင် |
| ၄၄ | ပုညခင် | တောင်တန်းတွေရဲ့ အလွန် | ၅၀၀၀ိ/- | ပုညခင်စာပေ |
| ၄၅ | သခင်ဘဟိန်း | ကျောင်းသားများအရေးတော်ပုံ | ၁၀၀၀ိ/- | မြနန္ဒာ |
| ၄၆ | ကပ္ပတိန်သာစိန် | ကပ္ပတိန်သာစိန်၏ ဆောင်းပါးများ | ၂၀၀၀ိ/- | |
| ၄၇ | ဒေါက်တာကျော်စိန် | စိတ်ပညာသမိုင်းကျမ်း | ၅၀၀၀ိ/- | စိတ်ကူးချိုချို |
| ၄၈ | မလေးငြိမ်း | ရေလိုအေးမြရစေသား | ၅၀၀၀ိ/- | နှလုံးလှ |

# လိပ်ကျွန်းလူသတ်မှု အဆင့်မြင့်အယူခံတရားရုံး (High Court)သို့ ထပ်တက်ရန်စီစဉ်ဆောင်ရွက်မည်

**ဗန်ကောက် မတ် ၂**

ထိုင်းနိုင်ငံတောင်ပိုင်း စူရတ်ဌာနီခရိုင်အတွင်းရှိ လိပ်ကျွန်း (ခိုတောင်ကျွန်း) တွင်ဖြစ်ပွားခဲ့သော အယူခံတရားရုံးမှသေဒဏ်ချမှတ်လိုက်သည့် မြန်မာရွှေ့ပြောင်းအလုပ်သမားနှစ်ဦး၏အမှုကို နောက်ဆုံးအဆင့်အနေဖြင့် အဆင့်မြင့်အယူခံတရားရုံး (High Court)သို့ထပ်တက်ရန် စီစဉ်နေပြီဖြစ်ကြောင်း ဗန်ကောက် မြန်မာသံရုံးအထူးစုံစမ်းရေးကော်မတီအဖွဲ့မှ ယနေ့ ထုတ်ပြန်ချက်အရ သိရသည်။

လိပ်ကျွန်းအထူးစုံစမ်းစစ်ဆေးရေးကော်မတီမှ မြန်မာရှေ့နေကြီး ဦးအောင်မျိုးသန့်က "ဒီအမှုအတွက်မြန်မာနိုင်ငံကတာဝန်ရှိသူတွေ၊ ထိုင်းရှေ့နေတွေပါဝင်တဲ့ ကျွန်တော်တို့အနေနဲ့ အကြောင်းပြချက် ၂၄ ချက်ကို အခြေခံပြီးစာမျက်နှာ ၁၉၈ မျက်နှာပါဝင်တဲ့အကြောင်းအရာတွေကို အယူခံတရားရုံးတော်ကိုတင်ပြခဲ့ပြီးပါပြီ။ ဒါပေမဲ့ ဒီကလေးနှစ်ဦးကို မနေ့ကဘဲအယူခံတရားရုံးဖြစ်တဲ့ ကော့စမွေတရားရုံးတော်က သေဒဏ်ချမှတ်လိုက်တဲ့အတွက် မြန်မာနိုင်ငံကတာဝန်ရှိသူတွေရဲ့ ညွှန်ကြားချက်အပေါ်မူတည်ပြီး အဆင့်မြင့်အယူခံတရားရုံးတော်ကိုထပ်တက်ဖို့ရှိပါတယ်။ ဒါလည်းနောက်ဆုံးအရတောင်းဆိုခွင့်ရှိပါတယ်။ ထိုင်းနိုင်ငံရဲ့ဥပဒေအရ အယူခံကိုတစ်လအတွင်းတင်ရတယ်ဆိုပေမယ့် ရက်တိုးတောင်းပိုင်ခွင့်ရှိပါတယ်။ တစ်ခါရက်တိုးရင် တစ်လတောင်းဆိုလို့ရတာဖြစ်ပြီး အနည်းဆုံးအကြောင်းပြချက်ခိုင်လုံရင် ငါးကြိမ်အထိ အယူခံတိုးတောင်းလို့ရပါတယ်"ဟု ရှင်းပြသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီ ၂၃ ရက်က တရားသူကြီးဘာသာပြန်များပါဝင်သည့်အဖွဲ့မှာ သေဒဏ်ချမှတ်ခံထားရသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားနှစ်ဦးဖြစ်သော ဝင်းဇော်ထွန်းနှင့်ဇော်လင်းတို့ရှိရာ မြို့တော်ဗန်ကောက်ရှိ ဘန်ခဝင်အကျဉ်းထောင်သို့သွားရောက်ခဲ့ပြီး အယူခံအမိန့်စာအားဖတ်ကြားခဲ့ကြောင်း၊ ထိုသို့အယူခံအမိန့်စာအားဖတ်ကြားပြီးနောက် ၎င်းတို့အားလက်မှတ်ရေးထိုးခိုင်းစေခဲ့ပြီး မူလတရားရုံးတော်ဖြစ်သော ကော့စမွေတရားရုံးတော်သို့ ပို့ဆောင်ခဲ့ကြောင်း၊ ထိုမှတစ်ဆင့် ခရိုင်အစိုးရရှေ့နေကိုခေါ်ယူကာ တရားသူကြီးမှ အယူခံအမိန့်စာအားဖတ်ကြားခဲ့ကြောင်းဖြင့် ဗန်ကောက်မြန်မာသံရုံးအထူးစုံစမ်းရေးကော်မတီအဖွဲ့မှတာဝန်ရှိသူများက ပြောကြားခဲ့သည်။

မတ် ၁ ရက်က မြန်မာရွှေ့ပြောင်းအလုပ်သမားနှစ်ဦးအား အယူခံတရားရုံးမှသေဒဏ်ချမှတ်လိုက်ခြင်းနှင့်စပ်လျဉ်း၍ မြန်မာရှေ့နေကြီး ဦးအောင်မျိုးသန့်က "ကျွန်တော်တို့နိုင်ငံရဲ့ဥပဒေနဲ့ ထိုင်းနိုင်ငံဥပဒေကမတူညီပါဘူး။ မြန်မာနိုင်ငံမှာကအမိန့်ချမှတ်တော့မယ်ဆိုရင် တရားသူကြီး၊ အစိုးရရှေ့နေ၊ တရားခံရှေ့နေ၊ တရားခံများရှိနေရပါတယ်။ ထိုင်းနိုင်ငံမှာကျတော့ သူ့နိုင်ငံကဥပဒေအရ အမိန့်ချမှတ်တော့မယ်ဆိုရင် တရားခံသိရင် အကျိုးဆောင်ရှေ့နေတောင် ပါစရာမလိုတော့ဘဲ တရားခံသိဖို့အတွက် ထောင်ထဲအထိလာရောက်အမိန့်ချလို့ရပါတယ်။ ဆိုလိုတာက ထိုင်းနိုင်ငံဥပဒေအရလုပ်ရိုးလုပ်စဉ်ပါ။ ဒီအမိန့်ကိုတရားခံကိုပေးရင်ပေး၊ မပေးရင်အမိန့်စာကိုဖတ်ပြလို့ရပါတယ်။ ဒီအမှုမှာလည်းဒီအတိုင်းပဲ အဲဒီမှာတရားခံက မှန်ကန်ကြောင်း လက်မှတ်ရေးထိုးရပြီး အဲဒီအမိန့်စာကို မူလတရားရုံးတော်ဖြစ်တဲ့ ကော့စမွေတရားရုံးတော်ကို ပြန်ပို့ပြီး မူလတရားရုံးတော်ကနေ တစ်ခါခရိုင်ဥပဒေ အရာရှိကိုခေါ်ယူပြီး အမိန့်စာကိုပြန်ဝင်ပြရပါတယ်။ ဆိုလိုတာကတရားခံနဲ့ မူလတရားရုံးတော်ကအစိုးရရှေ့နေတွေပါသိသွားတဲ့သဘောပေ့ါနော်။ ထိုင်းနိုင်ငံဥပဒေရဲ့ လုပ်ရိုးလုပ်စဉ်အတိုင်းလုပ်တာဆိုတော့ သူတို့အနေနဲ့သူတို့ဥပဒေအရမှန်ကန်တယ်လို့လည်း ပြောလို့ရပါတယ်။ ဒီကလေးနှစ်ယောက်ကလည်း အရင်အတိုင်းသေဒဏ်ချမှတ်ခံရတဲ့သဘောပါ။ ရှေ့နေတွေမရှိဘဲ အမိန့်ချတယ်ဆိုပြီး မီဒီယာတွေမှာဖော်ပြလာတာဖြစ်တဲ့အတွက်ကြောင့် မြန်မာပြည်သူတွေ နားလည်မှုလွဲမှာစိုးလို့ရှင်းပြခြင်းဖြစ်ပါတယ်"ဟု ထပ်မံရှင်းပြခဲ့သည်။

ထိုင်းနိုင်ငံတောင်ပိုင်း စူရတ်ဌာနီခရိုင်အတွင်းရှိ လိပ်ကျွန်း (ခိုတောင်ကျွန်း) တွင် ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁၅ ရက်က ကမ္ဘာလှည့်ခရီးသည် ဗြိတိန်နိုင်ငံသား နှစ်ဦးဖြစ်သော David Miller နှင့် Hannah Witheridge တို့ နှစ်ဦးသေဆုံးခြင်းဖြစ်စဉ်နှင့်စပ်လျဉ်းပြီး အစွပ်စွဲခံရသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားနှစ်ဦးဖြစ်သော ဝင်းဇော်ထွန်းနှင့် ဇော်လင်းတို့အား ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းက ကော့စမွေခရိုင် တရားရုံးတော်က လူသတ်မှု၊ မုဒိမ်းမှုတို့အပါအဝင် ပုဒ်မ ခုနစ်ခုတို့ဖြင့် သေဒဏ်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

**(စိုးဝင်း-MLA)**

# ရန်ကုန်-စစ်တွေ ယာဉ်လိုင်းမှ ခရီးသည်တင်ယာဉ်တစ်စီး မီးလောင်မှုဖြစ်ပွားပြီး ခရီးသည်တစ်ဦးသေဆုံး၊ လေးဦးဒဏ်ရာရ



**နေပြည်တော် မတ် ၂**

ရန်ကုန်မြို့မှ စစ်တွေမြို့သို့ ထွက်ခွာလာသည့် ခရီးသည်တင်ယာဉ် တစ်စီးသည် ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် အမ်းမြို့နယ် အုန်းတည်ချောင်းကျေးရွာအနီးမိုင်တိုင်အမှတ်(၂၅) ၌ မီးလောင်မှုဖြစ်ပွားပြီး ခရီးသည်တစ်ဦးသေဆုံးကာ လေးဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်မြို့မှ စစ်တွေမြို့သို့ ထွက်ခွာလာသည့် အောင်ပြည့်စုံခရီးသည်တင်ယာဉ်သည် အမ်းမြို့နယ် ကဇူးကိုင်းကျေးရွာအုပ်စု အုန်းတည်ချောင်းကျေးရွာအနီး အမ်း-စစ်တွေကားလမ်း မိုင်တိုင်အမှတ် (၂၅) သို့ နံနက် ၆ နာရီ မိနစ် ၂၀ ခန့်တွင် ရောက်ရှိစဉ် ဝိုင်ယာရှော့ဖြစ်ပြီး မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သဖြင့် အမ်းမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်တစ်စီးနှင့် ကဇူးကိုင်းကျေးရွာမှ ရွာသူရွာသားများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၈ နာရီ ၁၅ မိနစ်ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

အဆိုပါ ဖြစ်စဉ်တွင် ယာဉ်ပေါ်ပါခရီးသည် အမျိုးသား ၁၃ ဦး၊ အမျိုးသမီး ငါးဦး ပေါင်း ၁၈ ဦးအနက် အမျိုးသား သုံးဦးနှင့် အမျိုးသမီး တစ်ဦး ပေါင်း လေးဦးမှာ မီးလောင်ဒဏ်ရာ (မစိုးရိမ်ရ) ရရှိခဲ့ကြပြီး ပုဏ္ဏားကျွန်းမြို့နယ် ဒါးပိတ်ကျေးရွာနေ မအေးအေးသန်း (၂၀)နှစ်မှာ ယာဉ်ပေါ်တွင် ပိတ်မိပြီး မီးလောင်သေဆုံးခဲ့ကြောင်း၊ ယာဉ်မောင်း ကောင်းဆက်နိုင်မှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိသဖြင့် အမ်းမြို့နယ်ရဲစခန်းက အမှုဖွင့်အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နေအိမ်မီးလောင်ပြီး လူသေဆုံးမှု ဖြစ်ပွား

**ကျောက်ကြီး မတ် ၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် ကျောက်စရစ်ကျေးရွာအုပ်စု ကျောက်စရစ်ကျေးရွာတွင် မတ် ၁ ရက် ညနေ ၃ နာရီခွဲခန့်က ဦးအောင်နိုင် (၅၁)နှစ်၏ နေအိမ်မီးလောင်ကျွမ်းခဲ့ရာ အိမ်ရှင်ဦးအောင်နိုင်မှာ မီးလောင်သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျောက်စရစ်ကျေးရွာအုပ်စု ပြည်သူ့စစ်တာဝန်ထမ်းဆောင်နေသူ ဦးအောင်နိုင်သည် ကျန်းမာရေးမကောင်းဘဲ နေအိမ်တွင်တစ်ဦးတည်းရှိနေစဉ် နေအိမ်မီးလောင်ကျွမ်းခဲ့ရာ ကျေးရွာလူထုက ဦးအောင်နိုင်ကို မီးလောင်ကျွမ်းနေသောအိမ်အတွင်းမှ ဆွဲထုတ်ယူခဲ့ကြသော်လည်း ဦးအောင်နိုင်မှာ သေဆုံးနေပြီဖြစ်ကြောင်း သိရသည်။

"မီးလောင်တော့ အိမ်မှာ သူတစ်ယောက်တည်း သူ့ဇနီးကလည်း လင်မယားချင်းအဆင်မပြေဖြစ်ပြီး အိမ်ပေါ်ကဆင်းသွားတာ သုံးလကျော်လောက်ရှိပြီ"ဟု ကျေးရွာနေသူတစ်ဦးက ပြောသည်။

မီးလောင်ကျွမ်းမှုကြောင့် သုံးပင်၊ လေးပင်ပတ်လည်ဝါးအိမ်သက်ငယ်မိုးတစ်လုံး ဆုံးရှုံးခဲ့ပြီး ဆေးလိပ်သောက်ရာမှ မီးစွဲလောင်ခဲ့ခြင်းဖြစ်နိုင်ကြောင်း ကျေးရွာနေသူများ၏ ခန့်မှန်းပြောဆိုချက်အရ သိရသည်။

သေဆုံးသူ ပြည်သူ့စစ်တာဝန်ထမ်းဆောင်နေသူ ဦးအောင်နိုင်၏နာရေးကိစ္စအတွက် ပြည်သူ့စစ်ဌာနမှ ငွေကျပ်တစ်သိန်းနှင့် ဆန်သုံးအိတ်တို့ကို ပေးအပ်ခဲ့သည်။

ကျောက်စရစ်ကျေးရွာတွင် လူနေအိမ်ခြေ ၁၈၃ အိမ်ရှိပြီး တစ်ကြိမ်တစ်ခါမျှ မီးလောင်ကျွမ်းမှုမရှိခဲ့ဘဲ ယခုအကြိမ်သည်ပထမဆုံးအကြိမ် မီးလောင်ကျွမ်းမှုဖြစ်ပြီး မီးလောင်ကျွမ်းမှုကို ညနေ ၄ နာရီခန့်တွင် ငြိမ်းသတ်နိုင်ခဲ့ကြရာ မီးလောင်ကျွမ်းမှုနှင့်ပတ်သက်၍ သက်ဆိုင်ရာက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(၁၂၂)**

# အမြန်လမ်းတွင် ယာဉ်တိုက်မှုဖြစ်ပွား

**ရန်ကုန် မတ် ၂**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် မတ် ၂ ရက် နံနက် ၃ နာရီ ၃၅ မိနစ်ခန့်က ဖြူးမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၁၀၉) မိုင် (၆) ဖာလုံနှင့် (၇) ဖာလုံအကြားတွင် ဘုရားဖူးယာဉ်ကိုနောက်မှ ယာဉ်တစ်စီးက ဝင်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာအခင်းဖြစ်နေရာတွင် တောင်မှမြောက်သို့ ယာဉ်မောင်းဖြိုးဇော်ကို (၃၀)နှစ် ပန်းဥယျာဉ်လမ်း (၅) ရပ်ကွက် မရမ်းကုန်းမြို့နယ်နေသူမောင်းနှင်လာသော ယာဉ်အမှတ် 9L/---- မြတ်စွယ်တော်ဘုရားဖူးယာဉ်မှာ ယာဉ်ရှေ့ဘီးပေါက်၍ လမ်းပခုံးပေါ်တွင် ရပ်တန့်ထားစဉ် လားရာတူသို့ ယာဉ်မောင်းကောင်းထက် (၂၄) နှစ် မြစ်သားမြို့နေသူ မောင်းနှင်လာသောယာဉ်အမှတ် 6M/----- ကန်တာ အဖြူစိမ်းကျားယာဉ်မှာ ယာဉ်မောင်းအိပ်ငိုက်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းပခုံးပေါ်တွင်ရပ်တန့်ထားသည့် မြတ်စွယ်တော်ဘုရားဖူးယာဉ်ကို နောက်ပိုင်းမှ ဝင်တိုက်မိရာ ယာဉ်တိုက်မှုကြောင့် ယာဉ်ပေါ်ပါ ခရီးသည်များ ထိခိုက်ဒဏ်ရာမရရှိခဲ့သော်လည်း ကန်တာယာဉ်မောင်းကောင်းထက်တွင် မျက်နှာပေါက်ပြဲ၊ ဒူးနှစ်ဖက်ပွန်းပဲ့ဒဏ်ရာနှင့် ယာဉ်နောက်လိုက်သိန်းလွင်စိုးတွင် ဝဲ၊ယာခြေထောက်နှစ်ဖက်နာကျင်ဒဏ်ရာများ ရရှိခဲ့သဖြင့် ဖြူးအမြန်လမ်းရဲတပ်ဖွဲ့က ဖြူးမြို့နယ်ပြည်သူ့ဆေးရုံသို့ တင်ပို့ဆေးကုသထားသည်။ ယာဉ်နှစ်စီးမှာ ပျက်စီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မဆင်မခြင်မောင်းနှင်သည့် ယာဉ်မောင်းကောင်းထက်အား ဖြူးအမြန်လမ်းမကြီးရဲစခန်းက ယာဉ်(ပ) ၄/၂၀၁၇၊ပြစ်မှုပုဒ်မ ၂၇၉/၃၃၇/၃၃၈ တို့ဖြင့် အမှုဖွင့်အရေးယူထားကြောင်းသိရသည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**

# မောင်တောမြို့နယ် ကျီးကန်းပြင်(တောင်ရွာ)မှ ဆယ်အိမ်မှူးဟောင်းတစ်ဦး ဒဏ်ရာများနှင့် သေဆုံး

**နေပြည်တော် မတ် ၂**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ကျီးကန်းပြင်(တောင်ရွာ)မှ ဆယ်အိမ်မှူးဟောင်းတစ်ဦးမှာ ဓားဒဏ်ရာများဖြင့် သေဆုံးနေကြောင်း ယနေ့ နံနက်ပိုင်းက တွေ့ရှိခဲ့သည်။

ဖြစ်စဉ်မှာ မောင်တောမြို့နယ် ကျီးကန်းပြင်(တောင်ရွာ)နေ ဆယ်အိမ်မှူးဟောင်းဖြစ်သူ နူရ်ကာရင်(၃၅)နှစ် (ဘ)ဇာဖော့အာလောင်သည် မိသားစုနှင့်အတူ ၎င်း၏နေအိမ်၌ အိပ်နေစဉ် မတ် ၁ ရက် ည ၁၂ နာရီခန့်တွင် မျက်နှာဖုံးစွပ်ထားသော အမည်မသိ လူလေးဦးက လာရောက်ခေါ်ဆောင်သွားရာ ပြန်လည်ရောက်ရှိခြင်းမရှိသဖြင့် ၎င်း၏ ဖခင်ဖြစ်သူ ဇာဖော့အာလောင်က လိုက်လံရှာဖွေခဲ့ရာ ယနေ့ နံနက် ၆ နာရီခန့်တွင် ရွာတောင်ဘက် လယ်ကွင်းထဲ၌ နူရ်ကာရင်အား ရင်ညွန့်၊ ယာရင်အုံ၊ ဝဲဘက်လက်မောင်း၊ ဝဲဘက်ဆီးခုံ၊ ခါးလယ်တို့တွင် ထိုးသွင်းဒဏ်ရာ တစ်ချက်စီနှင့် ယာလက်သန်းတွင် ပြတ်ရှဒဏ်ရာတစ်ချက်ဖြင့် သေဆုံးနေကြောင်း တွေ့ရှိရသဖြင့် နယ်ခြားစောင့်ရဲဌာနချုပ်(၂) ပြင်ဖြူရဲစခန်းသို့ နံနက် ၇ နာရီ ၄၅ မိနစ်တွင် လာရောက်တိုင်ကြားခဲ့ခြင်းဖြစ်သည်။

သို့ပါ၍ နယ်ခြားစောင့်ရဲဌာနချုပ်(၂)မှ တာဝန်ရှိသူများက နံနက် ၈ နာရီခွဲခန့်တွင် သေဆုံးသူ နူရ်ကာရင်အား မောင်တောမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း၊ အမှုမှန်ပေါ်ပေါက်ရေးနှင့် ပြစ်မှုကျူးလွန်သူများ ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❖




# ဘာစီလိုနာနည်းပြဘဝကို စွန့်ခွာတော့မယ့် အင်းနရစ်

စပိန်လာလီဂါပြိုင်ပွဲရဲ့ ထိပ်တန်းအဆင့်ရှိအသင်းတစ်သင်းဖြစ်တဲ့ ဘာစီလိုနာအသင်းရဲ့ နည်းပြ အင်းနရစ်ဟာ အခုဘောလုံးရာသီကုန်မှာ ဘာစီလိုနာနည်းပြဘဝကို စွန့်ခွာတော့မှာဖြစ်ကြောင်း အင်းနရစ်က ပြောကြားခဲ့ပါတယ်။

အသက်(၄၆)နှစ်အရွယ် ရှိပြီဖြစ်တဲ့ အင်းနရစ်အတွက် အခုဘောလုံးရာသီဟာ သူ့အတွက် တတိယမြောက် ဘောလုံးရာသီဖြစ်ပြီး ဘာစီလိုနာအသင်းက စပို့တင်းဂီဂျွန်အသင်းကို ခြောက်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တဲ့ ပွဲစဉ်အပြီးမှာ နည်းပြဘဝကို စွန့်ခွာတော့မှာဖြစ်ကြောင်း ပြောကြားခဲ့တာဖြစ်ပါတယ်။

နည်းပြ အင်းနရစ်ဟာ ဘာစီလိုနာကို စရောက်လာခဲ့တဲ့ ပထမရာသီမှာ ချန်ပီယံလိဂ်ဆုဖလားအပါအဝင် တစ်နှစ်တည်းဖလားသုံးလုံးရယူနိုင်ခဲ့တာဖြစ်ပြီး ပြီးခဲ့တဲ့ဘောလုံးရာသီကလည်း ပြည်တွင်းဆုဖလားနှစ်လုံးကို ရယူနိုင်ခဲ့ပါတယ်။ ဒါပေမယ့် အခုနှစ် ချန်ပီယံလိဂ်(၁၆)သင်းအဆင့်ပထမအကျော့မှာ ပီအက်စ်ဂျီအသင်းကို လေးဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့ခြင်းဟာ နည်းပြ အင်းနရစ်အတွက် အနာဂတ်မရေရာဖြစ်လာခဲ့ရပါတယ်။

ဒါ့အပြင် အနားယူဖို့လိုအပ်တယ်ဆိုတဲ့ အကြောင်းပြချက်ကို ကိုင်စွဲကာ အခုဘောလုံးရာသီကုန်မှာ ဘာစီလိုနာနည်းပြဘဝကို စွန့်ခွာခြင်းသည်သာ အကောင်းဆုံးဆုံးဖြတ်ချက်ဖြစ်လာလိမ့်မယ်လို့ နည်းပြ အင်းနရစ်က ဆိုခဲ့ပါတယ်။ နည်းပြ အင်းနရစ်ဟာ ကွင်းလယ်ကစားသမားဘဝနဲ့ ဘာစီလိုနာအသင်းမှာ ၁၉၉၆ ခုနှစ်ကတည်းက စတင်ကစားခဲ့တာဖြစ်ပြီး ၂၀၀၄ ခုနှစ်မှာ ကစားသမားဘဝကနေ အနားယူခဲ့တာဖြစ်ပါတယ်။

၂၀၀၈ ခုနှစ်ကနေ ၂၀၁၁ ခုနှစ်အထိ ဘာစီလိုနာ(B)အသင်းကို တာဝန်ယူကိုင်တွယ်ခဲ့တာဖြစ်ပြီး ဆယ်လ်တာဗီဂိုအသင်းနဲ့ ရိုးမားအသင်းတို့ကိုလည်း တာဝန်ယူ ကိုင်တွယ်ခဲ့ပါတယ်။

ဘာစီလိုနာအသင်းကို ကစားသမားဘဝရော နည်းပြဘဝပါ ဖြတ်သန်းခဲ့တဲ့ အင်းနရစ်ဟာ လက်ရှိအချိန်မှာတော့ ဘာစီလိုနာနည်းပြဘဝကို စွန့်ခွာတော့မယ်လို့ ဆိုလာခဲ့ပါပြီ။

aiG , f




## ဟက်ဒါဖီးလ်ဒ်အား အနိုင်ရရှိခဲ့ပြီး အက်ဖ်အေဖလားကွာတားဖိုင်နယ် မန်စီးတီးတက်လှမ်း


မန်စီးတီးအသင်းသည် အက်ဖ်အေဖလားပဥ္စမအဆင့် ပြန်ကန်ပွဲစဉ်အဖြစ် ဟက်ဒါဖီးလ်ဒ်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။ မန်စီးတီးအသင်းသည် ဟက်ဒါဖီးလ်ဒ်အသင်းနှင့် ပထမအကြိမ်ကစားခဲ့ရာတွင် ဂိုးမရှိသရေရလဒ်သာထွက်ပေါ်ခဲ့ခြင်းကြောင့် ပြန်ကန်ပွဲကစားခဲ့ရခြင်းဖြစ်သည်။

ယခုယှဉ်ပြိုင်ကစားခဲ့သည့် အက်ဖ်အေဖလားပဥ္စမအဆင့် ပြန်ကန်ပွဲစဉ်တွင် မန်စီးတီးအသင်းသည် ဟက်ဒါဖီးလ်ဒ်အသင်းကို ဆာနေး၊ အဂူရို၊ ဇာဘလက်တာ၊ အီဟီယာနာချိုတို့၏ သွင်းဂိုးများဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ဟက်ဒါဖီးလ်ဒ်အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ဘန်းက ပြန်လည်သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

မန်စီးတီးအသင်းသည် အက်ဖ်အေဖလားကွာတားဖိုင်နယ်အဆင့်သို့ လေးနှစ်တာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်ပြီး အက်ဖ်အေဖလားကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် မတ် ၁၁ ရက်တွင် မစ်ဒယ်ဘရော့အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အက်ဖ်အေဖလားကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် မန်စီးတီးအသင်းနှင့် တစ်ရက်တည်းကစားရမည့်ပွဲစဉ်မှာ အာဆင်နယ်အသင်းနှင့် လင်းကွန်းအသင်းပွဲစဉ်ဖြစ်ပြီး စပါးအသင်းနှင့် မီဝေါလ်ပွဲစဉ်ကို မတ် ၁၂ ရက်တွင်လည်းကောင်း၊ ချယ်လ်ဆီးအသင်းနှင့် မန်ယူအသင်းတို့၏ ပွဲစဉ်ကို မတ် ၁၃ ရက်တွင်လည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

## လူမျိုးရေးခွဲခြားမှုမပြုရန် ပရိသတ်များကို လာဇီယိုအသင်းတောင်းပန်

လာဇီယို ပရိသတ်များအနေဖြင့် ပြိုင်ဘက်ကစားသမားများကို အသားအရောင်ခွဲခြားမှုပြုကာ ပစ်မှတ်ထားလှောင်ပြောင်နေခြင်းများအား ရပ်တန့်ပေးရန် လာဇီယိုအသင်းတာဝန်ရှိသူများက တောင်းဆိုခဲ့ရကြောင်း သိရသည်။ လာဇီယို ပရိသတ်များက ရိုးမားနောက်ခံလူ ရူဒီဂါကို ပစ်မှတ်ထားကာ လူမျိုးရေး ခွဲခြားအော်ဟစ်လှောင်ပြောင်မှု အကြိမ်ကြိမ်အခါခါပြုလုပ်ခဲ့ကြရာ လာဇီယိုအသင်းက အိမ်ရှင်ပရိသတ်များကို ယင်းအပြုအမူကို ရပ်တန့်ပေးရန် ကြားဖြတ်ကြေညာချက်ထုတ်ခဲ့ရသည်။ ကြေညာချက်ထုတ်ပြီးနောက် လူမျိုးရေးခွဲခြားမှုအော်ဟစ်သံများ ရပ်တန့်သွားခဲ့သော်လည်း ရိုးမားပရိသတ်များကို လူစုခွဲထိုင်စေခြင်း၊ အကာအရံများဖြင့် သီးခြားထိုင်စေခြင်းတို့ ဆောင်ရွက်ခဲ့ရသည်။ ယင်းဖြစ်စဉ်မှာ လာဇီယိုအသင်းက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် လာဇီယိုနှင့် ရိုးမားအသင်းတို့ ယှဉ်ပြိုင်ခဲ့သည့် ကိုပါအီတလီယာဖလား အကြိုဗိုလ်လုပွဲစဉ်အတွင်း ဖြစ်ပျက်ခဲ့ခြင်းဖြစ်သည်။ လာဇီယိုအသင်းသည် ကိုပါအီတလီယာဖလား အကြိုဗိုလ်လုပွဲစဉ်တွင် ရောမမြို့ခံပြိုင်ဘက် ရိုးမားအသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီး ရိုးမားအသင်းနှင့် နောက်ဆုံးကစားခဲ့သည့် ရှစ်ပွဲတွင် ပထမဦးဆုံးအကြိမ် နိုင်ပွဲပြန်လည်ရရှိခဲ့သော်လည်း လူမျိုးရေးခွဲခြားမှု ထပ်မံပေါ်ပေါက်ခဲ့ပြန်သဖြင့် လာဇီယိုအသင်းအတွက် ရှက်ဖွယ်ကောင်းသည့်ဖြစ်ရပ်ဖြစ်ကြောင်း အားကစားမီဒီယာများက ရေးသားဖော်ပြခဲ့သည်။



## အနီကတ်ပြသခံခဲ့ရပြီးနောက် ဂါရတ်ဘေးလ် ပြန်လည်တောင်းပန်ခဲ့

ရီးယဲလ်မက်ဒရစ် စူပါစတား ဂါရတ်ဘေးလ်သည် လက်စ်ပါးမက်စ်အသင်းနှင့် သရေကျသည့်ပွဲစဉ်တွင် အနီကတ်ပြသခံရပြီးနောက် သူ၏ အပြုအမူအတွက် ကလပ်အသင်းတာဝန်ရှိသူများကို ပြန်လည်တောင်းပန်ခဲ့ကြောင်း ရီးယဲလ်နည်းပြ ဇီဒန်း၏ပြောကြားချက်အရ သိရသည်။ ရီးယဲလ်နှင့် လက်စ်ပါးမက်စ်အသင်းတို့ တစ်ဂိုးစီ သရေကျနေချိန်တွင် ပွဲချိန် ၄၉ မိနစ်တွင် ဂါရတ်ဘေးလ်က လက်စ်ပါးမက်စ်ကစားသမား ဗီရာ၏ခြေဖနောင့်ကို နှစ်ကြိမ်ဆက်တိုက် ကြမ်းတမ်းစွာဖျက်ထုတ်ခဲ့ရာ ဒိုင်ဖြစ်သူက ဂါရတ်ဘေးလ်ကို အဝါကတ်ပြသ သတိပေးခဲ့သည်။

သို့သော် ဂါရတ်ဘေးလ်က ဗီရာကို တွန်းထိုးခဲ့သည့်အတွက် ဒိုင်က တိုက်ရိုက်အနီကတ်ပြထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။ ယင်းနောက် လက်စ်ပါးမက်စ်အသင်းက ပွဲချိန် ၅၆ မိနစ်နှင့် ၅၉ မိနစ်တို့တွင် နှစ်ဂိုးဆက်တိုက်သွင်းယူခဲ့ပြီးနောက် သုံးဂိုး-တစ်ဂိုးဖြင့် ဦးဆောင်ခဲ့သေးသည်။ သို့သော် ရီးယဲလ်မက်ဒရစ်တိုက်စစ်မှူး စီရိုနယ်လ်ဒိုက ပွဲချိန် ၈၆ မိနစ်နှင့် ၈၉ မိနစ်တို့တွင် ချေပဂိုးနှစ်ဂိုးပြန်လည်သွင်းယူကာ ရီးယဲလ်မက်ဒရစ်အသင်းကို သရေရလဒ်ထွက်ပေါ်စေခဲ့သည်။

ဇီဒန်းက ဂါရတ်ဘေးလ်အနေဖြင့် အနီကတ်ပြစ်ဒဏ်ကြောင့် မပျော်မရွှင်ဖြစ်နေသလို သူ၏ အပြုအမူအတွက် ပြန်လည်တောင်းပန်ခဲ့ကြောင်း ဆိုခဲ့သည်။ ရီးယဲလ်မက်ဒရစ်အသင်းသည် ဗီလာရီးယဲလ်နှင့် ပွဲစဉ်တွင်လည်း စီရိုနယ်လ်ဒို၏ ပင်နယ်တီဂိုးဖြင့် ပြန်လာနိုင်ခဲ့သလို ယခု ပွဲစဉ်တွင်လည်း ပင်နယ်တီတစ်ဂိုးရရှိခဲ့သေးရာ ဘာစီလိုနာနောက်ခံလူ ပီကေးက လာလီဂါဒိုင်များကြောင့် ရီးယဲလ်အသင်း အကျိုးအမြတ်များစွာရရှိနေခဲ့ကြောင်း ဝေဖန်သွားခဲ့သည်။ ရီးယဲလ်နည်းပြ ဇီဒန်းကမူ ရီးယဲလ်မက်ဒရစ်အသင်း နည်းဗျူဟာနှင့် လူထုတ်ပုံပြောင်းလဲရတော့မည်ဆိုသည်ကို ဝန်ခံခဲ့သော်လည်း ရလဒ်ကောင်းများအတွက် မိမိတို့ကစားပုံပေါ်တွင်သာ အလုံးစုံမှီတည်နေကြောင်း ဆိုခဲ့သည်။

## ပြီးပြည့်စုံသော လေ့ကျင့်ရေးမှူးတစ်ဦးကို ဘာစီလိုနာအသင်း ဆုံးရှုံးလိုက်ရပြီဟု ဂွါဒီယိုလာ ဆို

မန်စီးတီးနည်းပြ ဂွါဒီယိုလာက အင်းနရစ် ဘာစီလိုနာမှ ထွက်ခွာမည်ဆိုသည့် သတင်းကြောင့် ဝမ်းနည်းမိကြောင်းနှင့် ဘာစီလိုနာအသင်းအနေဖြင့် ပြီးပြည့်စုံသည့် လေ့ကျင့်ရေးမှူးတစ်ဦးကို ဆုံးရှုံးလိုက်ရပြီဟု ပြောကြားခဲ့သည်။ ဂွါဒီယိုလာသည် ၂၀၀၈ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ဘာစီလိုနာနည်းပြအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပြီးနောက် ဖိအားများလွန်း၍ အနားယူရန် လိုအပ်သည်ဟူသော အကြောင်းပြချက်ဖြင့် နုတ်ထွက်သွားခဲ့ဖူးသည်။ အင်းနရစ်မှာလည်း ဂွါဒီယိုလာကဲ့သို့ အလားတူ အခြေအနေမျိုးဖြစ်နေပြီး ရာသီကုန်တွင် ဘာကာမှ ထွက်ခွာတော့မည်ဟု ကြေညာခဲ့ရာ ဂွါဒီယိုလာက အထက်ပါအတိုင်းပြောကြားလိုက်ခြင်းဖြစ်သည်။

ဂွါဒီယိုလာက "ကျွန်တော့်ရဲ့ နှလုံးသားထဲမှာ အမြဲရှိနေတဲ့ ဘာကာအတွက် စိတ်ထိခိုက်ရပါတယ်။ ခုဆို ဘာစီလိုနာအသင်းဟာ ပြီးပြည့်စုံတဲ့ လေ့ကျင့်ရေးမှူးတစ်ယောက်ကို ဆုံးရှုံးရပါတော့မယ်။ သုံးနှစ်တာကာလ ကျွန်တော်တို့အသင်းအတွက် သူဆောင်ရွက်ပေးတာတွေအတွက် ကျေးဇူးတင်ပါတယ်"ဟု ဟက်ဒါဖီးလ်ဒ်အသင်းအား ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည့် ပွဲစဉ်အပြီးတွင် ပြောကြားခဲ့သည်။

ဘာစီလိုနာအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ကိုပါဒယ်ရေးဖလားဗိုလ်လုပွဲအထိ ရောက်ရှိနေသည့်အတွက် သုံးနှစ်ဆက်တိုက် ချန်ပီယံဖြစ်ရန် အကောင်းဆုံးအလားအလာကို ပိုင်ဆိုင်ထားပြီးဖြစ်သလို လာလီဂါဖလားအမှတ်ပေးဇယားတွင်လည်း ရီးယဲလ်မက်ဒရစ်အသင်းထက် တစ်ပွဲပိုကစားပြီး ရမှတ် ၅၇ မှတ်ဖြင့် အဆင့်(၁)နေရာတွင် ရပ်တည်ထားနိုင်သည်။ သို့သော် ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပထမအကျော့ပွဲစဉ်တွင် ပီအက်စ်ဂျီအသင်းကို လေးဂိုးပြတ်ဖြင့် အရေးနိမ့်ခဲ့သည့် ပွဲစဉ်အပြီးတွင် အင်းနရစ်နှင့် ဘာကာအနာဂတ်ကို ဘောလုံးရေးရာကျွမ်းကျင်သူများက စောင့်ကြည့်နေခဲ့ကြသည်။ အင်းနရစ်က ပီအက်စ်ဂျီနှင့် ပွဲအပြီး သူ၏ အနာဂတ်ရေးရာကိစ္စရပ်အတွက် နှုတ်ဆိတ်နေခဲ့သော်လည်း ဂီဂျွန်အသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သော ပွဲစဉ်အပြီးတွင် ယခုကဲ့သို့ ကြေညာခဲ့ခြင်းဖြစ်သည်။

မေလဲ့သင်း - ရေးသားသည်

## ဆာနေး ကံကောင်း၍ ပြစ်ဒဏ်တစ်စုံတစ်ရာ ချမှတ်မခံခဲ့ရ




မန်စီးတီးတောင်ပံတိုက်စစ်မှူး ဆာနေးမှာ ဟက်ဒါဖီးလ်ဒ်အသင်းကို အနိုင်ကစားခဲ့သည့် အက်ဖ်အေဖလားပြိုင်ပွဲတွင် ဒိုင်ဖြစ်သူကို လေးစားမှုမရှိသည့်ပုံစံဖြင့် ဆက်ဆံခဲ့သော်လည်း ကံကောင်း၍ ပြစ်ဒဏ်တစ်စုံတစ်ရာ ချမှတ်မခံရခြင်းဖြစ်ကြောင်း ဒိုင်လူကြီးဟောင်း မာ့ခ်ဟယ်လ်ဆေးက ဝေဖန်ခဲ့သည်။

ဆာနေးသည် မန်စီးတီးအသင်းရရှိသင့်သည့် ပင်နယ်တီသုံးကြိမ်ကို ဒိုင်ဖြစ်သူက လျစ်လျူရှုခဲ့သည်ကို ဖော်ပြသည့်အနေဖြင့် ဒိုင်လူကြီး တီယာနီးလ်၏ မျက်နှာနားကို လက်သုံးချောင်းထောင်ပြခဲ့ခြင်းဖြစ်သည်။ သို့သော် တီယာနီးလ်မှာ ဒိုင်အဖြစ်ဆောင်ရွက်သည့် အတွေ့အကြုံနည်းပါးခြင်းက ဆာနေးအတွက် ကံကောင်းသွားခဲ့ပြီး အခြားအတွေ့အကြုံရင့် ဒိုင်လူကြီးတစ်ဦးဆိုပါက သေချာပေါက် ပြစ်ဒဏ်ချမှတ်ခံရမည်ဟု ဟယ်လ်ဆေးလ်က သုံးသပ်သည်။ မန်စီးတီးတိုက်စစ်မှူး ဂျီးဆပ်ဖ် ခြေချောင်းရိုးကျိုးသွားပြီးနောက် မန်စီးတီးအသင်း၏ သုံးယောက်တွဲတိုက်စစ်တွင် ဆာနေး၊ အဂူရိုနှင့် စတာလင်းတို့ ဝင်ရောက်ကစားနေသော်လည်း ဂိုးသွင်းနှုန်းပင် ပိုမိုတက်လာသည်ကို တွေ့ရသည်။

# ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပြဋ္ဌာန်း

**၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ**
**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄။)**
**၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်**
**(၂၀၁၇ ခုနှစ်၊ မတ်လ ၁ ရက်)**
**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။**

**အခန်း(၁)**

**အမည်၊ စတင်အကျိုးသက်ရောက်သည့် နေ့ရက်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက် ဥပဒေ ဟု ခေါ်တွင် စေရမည်။

(ခ) ဤဥပဒေ အခန်း (၅) ပါ အထူးကုန်စည်ခွန်၊ အခန်း (၆) ပါ ကုန်သွယ်လုပ်ငန်းခွန်နှင့်စပ်လျဉ်း၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင် အကျိုးသက်ရောက်စေရမည်။

(ဂ) ဤဥပဒေ အခန်း (၇) ပါ ဝင်ငွေခွန်နှင့်စပ်လျဉ်း၍-

(၁) ပုဒ်မ ၁၉ ပါ လစာမှ ဝင်ငွေနှင့် ပုဒ်မ ၂၅ တို့ပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုး သက်ရောက်စေရမည်။

(၂) ကျန်ပြဋ္ဌာန်းချက်များသည် ၂၀၁၇-၂၀၁၈ ဝင်ငွေနှစ်မှစ၍ အကျိုး သက်ရောက်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အခွန်အကောက်** ဆိုသည်မှာ ဤဥပဒေအရ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့်အခွန်၊ အကောက်ခွန်၊ အခ၊ လိုင်စင်ကြေး၊ ပါမစ်ကြေးနှင့်ဒဏ်ကြေးငွေများကို ဆိုသည်။

(ခ) **ဥပဒေ** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်များနှင့်စပ်လျဉ်း၍ ထုတ်ပြန်ထားသည့် ဥပဒေများကို ဆိုသည်။

(ဂ) **သက်ဆိုင်ရာဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသော အခွန်အကောက်များကို တာဝန်ယူကောက်ခံသည့် ပြည်ထောင်စုအစိုးရ ဝန်ကြီးဌာနများနှင့် နေပြည်တော်ကောင်စီတို့ကို ဆိုသည်။

(ဃ) **ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ** ဆိုသည်မှာ နှစ်အလိုက် ထုတ်ပြန်သည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေနှင့် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကို ဆိုသည်။

(င) **အခွန်နှုန်း**ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်များကို ကောက်ခံရန်သတ်မှတ်ထားသည့် အခွန်အကောက်နှုန်းများကို ဆိုသည်။

**အခန်း(၂)**

**ကောက်ခံရန် အခွန်လျာထားချက်**

၃။ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ ပြည်ထောင်စု၏အခွန်ရငွေသည် သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွက် ဤဥပဒေ၏ ဇယား(၁) ပါ အခွန်အကောက် ကောက်ခံရန်လျာထားချက်ဖြစ်သည်။

**အခန်း(၃)**

**အခွန်နှုန်းများ သတ်မှတ်ခြင်းနှင့် အစီရင်ခံခြင်း**

၄။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေပါ အခွန်အကောက် အမျိုးအစားများနှင့်စပ်လျဉ်း၍ ကောက်ခံရန် အခွန်လျာထားချက်များကို ဤဥပဒေပါ အခွန်နှုန်းများဖြင့် ကောက်ခံရမည်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေပါ အခွန်အကောက်နှုန်းထားများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်း ဆောင်ရွက်လိုလျှင် ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်နိုင်ရေးအတွက် တင်သွင်းရမည်။

၆။ (က) သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေ၏ ဇယား (၁) ပါ အခွန်ကောက်ခံရန် လျာထားချက်အပေါ် ကောက်ခံရရှိမှု အခြေအနေကို သုံးလပတ်အလိုက် ရသုံးမှန်းခြေ ငွေစာရင်း ဦးစီးဌာနသို့ ပေးပို့ရမည်။

(ခ) ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသည် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပေးပို့လာသည့် အခွန်အကောက် ကောက်ခံရရှိမှု စာရင်းများကိုစုစည်း၍ ပြည်ထောင်စုအစိုးရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှတစ်ဆင့် သုံးသပ်ချက်ဖြင့် သုံးလပတ်အလိုက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြရမည်။

၇။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေ၏ ဇယား(၁)ပါ အခွန်ကောက်ခံရန် လျာထားချက်အပေါ် ကောက်ခံရရှိမှုအခြေအနေကို ခြောက်လပတ်အလိုက် ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြရမည်။

**အခန်း(၄)**

**သက်ဆိုင်ရာဝန်ကြီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်**

၈။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေ၏ ဇယား (၁) ပါ အခွန်အကောက် ကောက်ခံရန် လျာထားချက်ကို ကောက်ခံရရှိရေးအတွက် တာဝန်ခံစီမံကြီးကြပ်ရမည်။

၉။ ပြည်ထောင်စုအစိုးရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ဤဥပဒေပါ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ ယင်းတို့၏မူလအဓိပ္ပာယ် မပြောင်းလဲစေဘဲ ရှင်းလင်းစွာ သိရှိလိုက်နာဆောင်ရွက်နိုင်စေရန် လိုအပ်ပါက ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်။

၁၀။ သက်ဆိုင်ရာဝန်ကြီးဌာနသည် အခွန်ပေးဆောင်ထိုက်သူများက ဥပဒေနှင့်အညီ ပေးဆောင်လာစေရေးအတွက် လိုအပ်သည့် သတင်းအချက်အလက်များ၊ ကူညီပံ့ပိုးမှုများကို နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ပြည်ထောင်စု ရာထူးဝန်အဖွဲ့၊ နေပြည်တော် ကောင်စီ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များ၏ အကူအညီကို ရယူနိုင်သည်။

**အခန်း (၅)**

**အထူးကုန်စည်ခွန်**

၁၁။ အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၆ အရ ယင်းဥပဒေ၏ နောက်ဆက်တွဲ ဇယားများကို အောက်ပါအတိုင်း ပြဋ္ဌာန်းလိုက်သည် -

**အထူးကုန်စည်များ**

(က) အောက်ဇယားပါ အထူးကုန်စည်များနှင့်စပ်လျဉ်း၍ ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းများအတိုင်း အထူးကုန်စည်ခွန် ကျသင့်စေရမည်-

(၁) တန်ဖိုးအဆင့်အလိုက် အခွန်ကျသင့်စေမည့် ပြည်တွင်း၌ ထုတ်လုပ်သည့် အထူး ကုန်စည်များဖြစ်လျှင် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနက ဖော်ပြသော ရောင်းဈေးတန်ဖိုး သို့မဟုတ် ဈေးကွက်ပေါက်ဈေးအပေါ် အခြေပြု၍ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်တွင်းအခွန်များဦးစီးဌာနစီမံခန့်ခွဲမှုကော်မတီက ခန့်မှန်းသတ်မှတ်သည့် ရောင်းဈေးတန်ဖိုး၊ ယင်းတန်ဖိုးနှစ်ရပ်အနက် များရာတန်ဖိုးငွေအပေါ်တွင် လည်းကောင်း၊

(၂) တန်ဖိုးအဆင့်အလိုက် အခွန်ကျသင့်စေရန် သတ်မှတ်ထားခြင်းမရှိသော အထူးကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်လျှင် ပြည်တွင်းအခွန်များ ဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီက သတ်မှတ်သည့် တန်ဖိုးအပေါ်တွင် လည်းကောင်း၊

(၃) ပြည်တွင်းသို့ တင်သွင်းခြင်းဖြစ်လျှင် ကုန်းပေါ်ရောက် တန်ဖိုးအပေါ်တွင် လည်းကောင်း၊

| စဉ် | အထူးကုန်စည်အမျိုးအစား | တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| ၁။ | (က)စီးကရက်အမျိုးမျိုး | အလိပ် ၂၀ အထိပါ တစ်ဘူးရောင်းဈေး ကျပ် ၄၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၄ ကျပ် |
| | (ခ) စီးကရက်အမျိုးမျိုး | အလိပ် ၂၀ အထိပါ တစ်ဘူးရောင်းဈေး ၄၀၁ ကျပ်မှ ကျပ် ၆၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၉ ကျပ် |
| | (ဂ) စီးကရက်အမျိုးမျိုး | အလိပ် ၂၀ အထိပါ တစ်ဘူး ရောင်းဈေး ၆၀၁ ကျပ်မှ ကျပ် ၈၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၁၃ကျပ် |
| | (ဃ) စီးကရက်အမျိုးမျိုး | အလိပ် ၂၀ အထိပါ တစ်ဘူး ရောင်းဈေး ၈၀၁ ကျပ်နှင့်အထက် အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၁၆ ကျပ် |
| ၂။ | ဆေးရွက်ကြီး။ | | ၆၀ % |
| ၃။ | ဗာဂျီးနီးယားပေါင်းတင်ပြီးဆေး။ | | ၆၀ % |
| ၄။ | (က) ဆေးပေါ့လိပ်။ | တစ်လိပ်ရောင်းဈေး ၁၀ ကျပ် အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၅၀ ပြား |
| | (ခ) ဆေးပေါ့လိပ်။ | တစ်လိပ်ရောင်းဈေး ၁၁ ကျပ်နှင့် အထက် အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၁ ကျပ် |
| ၅။ | ဆေးပြင်းလိပ်။ | | ၈၀ % |
| ၆။ | ဆေးတံသောက်ဆေးများ။ | | ၈၀ % |
| ၇။ | ကွမ်းစားဆေးအမျိုးမျိုး။ | | ၈၀ % |
| ၈။ | (က) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုးကျပ် ၇၅၀ အထိဖြစ်လျှင် | တစ်လီတာ ၉၁ ကျပ် |
| | (ခ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၇၅၁ ကျပ်မှ ကျပ် ၁၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၇၄ ကျပ် |
| | (ဂ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၁၅၀၁ ကျပ်မှ ကျပ် ၂၂၅၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၄၅၇ ကျပ် |
| | (ဃ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၂၂၅၁ ကျပ်မှ ကျပ် ၃၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၆၄၀ ကျပ် |
| | (င) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၃၀၀၁ ကျပ် မှ ကျပ် ၃၇၅၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၈၂၃ ကျပ် |
| | (စ) အရက်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ၃၇၅၁ ကျပ် မှ ကျပ် ၄၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၀၀၆ ကျပ် |
| | (ဆ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၄၅၀၁ ကျပ် မှ ကျပ် ၆၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၂၈၀ ကျပ် |
| | (ဇ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၆၀၀၁ ကျပ် မှ ကျပ် ၇၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၆၄၆ ကျပ် |
| | (ဈ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၇၅၀၁ ကျပ် မှ ကျပ် ၉၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၀၁၁ ကျပ် |
| | (ည) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၉၀၀၁ ကျပ် မှ ကျပ် ၁၀၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၃၇၇ ကျပ် |
| | (ဋ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၁၀၅၀၁ ကျပ် မှ ကျပ် ၁၃၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၉၂၅ ကျပ် |
| | (ဌ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၁၃၅၀၁ ကျပ် မှ ကျပ် ၁၆၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၃၆၅၇ ကျပ် |
| | (ဍ) အရက်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ၁၆၅၀၁ ကျပ် မှ ကျပ် ၁၉၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၄၃၈၈ ကျပ် |
| | (ဎ) အရက်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ၁၉၅၀၁ ကျပ် မှ ကျပ် ၂၂၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၅၁၁၉ ကျပ် |
| | (ဏ) အရက်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ၂၂၅၀၁ ကျပ် မှ ၂၆၀၀၀ နှင့်အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၅၉၁၁ ကျပ် |
| | (တ) အရက်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ၂၆၀၀၁ ကျပ်နှင့် အထက် အဆင့်ဖြစ်လျှင် | တစ်လီတာတန်ဖိုး၏ ၆၀% |
| ၉။ | ဘီယာ အမျိုးမျိုး။ | | ၆၀ % |
| ၁၀။ | (က) ဝိုင်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ကျပ် ၇၅၀ အထိ ဖြစ်လျှင် | တစ်လီတာ ၈၁ ကျပ် |
| | (ခ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၇၅၁ ကျပ်မှ ကျပ် ၁၅၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၂၄၄ ကျပ် |
| | (ဂ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၁၅၀၁ ကျပ်မှ ကျပ် ၂၂၅၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၄၀၆ ကျပ် |

**(ဆက်လက်ဖော်ပြပါမည်)**

*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို အပတ်စဉ် ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)*



# တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေး

မောင်စာဂ

> “တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးတို့သည် ခွဲခြား၍မရ။ သီးခြားစီဖြစ်မနေ။ တရားဥပဒေစိုးမိုးမှုမရှိလျှင် လူ့အခွင့်အရေး ပြည့်ပြည့်ဝဝမရနိုင်။ တရားဥပဒေစိုးမိုးမှုရှိမှ လူ့အခွင့်အရေး ပြည့်ပြည့်ဝဝရရှိ . . .”

တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးဆိုသော စကားရပ်များသည် ယနေ့ တွင်တွင်ကျယ်ကျယ် ပြောနေ၊ ဆိုနေ၊ ဟောနေကြသည်။ မှန်ပါသည်။ လူ့ဘောင်လောကလူမှုအဖွဲ့အစည်းတစ်ခုလုံးတွင် တရားဥပဒေစိုးမိုးမှုအပြည့်အဝရှိဖို့လိုသည်။ လူတိုင်းလူတိုင်း လူ့အခွင့်အရေး ပြည့်ပြည့်ဝဝရရှိခံစားနိုင်ဖို့ လိုသည်။ တရားဥပဒေစိုးမိုးရေးနှင့်လူ့အခွင့်အရေးတို့သည် ခွဲခြား၍မရ။ သီးခြားစီဖြစ်မနေ။ တရားဥပဒေစိုးမိုးမှုမရှိလျှင် လူ့အခွင့်အရေး ပြည့်ပြည့်ဝဝမရနိုင်။ တရား ဥပဒေစိုးမိုးမှုရှိမှ လူ့အခွင့်အရေး ပြည့်ပြည့်ဝဝရရှိမည်။ တရားဥပဒေစိုးမိုးရေးက မူလပထမဖြစ်သည်ဟု ဆိုရမည်သာ။

တရားဥပဒေစိုးမိုးရေး မည်သို့မည်ပုံ ဆောင်ရွက်ကြမည်ကို အဖွဲ့အစည်းပေါင်းစုံက ရှုထောင့်မျိုးစုံမှ တွေးခေါ်ကြံဆကြိုးပမ်းလုပ်ဆောင်နေကြသည်။ ကြိုဆိုပါသည်။ ဝမ်းမြောက်ဝမ်းသာဖြစ်မိပါသည်။ တရားဥပဒေစိုးမိုးရေးကို ထိထိရောက်ရောက် ကိုင်တွယ်ဆောင်ရွက်မည်ဆိုလျှင် လူ့အခွင့်အရေးတွေ ထိပါးလာနိုင်သည်ဟု ဝေဖန်သံများဆူညံလာနိုင်သည်။ လူတိုင်းသည် လူ့အခွင့်အရေးကို ဥပဒေနှင့်အညီ တရားနည်းလမ်းတကျရရှိနိုင်သည်။ လူ့အခွင့်အရေးဟုဆိုရာတွင် စိတ်တိုင်းကျ၊ ထင်တိုင်းကြံ၊ ပတ်ဝန်းကျင်နှင့်အများပြည်သူ ထိခိုက်နစ်နာစေမည့် အစွန်းရောက်လူ့အခွင့်အရေးမျိုးတော့ မရနိုင်ပါ။ တရားမျှတနည်းလမ်းကျသည့် လူ့အခွင့်အရေးကို လူတိုင်းတစ်ပြေးညီ မှန်မှန်ကန်ကန်ရရှိရန် တရားဥပဒေနှင့်အညီဖြစ်ရပါမည်။ တရားဥပဒေစိုးမိုးမှုရှိရပါမည်။

**ကာကွယ်ခြင်းသည် ကုသခြင်းထက် ပို၍ ထိရောက်သည်**

တရားဥပဒေစိုးမိုးရေးအတွက်ဆိုလျှင် တရားဥပဒေကို ထိပါးနှောင့်ယှက်ကျူးလွန်သူများကို ထိရောက်စွာအရေးယူအပြစ်ပေးမှုများ ပြုလုပ်ရမည်။ နောက်တစ်နည်းမှာ တရားဥပဒေကို ထိပါးနှောင့်ယှက်ကျူးလွန်မည့်သူများ၊ ကျူးလွန်ရန် အလားအလာရှိနေသူများကို ကြိုတင်ကာကွယ် တားဆီးအရေးယူမှုများ ပြုလုပ်ရမည်။ ဤသို့သောနည်းလမ်းနှစ်သွယ်တွင် ကျူးလွန်ပြီးမှ ထိရောက်စွာ အရေးယူအပြစ်ပေးခြင်းထက် ကြိုတင်ကာကွယ်တားဆီးအရေးယူမှု ပြုလုပ်ခြင်းက ပိုမိုထိရောက်မှုရှိစေမည်ဟု ယုံကြည်မိသည်။

ပြစ်မှုကျူးလွန်တတ်သူများ၊ ငြိမ်ဝပ်ပိပြားမှု ပျက်ပြားစေရေးဖြစ်ပေါ်စေသည့်ပြစ်မှုကို ကျူးလွန်လေ့ရှိသူ ကျူးလွန်ရန်အားထုတ်လေ့ရှိသူ ကျူးလွန်ရာ၌ အားပေးကူညီလေ့ရှိသူများကို ပြစ်မှုများကျူးလွန်ခြင်းမရှိသေးမီ ကြိုတင်ကာကွယ်တားဆီးမှုများ ပြုလုပ်နိုင်ရေးအတွက် ဥပဒေများ ပြဋ္ဌာန်းထားရှိပြီးဖြစ်သည်။ အဓိကကျသော ဥပဒေပြဋ္ဌာန်းချက်များကို ကောက်နုတ်ဖော်ပြပါရစေ။

**ပြစ်မှုကျူးလွန်တတ်သူများအား ကြိုတင်ကာကွယ်တားဆီးခြင်း**

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲစခန်း သို့မဟုတ် ရဲဌာနတာဝန်ရှိ ရဲအရာရှိသည် အောက်ဖော်ပြပါ သူတို့ကို တရားသူကြီး၏အမိန့်မရရှိဘဲနှင့်လည်း ဖမ်းဆီးနိုင်သည်။ ဝရမ်းမပါဘဲနှင့်လည်း ဖမ်းဆီးနိုင်သည်-

(က) လုယက်လေ့ရှိသူ၊ အိမ်ဖောက်ထွင်းလေ့ရှိသူ၊ ခိုးဝှက်လေ့ရှိသူ၊ သတင်းကျော်စောလျက်ရှိနေသူ၊

(ခ) သူခိုး သို့မဟုတ် လုယက်သူ သို့မဟုတ် ဓားပြများကို ကာကွယ်စောင့်ရှောက်ပေးလေ့ရှိသူ၊ ၎င်းတို့ကို လက်သင့်ခံလေ့ရှိသူ သို့မဟုတ် ခိုးရာပါပစ္စည်းဖြစ်ကြောင်းသိလျက်နှင့် ခိုးရာပါပစ္စည်း လက်ခံလေ့ရှိသူ သို့မဟုတ် ၎င်းတို့ကို ဝှက်သိမ်းရာတွင်လည်းကောင်း၊ ထုခွဲရောင်းချရာတွင်လည်းကောင်း ကူညီလေ့ရှိသူ၊

(ဂ) လူခိုးမှု၊ သွေးဆောင်ဆွဲခေါ်မှု၊ လူပြန်ပေးဆွဲမှု၊ ခြောက်လှန့်တောင်းယူမှု၊ လိမ်လည်မှု၊ အကျိုးဖျက်ဆီးမှုများ ကျူးလွန်လေ့ရှိသူ၊ ထိုသို့ကျူးလွန်ရန် အားထုတ်လေ့ရှိသူ၊ ထိုသို့ကျူးလွန်ရာ၌ အားပေးကူညီလေ့ရှိသူ၊

(ဃ) မီးရထားလမ်းများ၊ လမ်းများ၊ တံတားများကို ဖျက်ဆီးဖောက်ခွဲလေ့ရှိသူ၊ ဖျက်ဆီးဖောက်ခွဲရာတွင် ကူညီလေ့ရှိသူ၊

(င) လက်နက်ဥပဒေနှင့် ဆန့်ကျင်လျက် လက်နက်ခဲယမ်းမီးကျောက်များ လုပ်ဆောင်လေ့ရှိသူ၊ လက်နက်ခဲယမ်းမီးကျောက်များကို စုဆောင်းလေ့ရှိသူ သို့မဟုတ် ရောင်းဝယ်ဖောက်ကားလေ့ရှိသူ၊

(စ) ငြိမ်ဝပ်ပိပြားမှု ပျက်ပြားစေရေး ဖြစ်ပေါ်စေသည့် ပြစ်မှုကို ကျူးလွန်လေ့ရှိသူ၊ ထိုသို့ကျူးလွန်ရန် အားထုတ်လေ့ရှိသူ၊ ထိုသို့ ကျူးလွန်ရာ၌ အားပေးကူညီလေ့ရှိသူ။

ထိုသို့ဖမ်းဆီးထားသူများကို သက်ဆိုင်ရာရဲအရာရှိသည် ၂၄ နာရီထက် ပိုမိုချုပ်နှောင်ထားခွင့်မရှိပါ။ တရားသူကြီး၏ ချုပ်မိန့်ရမန်ရယူပြီး ၂၄ နာရီထက် ကျော်လွန်၍ ၁၅ ရက်ထက် မပိုသောကာလအပိုင်းအခြားအတွက် ချုပ်နှောင်ထားခွင့်ရှိသည်။ ချုပ်နှောင်ထားပိုင်ခွင့်ရသည့်ရက် ကုန်ဆုံးသည်နှင့် ထိုသူအား အရေးယူရန် တရားသူကြီးထံ အစီရင်ခံစာနှင့်တကွ တင်ပို့ရသည်။

စီရင်ပိုင်ခွင့်အာဏာရှိ တရားသူကြီးသည် ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ လိုအပ်သည်များကို ဆောင်ရွက်ပြီးနောက် ထိုသူအားခြေချုပ်ဖြင့်သော်လည်းကောင်း၊ ခံဝန်ချုပ်ဖြင့်သော်လည်းကောင်း မထားရှိဘဲ လွတ်လပ်စွာနေထိုင်ခွင့်ပြုလျှင် ရပ်ရွာနေလူတစ်စုအား ဘေးဖြစ်စေလောက်အောင် အန္တရာယ်ပြုမည်ဟု စိုးရိမ်ရသူဖြစ်ကြောင်း၊ သို့မဟုတ် ထိုကဲ့သို့ လွတ်လပ်စွာနေထိုင်ခွင့်ပြုလျှင် တစ်နည်းနည်းဆိုးသွမ်းရမ်းကားမည်ဟု ရပ်ရွာနေလူတစ်စုက ထိတ်လန့်ကြောက်ရွံ့နေရသူဖြစ်ကြောင်း သက်သေခံချက်များအရ ထင်ရှားတွေ့ရှိရလျှင် ထိုသူကို အမိန့်တွင်သတ်မှတ်ထားသော နယ်မြေအတွင်း၌သာ သွားလာနေထိုင်ရမည်ဟု ခြေချုပ်အမိန့်ချမှတ်နိုင်သည်။ သို့မဟုတ် ခံဝန်အမိန့်ဖြင့် ကောင်းစွာကျင့်ကြံနေထိုင်ရန် အနည်းဆုံးခံဝန်သူ နှစ်ယောက်နှင့် ခံဝန်ချုပ်ဆိုစေသည့် အမိန့်ချမှတ်နိုင်သည်။

(ပြဋ္ဌာန်းချက် အပြည့်အစုံကို ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့် ခံဝန် အက်ဥပဒေကို ကြည့်ပါ။)

**အခြားအမှုများတွင် ငြိမ်ဝပ်စွာနေထိုင်ရန် အာမခံတောင်းခံခြင်း**

စီရင်ပိုင်ခွင့်အာဏာရှိ တရားသူကြီးက တစ်စုံတစ်ယောက်သောသူသည် ငြိမ်ဝပ်ပိပြားရေးနှင့် တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်ရန် အလားအလာရှိကြောင်း သို့မဟုတ် နှောင့်ယှက်ရန် အကြောင်းရှိသော မတရားပြုလုပ်မှုကို ပြုလုပ်ရန်အလားအလာရှိကြောင်း သတင်းရလျှင် တရားသူကြီးသည် မိမိသင့်သည်ထင်မြင်သည့် တစ်နှစ်ထက်မပိုသောကာလအပိုင်းအခြားအတွင်း ထိုသူကို ငြိမ်ဝပ်စွာ နေထိုင်ရန်အာမခံသူများပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ခံဝန်ချုပ် ချုပ်ဆိုစေသည့် အမိန့်ချမှတ်နိုင်သည်။ (ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၀၇)

**အစိုးရကို အကြည်ညိုပျက်အောင် လှုံ့ဆော်သူ**

စီရင်ပိုင်ခွင့်အာဏာရှိ တရားသူကြီးသည် အစိုးရကို အကြည်ညိုပျက်စေမည့် အကြောင်းအရာ တစ်နည်းဆိုရလျှင် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၁၂၄ (က)၊ (ခ) သို့မဟုတ် ပုဒ်မ ၁၅၃ (က) အရ ပြစ်ဒဏ်ထိုက်သင့်သော အကြောင်းတစ်စုံတစ်ရာကို နှုတ်အားဖြင့်သော်လည်းကောင်း၊ ရေးသားခြင်းဖြင့်သော်လည်းကောင်း၊ အခြားနည်းတစ်နည်းနည်းဖြင့်သော်လည်းကောင်း တမင်လှုံ့ဆော်သူ၊ လှုံ့ဆော်ရန် ကြိုးစားအားထုတ်သူ၊ လှုံ့ဆော်ရန်တစ်နည်းနည်းဖြင့် အားပေးကူညီသူတစ်ဦးမှာ မိမိစီရင်ပိုင်ခွင့် နယ်မြေအတွင်း ရောက်ရှိနေကြောင်း သတင်းရရှိသည့်အခါ ထိုတရားသူကြီးသည် သင့်သည်ထင်မြင်သည့် တစ်နှစ်ထက်မပိုသောကာလအပိုင်းအခြားတွင် ကောင်းမွန်စွာကျင့်ကြံနေထိုင်ရန်အတွက် အာမခံသူများပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ခံဝန်ချုပ် ချုပ်ဆိုစေသည့် အမိန့်ချမှတ်နိုင်သည်။ (ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၀၈)

**အတည်တကျမရှိသူနှင့် မသင်္ကာဖွယ်ရာရှိသူ**

စီရင်ပိုင်ခွင့်အာဏာရတရားသူကြီးသည် တစ်စုံတစ်ယောက်သောသူမှာ မိမိ၏စီရင်ပိုင်ခွင့် အာဏာနယ်မြေအတွင်း၌ လျှို့ဝှက်ဖုံးကွယ်စွာရောက်ရှိနေကြောင်းနှင့် ထိုသူကထိုသို့နေခြင်းမှာ ပြစ်မှုတစ်စုံတစ်ရာကို ကျူးလွန်ရန်ဖြစ်သည်ဟု ယုံကြည်ရန် အကြောင်းရှိနေသောအခါ သို့မဟုတ် အဆိုပါနယ်မြေအတွင်း၌ အသက်မွေးဝမ်းကျောင်း အထင်အရှားမရှိသူ သို့မဟုတ် မိမိအကြောင်းကို ကျေနပ်လောက်အောင် ပြောမပြနိုင်သူ တစ်စုံတစ်ဦး ရောက်ရှိနေကြောင်း သတင်းရရှိသည့်အခါ တရားသူကြီးက မိမိထင်မြင်သည့် တစ်နှစ်ထက်မပိုသောကာလအပိုင်းအခြားအတွင်း ကောင်းမွန်စွာ ကျင့်ကြံနေထိုင်ရန် အာမခံသူများဖြင့် ခံဝန်ချုပ် ချုပ်ဆိုစေသည့် အမိန့်ချမှတ်နိုင်သည်။ (ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၀၉)

**ပြစ်မှုကျူးလွန်တတ်လေ့ရှိသူ**

စီရင်ပိုင်ခွင့်အာဏာရ တရားသူကြီးသည် မိမိ၏စီရင်ပိုင်ခွင့် အာဏာနယ်မြေအတွင်းရှိ တစ်စုံတစ်ယောက်သောသူမှာ-

(က) အမြဲလုယက်တတ်သူ၊ အိမ်ဖောက်ထွင်းတတ်သူ၊ ခိုးတတ်သူ၊ လိမ်လည်အတုပြုတတ်သူ၊

(ခ) ခိုးရာပါပစ္စည်းဖြစ်ကြောင်းသိလျက်နှင့် ယင်းပစ္စည်းမျိုးကို အမြဲလက်ခံတတ်သူ၊

(ဂ) သူခိုးများကို အကာအကွယ်ပေးတတ်သူ၊ လက်ခံတတ်သူ သို့မဟုတ် ခိုးရာပါပစ္စည်းကို ကွယ်ဝှက်ပေးခြင်း၊ ထုခွဲပေးခြင်းဖြင့် အမြဲကူညီတတ်သူ၊

(ဃ) လူခိုးမှု၊ သွေးဆောင်ဆွဲခေါ်မှု၊ ခြောက်လှန့်တောင်းယူမှု၊ လိမ်လည်မှု၊ အကျိုးဖျက်ဆီးမှု သို့မဟုတ် ရာဇသတ်ကြီးဥပဒေ အခန်း ၁၂ အရ ပြစ်ဒဏ်ထိုက်သင့်သော ပြစ်မှုတစ်စုံတစ်ရာ သို့မဟုတ် ထိုဥပဒေပုဒ်မ ၄၈၉ (က)၊ (ခ)၊ (ဂ) သို့မဟုတ် (ဃ) တို့အား အမြဲကျူးလွန်တတ်သူ၊ ကျူးလွန်ရန် အမြဲအားထုတ်တတ်သူ၊ အမြဲအားပေးကူညီသူ၊

(င) ငြိမ်ဝပ်ပိပြားမှုနှင့် အကျုံးဝင်သော ပြစ်မှုများကို အမြဲကျူးလွန်တတ်သူ၊ ကျူးလွန်ရန် အမြဲအားထုတ်တတ်သူ၊ အမြဲကူညီတတ်သူ သို့မဟုတ်

(စ) အာမခံနှင့်မထားဘဲလွှတ်ထားလျှင် အများပြည်သူအား ဘေးဖြစ်လောက်အောင် လွန်စွာဆိုးသွမ်းရမ်းကားမည်ဟု စိုးရိမ်ရသူဖြစ်ကြောင်း သတင်းရရှိသည့်အခါ တရားသူကြီးက မိမိသင့်သည်ထင်မြင်သည့် ကာလအပိုင်းအခြားအတွက် ကောင်းမွန်စွာကျင့်ကြံနေထိုင်ရန် ခံဝန်သူများဖြင့် ခံဝန်ချုပ် ချုပ်ဆိုစေရန် အမိန့်ချမှတ်နိုင်သည်။ (ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၁၀)

ယခုဖော်ပြခဲ့သော ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၁၀၇၊ ၁၀၈၊ ၁၀၉၊ ၁၁၀ တို့နှင့် စပ်လျဉ်း၍ မည်သို့ဆောင်ရွက်ရမည်ဆိုသော ပြဋ္ဌာန်းချက်အပြည့်အစုံကို ယင်းဥပဒေအခန်း (၈) တွင် ကြည့်ရှုလေ့လာနိုင်သည်။

**ဓားပြဂိုဏ်း၊ သူခိုးဂိုဏ်း၊ လူဆိုးဂိုဏ်း၌ ပါဝင်သူ**

ဓားပြမှုကို အမြဲတစေ ကျူးလွန်ရန်အလို့ငှာ ဖွဲ့စည်းထားသော ဂိုဏ်းတစ်ခုခု၌ ပါဝင်သူဖြစ်လျှင် ပြစ်မှုကျူးလွန်ခြင်းမပြုသေးသော်လည်း ထိုသူများကို ရာဇသတ်ပုဒ်မ ၄၀၀ အရ အရေးယူ တရားစွဲဆိုနိုင်သည်။ ပြစ်မှုထင်ရှားတွေ့ရှိက အနှစ် ၂၀ ထောင်ဒဏ်ဖြစ်စေ၊ အလုပ်ကြမ်းနှင့် ၁၀ နှစ်ထိ ထောင်ဒဏ်ဖြစ်စေချမှတ်ခြင်းခံရမည်။

လူသတ်ဓားပြဂိုဏ်း သို့မဟုတ် ဓားပြဂိုဏ်းမဟုတ်သည့် ခိုးမှုကို သို့မဟုတ် လုယက်မှုကို အမြဲတစေကျူးလွန်ရန်အလို့ငှာ ဖွဲ့စည်းထားသည့်လှည့်ပတ်သွားလာနေသော လူဆိုးဂိုဏ်း၌လည်းကောင်း၊ အခြားလူဆိုးဂိုဏ်း၌လည်းကောင်း ပါဝင်သူဖြစ်လျှင် ထိုသူများကို ပြစ်မှုကျူးလွန်ခြင်း မပြုသေးသော်လည်း ရာဇသတ်ပုဒ်မ ၄၀၁ အရ အရေးယူတရားစွဲဆိုနိုင်သည်။ ပြစ်မှုထင်ရှားတွေ့ရှိက အလုပ်ကြမ်းနှင့် ခုနစ်နှစ်ထိ ချမှတ်ခြင်းခံရမည်။

**ဘာကြောင့်ကြိုတင်ကာကွယ်တားဆီးမှု လျော့နည်းနေရသနည်း**

ပြစ်မှုများ မဖြစ်ပွားရအောင် ကြိုတင်ကာကွယ်တားဆီးမှု ပြုလုပ်သင့်သူများ၊ ကြိုတင်ကာကွယ်တားဆီးအရေးယူမှု ပြုလုပ်သင့်သူများကို ဥပဒေတွင် ပြဋ္ဌာန်းထားချက်များမှ ကောက်နုတ်ဖော်ပြလိုက်ပါပြီ။ ထိုသူတွေသည် အမှန်တကယ်ကြိုတင်ကာကွယ်တားဆီးမှု ပြုလုပ်ထိုက်သူများ ဟုတ်-မဟုတ်။ ကြိုတင်ကာကွယ်တားဆီးအရေးယူမှုပြုထိုက်သူများ ဟုတ်-မဟုတ် ဆန်းစစ်ကြည့်ပါ။ စောကြောကြည့်ပါ။ ကြိုတင်ကာကွယ်တားဆီးမှု ပြုလုပ်ထိုက်သူများဖြစ်သည်ဆိုလျှင် သို့မဟုတ် ကြိုတင်ကာကွယ်တားဆီးအရေးယူမှု ပြုထိုက်သူများဖြစ်သည်ဟုဆိုလျှင် အရေးယူရမည့်ဥပဒေတွေ ပြဋ္ဌာန်းပြီးဖြစ်ပါလျက် ဘာကြောင့် အရေးယူဆောင်ရွက်မှု အားနည်းနေရပါသနည်း။ ထိုသို့သော သူတွေ မြန်မာလူ့ဘောင်အဖွဲ့အစည်းထဲ၌ မရှိဘဲဖြစ်နေလို့လား။ ဒါမှမဟုတ်ရှိနေသည်ကို စုံစမ်းရှာဖွေဖော်ထုတ်မရဘဲဖြစ်နေလို့လား။

**တရားဥပဒေစိုးမိုးရေးဆောင်ရွက်ခြင်းသည် လူ့အခွင့်အရေးချိုးဖောက်ခြင်းမဟုတ်ပါ**

တရားဥပဒေစိုးမိုးရေးရရှိစေဖို့ ထိထိရောက်ရောက်ကြိုးပမ်းဆောင်ရွက်ခြင်းသည် လူ့အခွင့်အရေးကို ချိုးဖောက်ရာ မရောက်ဟုဆိုချင်ပါသည်။ ဖော်ပြခဲ့သည့် ထိုထိုသောသူများသည် ပြစ်မှုများကို ကျူးလွန်တော့မည့်သူများဖြစ်သည်။ လူ့ဘောင်အဖွဲ့အစည်း၏ တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားအောင် ပြုလုပ်တော့မည့်သူများဖြစ်သည်။

စာမျက်နှာ ၁၇ သို့

# အင်ဂျင်နီယာဌာန(ရေ/သန့်)မှ သောက်သုံးရေပြတ်လပ်မှု မရှိစေရေး ကြိုတင်စီမံဆောင်ရွက်

**သာကေတ မတ် ၂**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(ရေ/သန့်)မှ မတ်လ လဆန်းပိုင်း ပထမပတ်တွင် မြို့နယ်များအတွင်း ရေဖြန့်ဝေရာတွင် ရေအားနည်းမှုများ၊ ရေပြတ်လပ်မှုများ ဖြစ်ပေါ်နိုင်သဖြင့် မိဘပြည်သူများ သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ဆောင်ရွက်လျက်ရှိသည်။

သာကေတမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်သက်ထားနွယ်ဝင်းနှင့်အဖွဲ့၊ အင်ဂျင်နီယာဌာန(ရေ/သန့်) ဌာနမှူးဦးမြင့်ဦး၊ တောင်ပိုင်းခရိုင် ခရိုင်မှူး ဦးသန့်ဇင်ဦး၊ သာကေတမြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူး ဦးမောင်မောင်သန်း၊ သာကေတမြို့နယ်ရေသန့်တာဝန်ခံ ဒေါ်တင်ဇာထွန်းနှင့် တာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၂၈ ရက် နံနက်က သာကေတနှင့် ဒေါပုံမြို့နယ်များသို့ ရေပေးဝေလျက်ရှိသည့် သုဝဏ္ဏလမ်းဆုံ ရွှေအင်ကြင်းရေတွန်းစက်နှင့် ကျောက်တိုင်လမ်းဆုံရှိ ရေတွန်းစက်များအား သွားရောက်ကြည့်ရှုစစ်ဆေး၍ သောက်သုံးရေများသိုလှောင်စုဆောင်းထားနိုင်မှုအခြေအနေများနှင့် သောက်သုံးရေပြတ်လပ်မှုဖြစ်ပေါ်သည့်အချိန်တွင် မိဘပြည်သူများ အခက်အခဲမရှိစေရေးအတွက်



ဌာနမှ ရေသယ်ယာဉ်များအပြင် ပုဂ္ဂလိက ရေသယ်ယာဉ်များ၊ ပရဟိတအဖွဲ့များကိုလည်း ဝိုင်းဝန်းကူညီကြစေလိုကြောင်း ဌာနမှူးမှ ပြောသည်။

"ဌာနမှူးရဲ့စီမံမှုနဲ့ သောက်သုံးရေပြတ်လပ်မှုဖြစ်ပေါ်တဲ့အချိန်မှာ မိဘပြည်သူတွေ အခက်အခဲမရှိစေရေး ရေသယ်ယာဉ်တွေနဲ့ လိုအပ်တဲ့နေရာတွေကို ရေဖြန့်ဝေပေးသွားမှာပါ။ နောက်ပြီး သောက်သုံးရေ အလွယ်တကူ ရရှိစေဖို့အတွက် ရွှေအင်ကြင်းရေတွန်းစက် (သုဝဏ္ဏလမ်းဆုံ)၊ ကျောက်တိုင်လမ်းဆုံ၊ အပိုင်းထိပ် သာ/၁၅ ရေစက်၊ သံလျင်ချဉ်းကပ်လမ်း သာ/၁၄ ရေတွန်းစက်နှင့် ရှုခင်းသာရေတွန်းစက်တို့မှာ သောက်သုံးရေများ ဖြန့်ဝေပေးသွားမှာဖြစ်ပါတယ်" ဟု မြို့နယ်ရေသန့်တာဝန်ခံ ဒေါ်တင်ဇာထွန်းက ပြောသည်။ **မောင်မောင်**

# တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသားများ စိတ်အေးချမ်းမြေ့စွာဖြေဆိုနိုင်စေရေး သက်ဆိုင်ရာဌာနများမှ ကူညီပံ့ပိုးသွားမည်

**ဝါးခယ်မ မတ် ၂**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်အတွင်းရှိ တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းမြေ့စွာ ဖြေဆိုနိုင်ရေးအတွက် သက်ဆိုင်ရာဌာနဆိုင်ရာများက ကူညီပံ့ပိုး ဆောင်ရွက်သွားမည်ဖြစ်ရာ ဖေဖော်ဝါရီ ၂၈ ရက် ညနေ ၅ နာရီတွင် တာဝန်ရှိသူများက တွေ့ဆုံညှိနှိုင်းခဲ့ကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ဝါးခယ်မမြို့နယ် ပညာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်အောင်ဖြိုး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ လျှပ်စစ်အင်ဂျင်နီယာ၊ မြို့နယ်ဆရာဝန်ကြီး၊ မြို့နယ်ပညာရေးမှူး၊ စာစစ်ဌာနအသီးသီးမှ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများတွေ့ဆုံကာ တက္ကသိုလ်ဝင်တန်း စာမေးပွဲကာလအတွင်း ရပ်ဝေးခရီးမှ ကျောင်းသား၊ ကျောင်းသူများ၏ တည်းခိုနေထိုင်မည့် နေရာများ၊ စားသောက်ရေး၊ ကျန်းမာရေး၊ လုံခြုံရေး၊ မီးဘေးအန္တရာယ်၊ စာစစ်ဌာနများသို့ သွားလာရေးတို့နှင့် ပတ်သက်၍ ဆောင်ရွက်သွားမည့် လုပ်ငန်းများအား တွေ့ဆုံညှိနှိုင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဝါးခယ်မမြို့နယ်အနေဖြင့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် စာစစ်ဌာန ၁၀ ခု ထားရှိကြောင်း၊ အခြေခံပညာ အထက်တန်းကျောင်း ၁၃ ကျောင်း၊ အထက်တန်းကျောင်း (ခွဲ) ခြောက် ကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၃၃၀၆ ဦးနှင့် ပြင်ပမှ ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူ ၁၂၄၇ ဦး စာရင်းပေးသွင်း ဖြေဆိုသွားမည်ဖြစ်ကြောင်း၊ ရပ်ဝေးခရီးမှ ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများ နေထိုင်ရေး၊ စားသောက်ရေးအတွက် မြို့နယ်ပညာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးမှ တည်းခိုမည့် ကျောင်းသား၊ ကျောင်းသူ ၁၀၀ နှင့်အထက် ကျောင်းသုံးကျောင်းအား ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ကျောင်းသား၊ ကျောင်းသူ ၁၀၀ နှင့်အောက် ကျောင်းခုနစ်ကျောင်းအား ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့်လည်းကောင်း ကူညီပံ့ပိုး ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ **လွှမ်းသီဟ (ဝါးခယ်မ)**



**မန္တလေးခရိုင် အောင်မြေသာစံမြို့နယ်နှင့် ချမ်းအေးသာစံမြို့နယ်အတွင်း ဓာတ်အားလိုင်းအပြစ်ဖြစ်ပွားမှုလျော့နည်းပြီး ပြည်သူများဓာတ်အားပိုမိုသုံးစွဲနိုင်ရန် 33 kv မရမ်းခြံဓာတ်အားလိုင်းတွင် တပ်ဆင်ထားသော နှစ်ထပ်ကြွေသီးများအား သုံးထပ်ကြွေသီးများဖြင့် လဲလှယ်ခြင်းကို မန္တလေးခရိုင်လျှပ်စစ်မန်နေဂျာ၊ ဒုခရိုင်လျှပ်စစ်မန်နေဂျာတို့ ဦးစီး၍ အင်အား ၆၀ ဖြင့် ဖေဖော်ဝါရီ ၂၈ ရက်က ဆောင်ရွက်ကြစဉ်။** တင်မောင်(မန်းကိုပွား)

# ၄၀၀ ဗို့အားဓာတ်အားလိုင်းမှ သစ်သားဓာတ်တိုင်များအား ကွန်ကရစ်ဓာတ်တိုင်များဖြင့် အစားထိုးလဲလှယ်

**မြောင်းမြ မတ် ၂**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ ကံ့ကော်မြိုင်ရပ်ကွက် ကံ့ကော်လမ်းမကြီးတွင် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းဌာနမှ ၄၀၀ ဗို့အား ဓာတ်အားလိုင်းတွင် စိုက်ထူထားသော သစ်သားဓာတ်တိုင်များမှာ နှစ်ကာလကြာမြင့်စွာ အသုံးပြုထားသဖြင့် ဟောင်းနွမ်းဆွေးမြည့်နေသောကြောင့် ၎င်းဓာတ်တိုင်များအစား ကိုးမီတာ ကွန်ကရစ်တိုင် သံလက်တန်းများဖြင့် အစားထိုးလဲလှယ်ခြင်း လုပ်ငန်းကို ဖေဖော်ဝါရီ ၂၇ ရက်က ပြုလုပ်ရာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်သန်း ဦးဆောင်ကြီးကြပ်မှုဖြင့် လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်း များက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇော်မင်းသွင်(မြောင်းမြ)**



ကညနလုပ်ငန်းလိုင်စင်ဌာန၊ ခရိုင်၊ မြို့နယ်ယာဉ်လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီတို့ ပူးပေါင်းပါဝင်သော စစ်ဆေးရေးအဖွဲ့သည် ဖေဖော်ဝါရီ ၂၈ ရက်က ပဲခူးမြို့ယာဉ်ဝင်းသစ်အတွင်း ယာဉ်များစစ်ဆေးရာတွင် ဝှီးတက်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်လိုင်စင်၊ ခါးပတ်၊ မှန်ခွဲတူ၊ မီးသတ်ဆေးဘူး၊ အရေးပေါ်ထွက်ပေါက် ရှိ - မရှိနှင့် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ အရက်သေစာသောက်စားမှုရှိ - မရှိကို တိုင်းသောကိရိယာများဖြင့် စစ်ဆေးခဲ့ကြောင်း သိရသည်။ သတင်းနှင့်ဓာတ်ပုံ - ၆၉၉

## တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေး

စာမျက်နှာ ၁၆ မှ

နိုင်ငံသားများ၏ အသက်ရှင်နေထိုင်မှု၊ နေအိမ် ဥပစာလုံခြုံမှု၊ ပစ္စည်းလုံခြုံမှုတို့ကို တစ်နည်းနည်းဖြင့် ထိခိုက်ကျူးလွန်တော့မည့်သူများဖြစ်သည်။ တစ်နည်းအားဖြင့် လူ့အခွင့်အရေးတို့ကို ထိပါးအောင်၊ ထိခိုက်အောင် နှောင့်ယှက်ကျူးလွန်ကြတော့မည့်သူများသာဖြစ်သည်။ ထိုထိုသော သူများကို စုံစမ်းရှာဖွေ ဖော်ထုတ်ဖို့ လိုသည်။ ပြဋ္ဌာန်းဥပဒေများနှင့် ကြိုတင်၍ ကာကွယ်တားဆီးမှုများ၊ အရေးယူမှုများပြုလုပ်ကြရမည်။ ထိုထိုသောသူများ ရှိနေပါလျက် ကြိုတင်၍ ကာကွယ်တားဆီးမှုပြုလုပ်ခြင်း မရှိသေးသမျှ တရားဥပဒေစိုးမိုးရေး မည်သို့ပင်ဆောင်ရွက်နေစေကာမူ တရားဥပဒေစိုးမိုးရေးပန်းတိုင်သို့ ရောက်ဖို့ အလှမ်းကွာဝေးနေပါလိမ့်မည်။

တစ်ခုတော့သတိထားမိသည်။ ကြိုတင်ကာကွယ်တားဆီးမှုပြုရမည့် ထိုထိုသောသူများဟုဆိုရာတွင် အမှန်တကယ် ထိုထိုသောသူများဖြစ်ဖို့ အရေးကြီးသည်။ ထိုထိုသောသူဖြစ်သည်ဆိုကြောင်း သက်သေခံချက် အခိုင်အမာရှိရမည်။ သက်သေခံချက် ခိုင်ခိုင်မာမာမရှိဘဲ ကိုယ်နှင့်သဘောမတွေ့လျှင် မတွေ့သလို ထိုထိုသောသူများအဖြစ် သတ်မှတ်ပြီး ဥပဒေကို လိုသလိုဆွဲကာ အရေးယူဆောင်ရွက်ကြမည်ဆိုလျှင်တော့ တရားဥပဒေစိုးမိုးရေးဟု အကြောင်းပြလျက် တရားမဲ့အရေးယူဆောင်ရွက်သူများသည် လူ့အခွင့်အရေးချိုးဖောက်သူများ ဧကန်စင်စစ်ဖြစ်ကြပေလိမ့်မည်။

အနှစ်ချုပ်ဆိုရလျှင် တရားဥပဒေစိုးမိုးဖို့အတွက် ကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ ထိထိရောက်ရောက် မှန်မှန်ကန်ကန်ဆောင်ရွက်ခြင်းသည် လူ့အခွင့်အရေး ချိုးဖောက်သည်ဟု မဆိုနိုင်ပါ။ လူ့အခွင့်အရေးကို ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ခြင်းသာဖြစ်သည်။ လူအများ၏ လွတ်လပ်မှုနှင့်လုံခြုံရေး၊ အခြေခံလူ့အခွင့်အရေးကို ထိခိုက်အောင် ပြုလုပ်တော့မည့်သူများ၏ ဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်တားဆီးခြင်းသာဖြစ်သည်။ လူ့အခွင့်အရေးမရထိုက်သူများအပေါ် လူ့အခွင့်အရေးစံနှုန်းများကို ဖောင်းပေးလွန်းပြီး အစွန်းတစ်ဖက်ရောက်သွားမည်ဆိုပါက တရားဥပဒေစိုးမိုးရေး ဆောင်ရွက်မှုလုပ်ငန်းတွင် အတားအဆီး၊ အနှောင့်အယှက်၊ အထစ်အငေါ့၊ စိန်ခေါ်မှုများနှင့် တွေ့ရမည်သာ။

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင် ဥက္ကဋ္ဌ သူရဦးရွှေမန်းက အစည်းအဝေးတစ်ခုတွင် "တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်ကြရာ၌ အသီးသီးတာဝန်ရှိကြသည်နှင့်အညီ မိမိ၏တာဝန်ကို မိမိကျေပွန်အောင် ဆောင်ရွက်ဖို့လိုသည်။ ဆောင်ရွက်တတ်ရမည်။ ဆောင်ရွက်ရဲရမည်။ ဆောင်ရွက်သမျှသည် ဥပဒေနှင့်အညီဖြစ်ရမည်။ တရားဥပဒေ စိုးမိုးရေးအတွက်ဖြစ်ရမည်။ လူ့အခွင့်အရေးအတွက် အကာအကွယ် အစောင့်အရှောက်ပေးဖို့ဖြစ်ရမည်။ လူ့ဘောင်အဖွဲ့အစည်း၏ တည်ငြိမ်အေးချမ်းစေဖို့၊ သာယာဝပြောဖို့အတွက် ဖြစ်ရမည်။

တရားဥပဒေစိုးမိုးရေးအတွက် ဥပဒေနှင့်အညီ မိမိ၏တာဝန်ကို မိမိကျေပွန်စွာ ဆောင်ရွက်တတ်ခြင်း၊ ဆောင်ရွက်ရဲခြင်းသည် တကယ့်သတ္တိ အစစ်အမှန်တစ်မျိုးသာဖြစ်ပေလိမ့်မည်ဟူ၍ မိန့်ကြားသည်ကိုမှတ်သားရသည်။

လူမှုကွန်ရက်စာမျက်နှာပါ ဖော်ပြချက်အချို့ကို ကောက်နုတ်ကိုးကား၍ နိဂုံးချုပ်ဆိုပါရစေ။ ပြည်သူအများ ဘဝလုံခြုံရေးအတွက် တရားဥပဒေစိုးမိုးမှုရှိရမည်။ တရားဥပဒေစိုးမိုးရေးအတွက် အစိုးရဌာန၊ အဖွဲ့အစည်းများက တာဝန်ယူ၊ တာဝန်ခံဆောင်ရွက်ကြရမည်။ မင်းမဲ့စရိုက်များ၊ ခိုးဆိုးလုယက်အကြမ်းဖက်မှုများကို အဆင့်ဆင့်သော အုပ်ချုပ်ရေးအဖွဲ့၊ လုံခြုံရေးအဖွဲ့၊ တရားစွဲအဖွဲ့များက ကြိုတင်ကာကွယ်စစ်ဆေးဖော်ထုတ် အရေးယူမှုများကို ဦးစီးဆောင်ရွက်ကြရမည်။ တာဝန်ရှောင်၊ တာဝန်မဲ့မှုများကို သတိပြုပြီး တာဝန်ရှိအဖွဲ့အစည်းများ၏ မှန်ကန်သော ဆောင်ရွက်မှုတွင် ပြည်သူများပါဝင်ရန် အသင့်ရှိကြပါသည်။ ပြည်သူ့ဘက်က ပြည်သူ့တာဝန် ကျေပွန်ကြပါမည်။

တရားဥပဒေစိုးမိုးမှုဖြင့် အမျိုးသားပြန်လည်သင့်မြတ်ပါစေ။ ပြည်သူများငြိမ်းချမ်းလုံခြုံကြပါစေ။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ပါစေ။




# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## လင်းလက်အစွမ်းထက် သဘာဝကျောက်မျက်များ




အလှအပများနှင့် စွဲမက်စရာများကို ရေးသားလေ့ရှိသည့် စန္ဒီ (Artist) ၏ "လင်းလက်အစွမ်းထက် သဘာဝကျောက်မျက်များ" စာအုပ်ထွက်ရှိလာသည်။


စာအုပ်တွင် အဖိုးထိုက်ရတနာ အမျိုးပေါင်းများစွာတို့၏ အကြောင်းအရာများပါဝင်ပြီး ကျောက်မျက်များနှင့် ပတ်သက်၍ ထွက်ရှိရာဒေသ၊ အရောင်အဆင်း၊ ဖွဲ့စည်းပုံ၊ ထူးခြားကောင်းမွန်ချက်၊ အားနည်းချက်၊ ဂုဏ်သတ္တိ၊ အသုံးဝင်ပုံ၊ သန့်စင်ခြင်း၊ အတုအစစ်ခွဲခြားနည်းစသည်ဖြင့် ရတနာမြတ်နိုးသူဝါသနာရှင်များအတွက် မှတ်သားလေ့လာစရာများ၊ လူတစ်ဦးတစ်ယောက်ချင်းစီအတွက် အကျိုးပေးအဆောင်အဖြစ် ဆောင်သင့်ဆောင်ထိုက်သော ရတနာအမျိုးအစားများကို အလွယ်တကူသိရှိနိုင်မည်ဖြစ်သည်။ အဖိုးထိုက်တန်သောရတနာများကို ထိထိမိမိ အသုံးချတတ်စေရန် ရည်ရွယ်ရေးသားထားခြင်းဖြစ်ပြီး ကျောက်မျက်ရတနာဝါသနာပါသူများရော အဆောင်အလှဆင်မြန်းသူများပါ မှတ်သားစရာများဖြစ်သည်။

"စာပေနန်းတော်" အမှတ် ၁၃၈ - ၁၄၀(ပထမထပ်)၊ ပန်းဆိုးတန်းလမ်းနှင့်မဟာဗန္ဓုလ လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း ၀၉၂၆၀၂၄၅၂၂၄ က တန်ဖိုးကျပ် ၉၀၀၀ ဖြင့်ဖြန့်ချိထားသည်။

## မူးယစ်ဆေးဝါးနှိမ်နင်းရေးသမား

စာရေးဆရာရဲကျော်မြင့် ရေးသားသည့် "ဖိလစ်ပိုင်နိုင်ငံသမ္မတ ရိုဒရီဂိုဒူတာတေး သို့မဟုတ် မူးယစ်ဆေးဝါးနှိမ်နင်းရေးသမား" စာအုပ်ထွက်ရှိလာသည်။

မျက်မှောက်ကာလ ကမ္ဘာတစ်ခွင်နာမည်ကျော်ကြားလာသော မူးယစ်ဆေးဝါးများကို အမြစ်ပြတ်ချေမှုန်းရန် ကြိုးပမ်းနေသည့် ဖိလစ်ပိုင်သမ္မတ ဒူတာတေး၏အကြောင်းကို နေ့စဉ်ထုတ်သတင်းစာများတွင် ဖော်ပြခဲ့သော အကြောင်းအရာများကိုအခြေခံ၍ တင်ပြထားသည်။ ဖိလစ်ပိုင်နိုင်ငံ၏ နောက်ခံသမိုင်းကြောင်းနှင့် ဒူတာတေး မတိုင်မီက သမ္မတများအကြောင်းကိုပါ ဖော်ပြထားသည်။ ထို့အပြင် ၂၀၁၆ ခုနှစ် ဖိလစ်ပိုင်သမ္မတရွေးကောက်ပွဲမှ အစပြု၍ ဒူတာတေးသမ္မတအဖြစ်တာဝန်ထမ်းဆောင်နေစဉ်ကြုံတွေ့နေရသော မျက်မှောက်အခြေအနေ အကောင်းအဆိုး ဖြစ်စဉ်များကိုပါ ယှဉ်တွဲဖော်ပြထားရာ ထူးထူးခြားခြား ဒုစရိုက်မှုနှိမ်နင်းရေးဖြစ်စဉ်များ၊ သမ္မတတစ်ဦး၏ ထူးခြားသောစွမ်းဆောင်ချက်တို့ကို နိုင်ငံတကာအမြင်ဖြင့် ရှုမြင်သုံးသပ်နိုင်မည်ဖြစ်သည်။




အဆိုပါစာအုပ်ကို မဇ္ဈိမစာပေ၊ အမှတ်(၂၃၇)၊ (ပထမထပ် - ဝဲ)၊ ၃၉ လမ်း၊ အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၉၂၆၃၈၀၆၆၀၀ က တန်ဖိုးကျပ် ၁၅၀၀ ဖြင့်ဖြန့်ချိထားသည်။

## မြစ်ကိုဆန်နေပါမိတ်ဆွေ

စာရေးဆရာဆောင်းဝင်းလတ် ကိုယ်တိုင်ဖြတ်သန်းလာခဲ့ရသော ဘဝအတွေးများကို စုစည်းထားသည့် "မြစ်ကိုဆန်နေပါမိတ်ဆွေ" စာအုပ်ထွက်ရှိလာသည်။




အဆိုပါစာအုပ်တွင် အံ့အားသင့်စရာသတင်းစာသုံးစကားလုံးများ၊ ရုပ်လုံးပေါ်နိယာမ၊ တန်းညှိကြပြန်တော့ လွမ်းမိရအမှန်ပေါ့ အိုဖခင်၊ တော်ဝင်နှင်းဆီ သီရိကျက်သရေကြောက်စရာကောင်းသော ကောလာဟလ၊ ကျည်ဆန်နဲ့ လှံစွပ်တွေကြားက မှတ်မှတ်ရရ စာပေပွဲတစ်ပွဲ၊ တစ်လုတ်စားဖူး သူ့ကျေးဇူး အရှူးကလွဲရင် သိတတ်ရမယ်၊ နိုင်ငံရေး အရှုပ်ထုပ်ဇာတ်ကားထဲက ဗရုတ်သုတ်ခ ဇာတ်ကောင်များ၊ အသည်းဆယ်သက်နာ၊ ချင်းတွင်း မြစ်မင်းနဲ့ သံလွင် အသင်တို့ရှင်သန်မြဲမြဲ အားမာန်စူးရဲနိုင်ပါစေ၊ တိုင်းပြည်ရဲ့ အနုတ်လက္ခဏာပြ ကြော်ငြာသာဓကတစ်ခု၊ တိုင်းပြုပြည်ပြု အရိုင်းတွေ မစုစည်းမိဖို့၊ ပြည်သူလူထုဆိုတာ ခင်ဗျားတို့ရဲ့ ကစားစရာမဟုတ်ပါ၊ မြေပေါ်က လူကြမ်းတွေ၊ အရုပ်ဘဝနဲ့ဥက္ကဋ္ဌတော့ မလုပ်ပါရစေနဲ့၊ အနှစ်မရှိတဲ့တောမှာ ပြောစမှတ် သူ့အရုပ်နဲ့ သူ့ဇာတ်၊ ဘုရားပေါ် ဖိနပ်နဲ့တက်ကြသူများ စသည့် အတွေးအမြင်များပါဝင်သည်။

အဆိုပါစာအုပ်မှာ ဂျာနယ်မဂ္ဂဇင်းများတွင် ဆရာဆောင်းဝင်းလတ်ရေးသားခဲ့သည့် ဆောင်းပါးများကို ပြန်လည်စုစည်းထားပြီး တန်ဖိုးကျပ် ၂၀၀၀ ဖြင့်ထုတ်ဝေထားသည်။

## နေ့စဉ်သုံးအင်္ဂလိပ်–မြန်မာဝေါဟာရများ





နေမင်းရာဇာ အယ်ဒီတာအဖွဲ့က စုစည်းပြုစုထားသည့် "နေ့စဉ်သုံး အင်္ဂလိပ်-မြန်မာဝေါဟာများ" စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်သည် နေ့စဉ်လုပ်ငန်းခွင်အသီးသီးတွင် အလုပ်မအား၊ အချိန်မပေးနိုင်သော အင်္ဂလိပ်စာ လေ့လာသင်ယူနေသူများအတွက် အသုံးပြုရမည့်စာအုပ်ဖြစ်သည်။ သိလိုသော စကားလုံးများကို အဘိဓာန်တွင် အချိန်ပေးရှာဖွေနေရန်မလိုအပ်ဘဲ ဘာသာရပ်အလိုက်၊ အုပ်စုအလိုက်၊ မာတိကာအလိုက် ခေါင်းစဉ်များကိုကြည့်ပြီး မေ့လျော့နေသော ဝေါဟာရများ၊ မသိသေးသောစကားလုံးများ၊ မှတ်သားသင့်သော စာလုံးများ၊ နေ့စဉ်နေ့တိုင်း သုံးစွဲနေသော ဝေါဟာရများအား အလွယ်တကူသိရှိနိုင်မည်ဖြစ်သည်။ နိုင်ငံရေးဝေါဟာရများ၊ ကုန်သွယ်ရေး ဝေါဟာရများနှင့်ဘာသာရပ်ဆိုင်ရာ ဝေါဟာရများပါဝင်သည်။

အဆိုပါစာအုပ်ကို မဇ္ဈိမစာပေ၊ အမှတ်(၂၃၇)၊ (ပထမထပ် - ဝဲ)၊ ၃၉ လမ်း၊ အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁ - ၃၉၂၈၃၅ က တန်ဖိုးကျပ် ၃၀၀၀ ဖြင့်ဖြန့်ချိထားသည်။

## အင်းသားစကား အင်းသားဓလေ့



မောင်ရွှေနွယ်(အင်းလေး) ရေးသားသည့် အင်းလေးဒေသမှ "အင်းသားစကား၊ အင်းသားဓလေ့စာအုပ်ထွက်ရှိလာသည်။

တိုင်းရင်းသားလူမျိုးများအနက် အင်းလေးဒေသမှ လူမျိုးစုငယ်တစ်မျိုးဖြစ်သည့် အင်းသားတို့၏ ရိုးရာဓလေ့ကို စုစည်းဖော်ပြထားသည်။ အထူးသဖြင့် အင်းသားတို့၏ ဘာသာစကားများကို ပြည့်စုံစွာစုစည်းတင်ပြထားပြီး လူအမည်မှည့်ပုံနှင့် အမည်ခေါ်ပုံများမှအစ နေ့စဉ်သုံး အင်းသားစကားများ၊ ရေလုပ်ငန်းသုံးစကားများ၊ အင်းသားစကားများ၊ အင်းလေးရှေးဟောင်း တိုက်တေးများမှ အင်းသားစကားများ၊ ငါးဖမ်းလုပ်ငန်းသုံးဝေါဟာရများ၊ မှတ်သားဖွယ်ရာအင်းလေးဓလေ့၊ အင်းလေးမီးဆုဓလေ့၊ အင်းလေးရိုးရာ လှေပြိုင်ပွဲ၊ တောထွက်ခန်း၊ ရှင်လောင်းလှည့်ပွဲ၊ အင်းလေးကန်ရေခြံစိုက်ပျိုးခြင်းလုပ်ငန်းစသည်တို့ပါသည်။

အဆိုပါစာအုပ်ကို ဦးကျော်ကျော်ဝေ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့က ထုတ်ဝေပြီး အင်းသားလူမှုရေးအသင်း(တောင်ကြီး)မှ တန်ဖိုးကျပ် ၁၅၀၀ ဖြင့်ဖြန့်ချိထားသည်။

## ၂၀၁၆ ခုနှစ် အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေကိုဘာသာပြန်ဆိုခြင်း


ဦးမောင်မောင်အုန်းမြိုင် ရေးသားပြုစုသည့် "၂၀၁၆ ခုနှစ်၊ အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေကို ဘာသာပြန်ဆိုခြင်း "အင်္ဂလိပ်-မြန်မာ" စာအုပ်ထွက်ရှိလာသည်။

ဤစာအုပ်တွင် မြန်မာဘာသာစကားဖြင့် ပြဋ္ဌာန်းထားသော ၂၀၁၆ ခုနှစ် အနုညာတစီရင်ဆုံးဖြတ်ခြင်း ဥပဒေကို ကိုးကားစာအုပ်များဖြင့် သေချာစွာလေ့လာဖတ်ရှုပြီးမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုရေးသားထားခြင်းဖြစ်သည်။ မြန်မာနိုင်ငံရှိ မြန်မာနိုင်ငံသားကုမ္ပဏီများ၊ နိုင်ငံခြားသားကုမ္ပဏီများ၊ ဥပဒေပညာကို လေ့လာသင်ယူလျက်ရှိသော ပုဂ္ဂိုလ်များနှင့်ကျောင်းသား၊ ကျောင်းသူများ အလွယ်တကူလေ့လာဖတ်ရှုနိုင်ရန် စီစဉ်ထားသည်။ အငြင်းပွားမှုဖြစ်ပွားလာလျှင် ဤစာအုပ်မှ ရရှိလာသောဥပဒေဗဟုသုတများဖြင့် တရားဥပဒေဘောင်အတွင်းမှ ရင်ဆိုင်ဖြေရှင်းရာတွင် အထောက်အကူပြုနိုင်သည်။ မူရင်းပြဋ္ဌာန်းချက်များနှင့်ဥပဒေဝေါဟာရများလည်း ပါဝင်သည်။




